“နေအိမ်ပြုလုပ်ခြင်း - ရပ်ရွာလူမှုအသိုင်းအဝိုင်း တည်ဆောက်ခြင်း ”

ရှမ်းပြည်နယ် (မြောက်ပိုင်း) နှင့် ကချင် ပြည်နယ်များအတွက်
ရပ်ရွာလူမှုအသိုင်းအဝိုင်းမှဦးဆောင်သော ပြောင်းရွှေ့အခြေချနေထိုင်ခြင်း လက်စွဲစာစောင်

၂၀၂၀ အဆိုပြုပုံစံ

အသိအမှတ်ပြု ကျေးဇူးတင်လွှာ

ဤစာတမ်းကို Annika Grafweg (shelter & settlement consultant) (ယာယီခိုလှုံရာနေရာ နှင့် အခြေချနေထိုင်ခြင်းဆိုင်ရာ အကြံပေးပုဂ္ဂိုလ်) နှင့် Naw Din (Shelter & settlement, CRS Myanmar) နော်ဒင် (ယာယီခိုလှုံရာနေရာ နှင့် အခြေချနေထိုင်ခြင်း၊ ကက်သလစ် ကယ်ဆယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများ၊ မြန်မာ )၊ တို့မှရေးသားပြီး နည်းပညာ လမ်းညွှန်မှုနှင့် ညှိနှိုင်းဆောင်ရွက်မှုများကို Jamie Richardson (Technical Shelter & Settlement advisor (ယာယီခိုလှုံရာနေရာ နှင့် ပြောင်းရွှေ့အခြေချနေထိုင်ရာခြင်းဆိုင်ရာ နည်းပညာ အကြံပေးပုဂ္ဂိုလ်၊ ကက်သလစ် ကယ်ဆယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများ၊); KMSS Bhamo ကရုဏာ လူမှု စည်းလုံးညီညွတ်ရေး အသင်း ဗန်းမော်၊ ဦးကျော်မြတ်ထွင်း (Emergency program manager အရေးပေါ်အစီအစဉ်မန်နေဂျာ, CRS Myanmar ကက်သလစ် ကယ်ဆယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများ၊ မြန်မာ) တို့မှ ဦးဆောင် ပြုလုပ်ပေးခဲ့ကြသည်။ အောက်ဖော်ပြပါပုဂ္ဂိုလ်များကို အချက်အလက်များဖြည့်သွင်းပေးမှုများအတွက် ကျေးဇူးတင်ရှိအပ်ပါသည်။

Amy Anderson, CRS Protection Advisor အကာအကွယ်ပေးရေးအကြံပေးပုဂ္ဂိုလ်; Jennifer Lamb, CRS WASH Technical Advisor ရေ၊ မိလ္လာ နှင့် သန့်ရှင်းရေး နည်းပညာ အကြံပေးပုဂ္ဂိုလ်၊ ကက်သလစ် ကယ်ဆယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများ၊, Danny PAVITT, CRS Technical Advisor ကက်သလစ် ကယ်ဆယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများ နည်းပညာ အကြံပေးပုဂ္ဂိုလ် – Cash and Voucher Assistance ငွေသားနှင့် ဘောက်ချာ အကူအညီ ; George Forden, BRE (British Research Establishment) (ဗြိတိသျှ အဆောက်အအုံ တည်ဆောက်ခြင်းဆိုင်ရာ သုတေသန)

…xxxx.

ပုံနှိပ်ဒီဇိုင်း - Cristina Garcia Escobar

## Acronyms: အတိုကောက်များ

BoQ Bill of Quantities အသေးစိတ်ပစ္စည်းစာရင်း

BRE British Building Research Establishment ဗြိတိသျှ အဆောက်အအုံ တည်ထောင်ခြင်းဆိုင်ရာ သုတေသန

CBO Community-based Organization လူမှုအသိုင်းအဝိုင်းအခြေပြု အဖွဲ့အစည်း

CBNRM Community-based natural resource management လူမှုအသိုင်းအဝိုင်းအခြေပြု သဘာဝအရင်းအမြစ် စီမံအုပ်ချုပ်မှု

CCCM Global Camp Coordination and Camp Management ကမ္ဘာလုံးဆိုင်ရာ စခန်းချရေး ညှိနှိုင်းဆောင်ရွက်ခြင်း နှင့် စခန်းစီမံအုပ်ချုပ်မှု

CFM Community Feedback Mechanism ရပ်ရွာလူမှုအသိုင်းအဝိုင်း တုန့်ပြန်ချက် ယန္တယား

CHS Core Humanitarian Standards လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဓိက စံနှုန်းများ

CORDAID Catholic Organization for Relief and Development ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေး ဆိုင်ရာ ကက်သလစ် အဖွဲ့အစည်း

CRS Catholic Relief Services ကက်သလစ် ကယ်ဆယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများ

CVA Cash and voucher assistance ငွေသားနှင့် ဘောက်ချာစာရွက် အကူအညီ

DDM Department of Disaster Management ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန

DIP Detailed Implementation Plan အသေးစိတ် အကောင်အထည်ဖော်မှု စီမံကိန်း အစီအစဉ်

DRC Danish Refugee Council ဒိန်းမတ် ဒုက္ခသည်များဆိုင်ရာကောင်စီ

DRR Disaster Risk Reduction သဘာဝဘေးအန္တရာယ်လျော့ပါးရေး

DS Durable Solutions ကြာရှည်ခံသော ဖြေရှင်းနည်းများ

ERW Explosive Remnants of War စစ်ပွဲမှ ကြွင်းကျန်သည့် ပေါက်ကွဲစေတတ်သော ပစ္စည်း အစအနများ

FSP Financial Service Provider ဘဏ္ဍာရေး ဝန်ဆောင်မှု ပေးသော လုပ်ငန်း

GBV Gender-based violence ကျားမ ရေးရာအခြေပြု အကြမ်းဖက်မှု

HH Household အိမ်ထောင်စု

HLP House, Land, and Property နေအိမ်၊ မြေယာ နှင့် ပိုင်ဆိုင်ပစ္စည်း ဥစ္စာ

IASC Inter-Agency Standing Committee ဌာနတွင်း အမြဲတမ်းကော်မတီ

ICLA Information, counselling, and legal assistance သတင်းအချက်အလက်၊ နှစ်သိမ့်ဆွေးနွေးခြင်း နှင့် ဥပဒေရေးရာ အထောက်အကူပြုခြင်း

ICRC International Committee of the Red Cross အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ ကော်မတီ

IDP Internally Displaced Person ပြည်တွင်းနေရပ်စွန့်ခွာ ဒုက္ခသည်

KMSS Karuna Mission Social Solidarity ကရုဏာ လူမှု စည်းလုံးညီညွတ်ရေး အသင်း

MBRRR Market Based Rapid Response and Recovery ဈေးကွက်အခြေပြု အလျှင်အမြန် တုန့်ပြန်ရေး နှင့် ပြန်လည်ထူထောင်ရေး

MEB Minimum Expenditure Basket အနည်းဆုံး အသုံးစရိတ် လျာထားချက်

NGO Non-governmental organization အစိုးရမဟုတ်သော အဖွဲ့အစည်း

NRC Norwegian Refugee Council နော်ဝေ ဒုက္ခသည်များဆိုင်ရာ ကောင်စီ

PMEG Protection Mainstreaming Working Group အကာအကွယ်ပေးရေးကို ဆောင်ရွက်မှုတိုင်းတွင်ထည့်သွင်းစဉ်းစားခြင်းဆိုင်ရာ အလုပ်အဖွဲ့

PSEA Preventing Sexual Exploitation and Abuse လိင်အမြတ်ထုတ်မှု နှင့် လိင်ပိုင်းဆိုင်ရာ မဖွယ်မရာပြုမှုမှ ကာကွယ်တားဆီးခြင်း

QSAND Quantifying Sustainability in the Aftermath of Natural Disasters သဘာဝဘေးအန္တရာယ်အလွန် နောက်ဆက်တွဲ ရေရှည်တည်တံ့နိုင်စွမ်း တိုင်းတာခြင်း

RAM Rapid Assessment for Markets ဈေးကွက်များကို အလျင်အမြန် ချင့်ချိန်အကဲဖြတ်ခြင်း

ToR Terms of Reference ရည်ညွှန်းသတ်မှတ်ချက်များ

UNHCR United Nations High Commissioner for Refugees ဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂ မဟာမင်းကြီးရုံး

WASH Water, Sanitation, and Hygiene ရေ၊ မိလ္လာ၊ နှင့် တကိုယ်ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

WFP World Food Programme ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်

WG Working Group လုပ်ငန်းအဖွဲ့

# မာတိကာ

**ပဏာမ မိတ်ဆက်**

**လမ်းညွှန်ဥပဒေသများ**

**ချဉ်းကပ်ပုံများ**

**လက်တွေ့ကျသည့် လုပ်ဆောင်ပုံအဆင့်များ**

**အဆင့် ၀ -ပြင်ဆင်မှုများ ပြုလုပ်ခြင်း**

**အဆင့် ၁ - ပူးပေါင်းပါဝင်ခြင်းနှင့် လူထုမှ ဦးဆောင်သော လူမှုအသိုင်းအဝိုင်း ဖွဲ့စည်းပုံများ**

**အဆင့် ၂ - ဒေသဆိုင်ရာ ဦးဆောင်မှု/ လူမှုအသိုင်းအဝိုင်းနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း**

**အဆင့် ၃ - ပိုင်ဆိုင်မှု လုံခြုံရေး**

**အဆင့် ၄ - လုပ်ငန်းခွင်နှင့် ဒေသဧရိယာ အကဲဖြတ်ခြင်း**

**အဆင့် ၅ - ပူးပေါင်းဆောင်ရွက်သော လုပ်ငန်းခွင်နှင့် နယ်မြေဒေသဆိုင်ရာ အစီအစဉ်ရေးဆွဲခြင်း**

**အဆင့် ၆ - အိမ်နှင့် ရေ၊ မိလ္လာနှင့် သန့်ရှင်းရေး အခြေခံအဆောက်အအုံ ဒီဇိုင်းပုံစံများ ရေးဆွဲခြင်းလုပ်ငန်းစဉ်**

အဆင့် ၇ - အိမ်နှင့် ရေ၊ မိလ္လာနှင့် သန့်ရှင်းရေး အခြေခံအဆောက်အအုံများ ဆောက်လုပ်ရေးအတွက် ငွေသား လွှဲပြောင်းခြင်း

အဆင့် ၈ - အိမ်နှင့် ရေ၊ မိလ္လာနှင့် သန့်ရှင်းရေး အခြေခံအဆောက်အအုံဆောက်လုပ်ခြင်းနှင့် စောင့်ကြည့် ကြီးကြပ်ခြင်း

အဆင့် ၉ - ရပ်ပိုင်းဆိုင်ရာ ဝန်ဆောင်မှု အခြေခံအဆောက်အအုံများ/ ကွန်ယက်များနှင့် ချိတ်ဆက်ခြင်း

အဆင့် ၁၀ - လူမှုရေးဝန်ဆောင်မှုစနစ်များ/ အကူအညီ အထောက်အပံ့များ ရရှိ အသုံးပြုနိုင်ရေး

အဆင့် ၁၁ - အသက်မွေးဝမ်းကြောင်းဆိုင်ရာ အခွင့်အလမ်းများ

အဆင့် ၁၂ - လူမှုအသိုင်းအဝိုင်းဆိုင်ရာ လမ်းညွှန်များ

နောက်ဆက်တွဲ/ ရည်ညွှန်းကိုးကားချက်များ

## ပဏာမ မိတ်ဆက်

ဤ ရပ်ရွာလူမှုအသိုင်းအဝိုင်းဦးဆောင် ပြောင်းရွှေ့အခြေချနေထိုင်ရာ လက်စွဲစာစောင်သည် ကရုဏာ လူမှု စည်းလုံးညီညွတ်ရေး အသင်း၏ ဒေသဆိုင်ရာနှင့် တနိုင်ငံလုံးအမျိုးသားအဆင့် စွမ်းရည်မြှင့်တင်ခြင်း နှင့် မဟာဗျူဟာ ရေးဆွဲခြင်း အစီအစဉ် အစိတ်အပိုင်းတရပ်အနေဖြင့် ၂၀၁၈ ခုနှစ်တွင် CRS နှင့် မိတ်ဖက်ပြုကာ ရေးသားခဲ့ခြင်းဖြစ်သည်။ ကရုဏာ လူမှုစည်းလုံးညီညွတ်ရေး အသင်း၏ မြန်မာနိုင်ငံတွင် ပြည်တွင်းနေရပ်စွန့်ခွာ ဒုက္ခသည်များအတွက် ကာလကြာမြင့်စွာ ရပ်တည်လုပ်ဆောင်ခဲ့သော လူသားချင်းစာနာထောက်ထားမှု၊ ခိုလှုံရာနေရာထိုင်ခင်းနှင့် ပြောင်းရွှေ့အခြေချနေထိုင်ရာ နေရာများ အကူအညီပေးခြင်းများမှ ရရှိခဲ့သော အသိပညာ နှင့် အတွေ့အကြုံများ ကို သိမ်းဆည်းထားနိုင်ရန် ရည်ရွယ်သည်။ အထူးသဖြင့် ကရုဏာ လူမှု စည်းလုံးညီညွတ်ရေး အသင်း၏ ၂၀၁၉-၂၀၂၀ ခုနှစ်တွင် ကချင်ပြည်နယ်တွင် အကောင်အထည်ဖော်ခဲ့သော ရပ်ရွာလူထုဦးဆောင် ကနဦးရွှေ့ပြေး စီမံကိန်း၏ အတွေ့အကြုံသင်ခန်းစာများကို စာဖြင့်မှတ်တမ်းတင်ထားနိုင်ရန် ရည်ရွယ်သည်။ ကရုဏာ လူမှု စည်းလုံးညီညွတ်ရေး အသင်းသည် ပြင်းပြသောဆန္ဒ ရည်မှန်းချက် နှင့် လုပ်ကိုင်နိုင်စွမ်းရည်များအားဖြင့် ရပ်ရွာလူထုအခြေပြု နှင့် ပေါင်းစည်းအစီအစဉ်များ၏ အတိုင်းအတာ ပမာဏကြောင့် ၎င်း အလုပ်အကျွေးပြုခဲ့သော ရပ်ရွာလူထုလူမှုအသိုင်းအဝိုင်းများ နှင့် အခြား လူသားချင်းစာနာ ထောက်ထားမှု အကူအညီများ ပေးအပ်နေသော သက်ဆိုင်ရာ ပါဝင်အဖွဲ့အစည်းများ ၏ အစဉ်အမြဲ အသိအမှတ်ပြုခြင်းကို ရရှိနေသည်။ ဤလက်စွဲစာစောင်တွင် ကရုဏာ လူမှုစည်းလုံးညီညွတ်ရေးအသင်း နှင့် CRS တို့၏ အသိပညာ နှင့် အတွေ့အကြုံများကို ပေါင်းစည်းပြီး ပြည်တွင်းနေရပ်စွန့်ခွာ ဒုက္ခသည်လူမှု အသိုင်းအဝိုင်း များအတွက်လိုအပ်သော ၎င်းတို့၏ဆက်စပ်နောက်ခံအခြေအနေများနှင့်ကိုက်ညီကာ ရေရှည်တည်တံ့သည့်ပြောင်းရွှေ့အခြေချနေထိုင်ရာနေရာ လမ်းကြောင်းများ ပေါ်သို့ အစီအစဉ်တကျရှိသော ခြေလှမ်းများနှင့် လုပ်ငန်းလှုပ်ရှားဆောင်ရွက်မှုများ အားဖြင့် ပို့ဆောင်ပေးနိုင်ရန် ရည်ရွယ်ရေးသားထားသည်။


ဤ လက်စွဲစာစောင်သည် မြန်မာနိုင်ငံအစိုးရ၏ မကြာမီကမှ ထုတ်ပြန်ခဲ့သော ဒုက္ခသည်စခန်းများ ပိတ်သိမ်းရေး မဟာဗျူဟာနှင့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတို့ရှိ စခန်းများ ပိတ်သိမ်းရန် အရိပ်လက္ခဏာများနှင့် သတင်းများ၏ ဆက်စပ်အခြေအနေအကြောင်းအရာများ အပေါ် တည်မှီနေသည်။ ထို့ကြောင့် ဒုက္ခဘေးသက်ရောက်မှုခံစားနေရသည့် လူထုလူမှုအသိုင်းအဝိုင်းများ သည် ဤလုပ်ငန်းစဉ်များတွင် အဓိပ္ပါယ် ရှိရှိ နှင့် သိက္ခာရှိစွာဖြင့် ချိတ်ဆက်ပါဝင်ထိတွေ့ လုပ်ကိုင်ရန် အရေးတကြီးလိုအပ်နေခြင်းမှာ သေချာနေပါသည်။ ကရုဏာ လူမှု စည်းလုံးညီညွတ်ရေး အသင်း နှင့် CRS တို့သည် အခြား အစိုးရမဟုတ်သော အဖွဲ့အစည်းများ နှင့် ပါဝင်သက်ဆိုင်သူများနှင့်အတူ ရင်ပေါင်တန်းလျက် အခြေအနေ ဖြစ်ပေါ်တိုးတက်မှုများကို အနီးကပ် လိုက်လံစောင့်ကြည့်လျက်ရှိပြီး နေရပ်စွန့်ခွာလူထုလူမှု အသိုင်းအဝိုင်းများအတွက် တက်ကြွစွာနှင့် ဦးဆောင်အခန်းကဏ္ဍမှ မည်ကဲ့သို့ ဝိုင်းဝန်းကူညီထောက်ပံ့မှုပေးနိုင်ရန် ကြည့်ရှုနေခြင်းဖြစ်သည်။

၂၀၁၈ခုနှစ်တွင် ရာပေါင်းများစွာသောမိသားစုများသည် ၎င်းတို့၏ ဒုက္ခသည်စခန်းများ တွင် နေထိုင်ရခြင်းကြောင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေါ်တွင်သာ မှီခိုနေရခြင်း နှင့် စားဝတ်နေရေး အသက်မွေးဝမ်းကြောင်း အခွင့်အလမ်းများကင်းမဲ့နေခြင်းအပေါ် စိတ်မသာမယာ ဖြစ်လျက်ရှိကာ နေရာသစ်တွင်

ရွှေ့ပြောင်းအခြေချလိုသော ဆန္ဒဖြင့် အစိုးရထံတွင် မှတ်ပုံတင်ခဲ့ကြပြီး၊ မိသားစုအများအပြားသည် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း ရှိ မတူညီသော မြို့နယ်တို့တွင် မြေယာများ ရရှိခဲ့ကြသည်။ ၎င်းတို့သည် စခန်းများမှ စွန့်ခွာလျက် မူလနေထိုင်ရာ ကျေးရွာများ သို့မဟုတ် နေရာဒေသအသစ်များသို့ မိသားစု စားဝတ် နေရေး အသက်မွေးဝမ်းကြောင်း အခွင့်အလမ်း အသစ်များ ကို ရှာဖွေရန်၊ ဝန်ဆောင်မှုများ သို့ လက်လှမ်းမှီရန် နှင့် လုံခြုံစိတ်ချရသော ပတ်ဝန်းကျင် သို့ ပြောင်းရွှေ့ရန် စိတ်အားထက်သန်စွာ မျှော်လင့်စောင့်ဆိုင်းလျက် ရှိကြသည်။ အချို့သော လူမှုအသိုင်းအဝိုင်းများသည် ကရုဏာ လူမှုစည်းလုံးညီညွတ်ရေးအသင်း နှင့် အသင်း၏ မိတ်ဖက် အဖွဲ့အစည်းများသို့ ချဉ်းကပ်ပြီး ၎င်းတို့၏ စားဝတ်နေရေး အသက်မွေးဝမ်းကြောင်း နှင့် ပြန်လည်နေရာချထားရေး အားထုတ်ကြိုးပမ်းမှုများတွင် အကူအညီ အထောက်အပံ့ပေးရန် ဆက်သွယ်လာကြသည်။ ထို့ကြောင့် ဤလက်စွဲစာစောင်သည် ကရုဏာ လူမှု စည်းလုံးညီညွတ်ရေးအသင်း နှင့် အသင်း၏မိတ်ဖက် အဖွဲ့အစည်းများ၏ အစီအစဉ် ဝန်ထမ်းများ နှင့် ရပ်ရွာလူမှုအသိုင်းအဝိုင်းခေါင်းဆောင်များအတွက် ရပ်ရွာလူမှုအသိုင်းအဝိုင်းဦးဆောင်ပြီး နေရာအတည်တကျ အခြေချနေထိုင်ခြင်းအတွက် အစီအစဉ် ရေးဆွဲခြင်းတွင် လမ်းညွှန်မှု ပြုနိုင်ရန် ရည်ရွယ်သည်။

## ဤ လက်စွဲစာစောင်ကိုမည်ကဲ့သို့ဖတ်ရှုမည်နည်း?

ဤလက်စွဲစာစောင်တွင် အခန်း ၄ ခန်း ပါရှိသည်။ အခန်း ၃ သည် ဤ စာစောင်၏ အဓိက ပင်မကိုယ်ထည်ဖြစ်ပြီး လူထုလူမှုအသိုင်းအဝိုင်းဦးဆောင် နေရာအတည်တကျ အခြေချနေထိုင်ခြင်းအတွက် ၎င်းလူမှုအသိုင်းအဝိုင်း၏ နောက်ခံအခြေအနေအကြောင်းအရာများအပေါ်မူတည်ပြီး ရွေးချယ်စရာ လမ်းကြောင်း ၃ ခုဖြင့် အဆိုပြု တင်ပြထားသည်။ **အဆိုပါရွေးချယ်စရာ လမ်းကြောင်း ၃ သွယ်မှာ အစီအစဉ်တကျ လှမ်းလျှောက်ရမည့် ၎တ်နေသော ဖွံ့စည်းတည်ဆောက်ပုံ နှင့် နီးနွယ်သည့် အလုပ်တာဝန်၊ အဆိုပါ အုပ်စုအသိုင်းအဝိုင်းနှင့် ဆိုင်သော နှစ်မျိုးစပ် သို့မဟုတ် သီးခြား အိမ်ထောင်စု လမ်းကြောင်း တို့ဖြစ်သည်။**



အခန်း ၁။ ကျောထောက်နောက်ခံပြုထားသော သက်သေအထောက်အထား အခိုင်အမာရှိသည့် လူသားချင်းစာနာထောက်ထားမှု အခြေခံသဘောတရားများ၏ ရည်ညွှန်းကိုးကား အကျဉ်းကို ဖော်ပြထားပြီး

လူသားချင်းစာနာထောက်ထားမှု ကြားဝင်ဆောင်ရွက်ခြင်းများအတွက် လမ်းညွှန်အဖြစ်သော်လည်းကောင်း ရှေ့ဆက်လေ့လာဖတ်ရှုစရာ ရည်ညွှန်းအကိုးအကားများကို ဖော်ပြထားသည်။

အခန်း ၂။ ရပ်ရွာလူထုလူမှုအသိုင်းအဝိုင်းဦးဆောင်ကာ ချဉ်းကပ်ပုံ မဏ္ဍိုင်များကို ဖော်ပြထားပြီး BRE (British Research Establishment) ဗြိတိသျှ အဆောက်အအုံ တည်ထောင်ခြင်းဆိုင်ရာ သုတေသန နှင့် QSAND Quantifying Sustainability in the Aftermath of Natural Disasters သဘာဝဘေးအန္တရာယ်အလွန် နောက်ဆက်တွဲ ရေရှည်တည်တံ့နိုင်စွမ်း တိုင်းတာခြင်းတို့အား အသုံးပြုကာ ရေရှည်တည်တံ့မည့် စံချိန်စံညွှန်းများထွက်ပေါ်လာစေခြင်းဖြင့် ရှေ့ပြေးစီမံကိန်း ကို အထောက်အကူ ပြုရန်ဖြစ်သည်။

အခန်း ၃။ ရပ်ရွာလူထုလူမှုအသိုင်းအဝိုင်းဦးဆောင် ပြောင်းရွှေ့အခြေချနေထိုင်ခြင်း လျာထားအစီအစဉ်ကို ဖြစ်မြောက်အောင်ပံ့ပိုးပေးနိုင်ရန်အတွက် ပုံစံတကျ နှင့် အစီအစဉ်ရှိသည့် ခြေလှမ်းများကို အကြံပြုဖော်ပြထားပြီး နီးနွယ်သော လုပ်ငန်းတာဝန် နှင့် လှုပ်လျှားလုပ်ဆောင်ရန်များကို ဖော်ပြထားသည်။ လုပ်ငန်းတာဝန်များတွင် ပါဝင်သည်များမှာ မည်သူများ ပူးပေါင်းဆောင်ရွက်ရန်ဟူသော အကြံပြုချက်၊ နောက်ထပ် သတင်းအချက်အလက်များ အတွက် ဆက်သွယ်ရန် ဆက်ကြောင်း links များ၊ ကိရိယာများ နှင့် နောက်ဆက်တွဲ ဇယားတွင် ဥပမာများကို ဖော်ပြထားသည်။

အခန်း ၄။ နောက်ဆက်တွဲဇယားတွင် ကိရိယာများ၊ ဥပမာ နှင့် စာရွက်စာတမ်းများ ကို စုဆောင်းဖော်ပြထားပြီး ရပ်ရွာလူထုလူမှုအသိုင်းအဝိုင်းဦးဆောင် ပဏာမခြေလှမ်းဆောင်ရွက်မှုများကို အထောက်အကူပြုနိုင်ရန်ဖြစ်သည်။ အချို့သည် ကရုဏာ လူမှုစည်းလုံးညီညွတ်ရေးအသင်း KMSS ၏ ရပ်ရွာလူထုလူမှု အသိုင်းအဝိုင်းဦးဆောင် ပြောင်းရွှေ့အခြေချနေထိုင်ခြင်း ရှေ့ပြေးစီမံကိန်းများမှ ရေးဆွဲထားခြင်းဖြစ်ပြီး မြန်မာဘာသာဖြင့်သာ ရေးသားထားသည်များလည်း ဖြစ်နိုင်သည်။

ဤလက်စွဲစာစောင်ကို အင်္ဂလိပ်/ မြန်မာနှင့် ကချင် ဘာသာစကား (၃) မျိုးဖြင့် ရရှိနိုင်ပြီး soft copy များ ရယူရန် ဒီနေရာကို နှိပ်ပါ။

## ဤလက်စွဲစာစောင်တွင် မည်သည်တို့ မပါရှိသနည်း?

ဤလက်စွဲစာစောင်သည် ရပ်ရွာလူမှုအဖွဲ့ဦးဆောင် ပြောင်းရွှေ့အခြေချ နေထိုင်ခြင်း လုပ်ငန်းစဉ်၏ အသေးစိတ်စီမံချက်ပုံစံများ ပေးနိုင်ရန် ရည်ရွယ်ချက် မရှိပါ။ လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန် နှင့် ခြေလှမ်းများ၊ အချိန်အခါ နှင့် ရပ်ရွာလူမှုအသိုင်းအဝိုင်း၏ လိုအပ်ချက်များ နှင့် ဆန္ဒ ရည်မှန်းချက်များ ကို နေရာဒေသအလိုက် နောက်ခံဆက်စပ်အခြေအနေအလိုက် ဖော်ဆောင်ရန်လိုအပ်သည်။ ဤလက်စွဲစာစောင်ကို မြန်မာနိုင်ငံ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း ဒေသများရှိ ပြည်တွင်းနေရပ်စွန့်ခွာ လူမှုအသိုင်းအဝိုင်းများနှင့် အလုပ်လုပ်ကိုင်လျက်ရှိသော အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြု လူမှုအဖွဲ့အစည်းများ ၏ အစီအစဉ်ဝန်ထမ်းများ နှင့် အိမ်ထောင်စုများသည် ရေရှည်တည်တံ့သော ပြောင်းရွှေ့အခြေချနေထိုင်ရာ နေရာများတည်ထောင်နိုင်ရန်အတွက် လမ်းကြောင်းများကို အဓိကအားဖြင့် ရေးသားထားခြင်းဖြစ်ပါသည်။ သို့သော် ဤလက်စွဲစာစောင်သည် ရပ်ရွာလူမှုအသိုင်းအဝိုင်းများ ကိုယ်တိုင် ၎င်းတို့ ပြောင်းရွှေ့အခြေချနေထိုင်ရန် ရွေးချယ်စရာ လမ်းကြောင်းများ ကို စဉ်းစားနိုင်ရန်အတွက်လည်း အသုံးဝင်မည့် အရင်းအမြစ် ဖြစ်သည်။

အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးစေ့စပ်ဆွေးနွေးပွဲများ၏ တနိုင်ငံလုံးအတိုင်းအတာဖြင့် အောင်မြင်မှုများ၊ ဘေးအန္တရာယ်ကင်းရှင်းခြင်း နှင့် လုံခြုံရေး ကိစ္စရပ်များကို ထည့်သွင်းစဉ်းစားခြင်းနှင့် ချင့်ချိန်အကဲဖြတ်ခြင်းများကို ဤလက်စွဲစာစောင်တွင် ထည့်သွင်းထားခြင်းမရှိပါ။ လုံခြုံရေးဆိုင်ရာ ဆက်စပ်အကြောင်းအရာများကို Durable Solutions Working Group ကြာရှည်ခံသော ဖြေရှင်းနည်းများ အလုပ်အဖွဲ့၊ UNHCR Myanmar ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၊မြန်မာ နှင့် Working Committee on Resettlement of Internally Displaced Persons ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးလုပ်ငန်းကော်မတီ တို့မှ လမ်းညွှန်ချက် နှင့် နောက်ဆုံးရ လက်ရှိ လုံခြုံရေးဆိုင်ရာ ဆက်စပ်အခြေအနေများကို ရည်ညွှန်းကိုးကားနိုင်သည်။ ရည်ညွှန်းကိုးကားရန် - http://themimu.info/states_regions/kachin

မြန်မာနိုင်ငံ၏ ခက်ခဲရှုပ်ထွေးသော အိမ်ယာ၊ မြေနှင့် ပိုင်ဆိုင်အခြေပစ္စည်းများ ၏ ဆက်စပ်နောက်ခံအကြောင်းအရာများကို ဤစာစောင်တွင် အာရုံစိုက်ထားခြင်းမရှိပါ။ သို့သော်လည်း ဤကိစ္စရပ်သည် ရေရှည်တည်တံ့သော ပြောင်းရွှေ့အခြေချနေထိုင်ခြင်း အစီအစဉ်များအတွက် ပဓာနကျသော အစိတ်အပိုင်းတခုဖြစ်သည်။ သက်ဆိုင်ရာ ကျွမ်းကျင်သူများ၏ ရည်ညွှန်းကိုးကားရန် အချက်အလက်များကို အခန်း ၃၊ အဆင့် ၃ ပိုင်ဆိုင်မှု အာမခံချက်ရှိရေးတွင် ဖော်ပြထားသည်။ အခြေခံ လမ်းညွှန် ဥပဒေသများကို *Handbook on Housing and Property Restitution for Refugees and Displaced Persons. Implementing the "Pinheiro Principles"* ဒုက္ခသည်များနှင့် နေရပ်စွန့်ခွာသူများ အတွက် အိမ်ယာနှင့် အခြေပစ္စည်း ပြန်လည်ပေးအပ်ခြင်း လက်စွဲစာအုပ်၊ "ပီနဲရိုး၏ နိယာမများ" တွင် ကြည့်ရှု နိုင်ပါသည်။

## ၁။ လမ်းညွှန် ဥပဒေသများ

ဤ ရပ်ရွာလူမှုအသိုင်းအဝိုင်းဦးဆောင် ပြောင်းရွှေ့အခြေချနေထိုင်ခြင်း လက်စွဲစာစောင် နှင့် နီးနွယ်နေသည့် ရွှေ့ပြောင်းစီမံကိန်း သည် Core Humanitarian Standards (CHS), လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဓိက စံနှုန်းများ အပေါ်တွင် စွဲမြဲစွာ အခြေတည် ပြီး ဤစာစောင်တွင်ဖော်ပြထားသော လမ်းညွှန်မှုများသည် လက်တွေ့ အစီအစဉ်ကျသည့် လုပ်ငန်းအဆင့်များ နှင့် အသေးစိတ် လုပ်ငန်းတာဝန်များ ဖြစ်သည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဓိက စံနှုန်းများ၏ အချက် ၉ ချက်ပါ ကတိကဝတ်ထား လုပ်ဆောင်မှုများသည် ထိခိုက်ခံစားနေရသော လူမှုအသိုင်းအဝိုင်းများ ကို ခိုင်မြဲစွာ ဗဟိုပြုထားပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်ချက်များ အားလုံး၏ အချက်အချာ ဖြစ်သည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဓိက စံနှုန်းများ က မီးမောင်းထိုးပြသည်မှာ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်ချက်များတွင် တာဝန်ခံမှု၊ အရည်အသွေး နှင့် စွမ်းဆောင်ရည် များကို ထိမ်းသိမ်းထားပြီး တိုးတက်အောင်ဆောင်ရွက်ရန်မှာ အရေးပါသော အခြေခံလိုအပ်ချက်ဖြစ်သည်။ ဤရပ်ရွာလူမှုအသိုင်းအဝိုင်းဦးဆောင် လက်စွဲစာစောင်သည် ထိခိုက်နစ်နာခဲ့ကြရသော လူမှုအသိုင်းအဝိုင်းဝင်များ အားလုံးဖြစ်သည့် အမျိုးသမီးငယ်များ၊ အမျိုးသမီးများ၊ ယောကျ်ားလေးများ နှင့် အမျိုးသားများ အားလုံး ပါဝင်နိုင်ရေးကို သေချာစေရန် အရေးကြီးသည့် အားထုတ် ကြိုးပမ်းမှုများ အတွက် ကူညီပံ့ပိုးပေးလိုသည်။

<u>လူသားချင်းစာနာမှုဆိုင်ရာ အရည်အသွေးနှင့်တာဝန်ခံမှု အဓိကစံနှုန်းများ</u> ဆိုသည်မှာ လူသားချင်းစာနာမှုဆိုင်ရာလုပ်ငန်းအား အများပြည်သူကို ဗဟိုပြုသော နည်းလမ်းဖြင့် ဆောင်ရွက်မှု ရှိစေရေးအတွက် ရေးဆွဲထားသည့် မူဘောင်တစ်ခုဖြစ်ပါသည်။ လူသားချင်းစာနာမှုဆိုင်ရာ အဓိကစံနှုန်းများတွင် ကတိကဝတ် ၉ ရပ် ပါဝင်ပြီး၊ စီမံကိန်းရေးဆွဲဆောင်ရွက်ရာတွင် အရည်အသွေးနှင့် တာဝန်ခံမှုရှိစေရေးအတွက် မဖြစ်မနေ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် အဖွဲ့အစည်းဆိုင်ရာ တာဝန်ဝတ္တရားများကို ဖော်ပြထားပါသည်။ ၎င်းတို့တွင် ပံ့ပိုး ကူညီမှုမှာ လိုအပ်ချက်နှင့် သင့်လျော် ကိုက်ညီပြီး၊ အန္တရာယ် မဖြစ်စေခြင်း၊ အစီအစဉ်တွင် ပါဝင်သူများသည် ၎င်းတို့၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များကို သိရှိပြီး လုံခြုံစိတ်ချရသည့် တိုင်ကြားမှု ယန္တရားကို အသုံးပြုနိုင်ခြင်းနှင့် အဆိုပါ ပံ့ပိုးကူညီမှုအား စနစ်တကျ လေ့ကျင့်သင်ကြားပေးထားသည့် ဝန်ထမ်းမှ ညှိနှိုင်းဆောင်ရွက်ပေးခြင်းနှင့် ဖြည့်ဆည်းပေးခြင်းတို့ပါဝင်ပါသည်။




လူသားချင်းစာနာမှုဆိုင်ရာ အဓိက စံနှုန်းများ ကို ဆောင်ရွက်မှုတိုင်းတွင်ထည့်သွင်းစဉ်းစားခြင်း သည် အပြန်အလှန်အားဖြင့် ထိခိုက်နစ်နာအောင်မပြုလုပ်ရေး ဟူသော အကြောင်းအရာ ကို ပိုမို အားဖြည့်ခိုင်ခန့်စေပြီး အစီအစဉ်ရေးဆွဲရာတွင် ဘေးကင်းလုံခြုံမှုနှင့် သိက္ခာ ရှိမှုကို ဖြစ်ထွန်းစေသည်။ တာဝန်ခံမှုသည် သက်သေအထောက်အထားဖြင့် အချက်အလက်များကို ပိုမိုခိုင်မာစေပြီး အကာအကွယ်ပေးရေးဆိုင်ရာ ဆောင်ရွက်မှု တိုင်းတွင်ထည့်သွင်းစဉ်းစားစေခြင်း၊ ဘေးဆီးရန်ကာ အကာအကွယ်များပြုလုပ်ထားခြင်း စသည်တို့ကို ပါဝင်ထည့်သွင်းထားခြင်းသည် အကူအညီအထောက်အပံ့ပေးနေသူများအတွက် ၎င်းတို့၏ တာဝန်ရှိမှုဟူသော လုပ်ပိုင်ခွင့်အာဏာ အသုံးပြုနိုင်ခြင်း ကို ပိုမို သေချာစေခြင်းဖြစ်သည်။ ဥပမာအားဖြင့် မတူကွဲပြားသည့် သို့မဟုတ် သီးသန့် ပစ်ပယ်ခံထားရသူအုပ်စုများ (အားလုံးပါဝင်) စသည်တို့အပါအဝင် လူထုလူမှုအသိုင်းအဝိုင်းများနှင့် ထိတွေ့ဆက်ဆံရာတွင်လည်းကောင်း၊ ချင့်ချိန်အကဲဖြတ်ခြင်းများတွင်လည်းကောင်း၊ စီမံကိန်းရေးဆွဲခြင်း နှင့် အကောင်အထည်ဖော်ခြင်းတို့တွင် လည်းကောင်း၊ ပိုင်ဆိုင်မှု နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှု တို့ကို အားပေးအထောက်အကူပြု သည်သာမက

စီမံကိန်းအစီအစဉ်များသည် လက်ရှိ လူမှုအသိုင်းအဝိုင်းနှင့် ၎င်းတို့ ရင်ဆိုင်နေရသော အန္တရာယ်နှင့်စွန့်စားရမှုများ အပေါ် သိရှိနားလည်မှု ကို တည်ဆောက်နိုင်မည်သာမက မည်ကဲ့သို့အကောင်းဆုံးနည်းလမ်းဖြင့် အဆိုပါ အန္တရာယ်နှင့်စွန့်စားရနိုင်ခြေများကို လျော့ပါးစေနိုင်မည် (အကာအကွယ်ပေးရေးကို ဆောင်ရွက်မှုတိုင်းတွင်ထည့်သွင်းစဉ်းစားခြင်း နှင့် အကာအကွယ်များပြုလုပ်ထားခြင်း) ဟူ၍ အဓိပ္ပါယ်သက်ရောက်သည်။

## ဘေးကင်းလုံခြုံမှုနှင့် သိက္ခာရှိသော အစီအစဉ်ရေးဆွဲခြင်း

အကာအကွယ်ပေးရေးကို ဆောင်ရွက်မှုတိုင်းတွင် ထည့်သွင်းစဉ်းစားခြင်း/ ဘေးကင်းလုံခြုံမှု နှင့် သိက္ခာရှိသော အစီအစဉ်ရေးဆွဲခြင်း သည် အကာအကွယ်ပေးရေးဆိုင်ရာ အခြေခံသဘောတရားနိယာမများ နှင့် အဓိပ္ပါယ်ပြည့်ဝသော အခွင့်အလမ်း ကို အထောက်အကူပြုခြင်း၊ လူသားချင်းစာနာအထောက်အပံ့များပေးအပ်ရာတွင် ဘေးကင်းလုံခြုံခြင်းနှင့် သိက္ခာရှိခြင်း စသည်တို့ကို ပေါင်းစပ်ပေးသည့် လုပ်ငန်းစဉ်ဖြစ်သည်။ လူသားချင်းစာနာစွာအထောက်အကူပေးခြင်းလုပ်ငန်းအားလုံးတွင် ထည့်သွင်းစဉ်းစားရမည့် လမ်းညွှန် အခြေခံသဘောတရားနိယာမများမှာ[1] -

**ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သိက္ခာရှိခြင်း ကို ဦးစားပေးရန် နှင့် ထိခိုက်နစ်နာမှု ကိုရှောင်ရှားခြင်း -** သင်၏ ကြားဝင်ဆောင်ရွက်မှုသည် လူထု၏ ကိုယ်ခန္ဓာနှင့် စိတ်ဓါတ်ရေးရာ အန္တရာယ်တို့မှထိရှလွယ်မှု အပေါ် မလိုလားအပ်သည့် အနှုတ်သဘောဆောင်သော သက်ရောက်မှုများကို ကြိုတင်တားဆီးကာကွယ်ရန် နှင့် အဖြစ်နိုင်ဆုံး အနည်းဆုံး ဖြစ်ရန် လုပ်ဆောင်ရမည်။

**တန်းတူညီမျှခြင်း/ အဓိပ္ပါယ်ပြည့်စုံသော အခွင့်အလမ်း -** သမာသမတ်ကျသော အကူအညီများ နှင့် ဝန်ဆောင်မှုများ ကို လိုအပ်ချက်၏အချိုးအစားအလိုက် နှင့် အတားအဆီးမရှိပဲ (ဥပမာ- ခွဲခြားဆက်ဆံခြင်း) လူထုအတွက် လက်လှမ်းမှီနိုင်စေရန်အတွက် စီစဉ်ရမည်။ အထူးထိရှလွယ်သူများ သို့မဟုတ် အကူအညီအထောက်အပံ့ နှင့် ဝန်ဆောင်မှုများကို လက်လှမ်းမှီ ရယူနိုင်ရန်ခက်ခဲနေသူ အုပ်စုများ အတွက် အထူး အာရုံစိုက် ဂရုပြုဆောင်ရွက်ရမည်။

**အစီအစဉ်တွင် ပါဝင်သူများကို တာဝန်ခံမှု ရှိစေခြင်း -** သက်ရောက်မှုကို ခံစားခဲ့ရသော လူဦးရေများသည် ကြားဝင်ဆောင်ရွက်ခြင်းများ၏ ပြည့်စုံလုံလောက်မှု သို့မဟုတ် စိတ်ပူပန်ခြင်းများ နှင့် တိုင်ကြားခြင်းများကို ကိုင်တွယ်နိုင်ရန် သင့်လျော်သော ယန္တယားများကို တည်ထောင်ရန်။

**ပူးပေါင်းပါဝင်ခြင်းနှင့် လုပ်ပိုင်ခွင့်ပေးခြင်း -** လူထုကို မိမိကိုယ်ကို ကာကွယ်နိုင်စွမ်းရည်များ တိုးတက်စေရန် ဝိုင်းဝန်းထောက်ခံကူညီပေးရန် နှင့် ၎င်းတို့၏အခွင့်အရေးများကို တောင်းဆိုရန်အတွက် ကူညီပေးရန် -

[1] Definitions from the Global Protection Cluster: http://www.globalprotectioncluster.org/en/areas-of-responsibility/protection-mainstreaming.html

ပါဝင်သည်များမှာ- ယာယီခိုလှုံရာနေရာများ၊ အစားအသောက်၊ ရေ နှင့် တကိုယ်ရေသန့်ရှင်းရေး ဆိုင်ရာ၊ ကျန်းမာရေး နှင့် ပညာရေး - ဤသည်များ သက်သက်သာမက။

## ယာယီခိုလှုံရာနှင့် ပြောင်းရွှေ့အခြေချနေထိုင်ရာနေရာများ အစီအစဉ်ရေးဆွဲခြင်းတွင် အကာအကွယ်ပေးခြင်းကို ဆောင်ရွက်မှု အားလုံး၌ ထည့်သွင်းစဉ်းစားခြင်း

အကာအကွယ်ပေးခြင်းကို ဆောင်ရွက်မှုတိုင်းတွင် ထည့်သွင်းစဉ်းစားခြင်း သည် မိမိတို့ အစီအစဉ် ရေးဆွဲခြင်းအတွက် ချဉ်းကပ်မှုအားလုံးနှင့် ဆက်စပ်သည်။

*ဤသည်မှာ မိမိတို့ လုပ်ဆောင်နေသည်များမှ **မည်သည်တို့ကို** ပြောင်းလဲရမည် ဟုဆိုလိုရင်းမဟုတ်။ သို့သော် အကူအညီများကို **မည်ကဲ့သို့** စီစဉ်ပေးနေသည် ကို ဆိုလိုသည်။*

ဤသည်မှာ အခြေခံအားဖြင့် ဘေးအန္တရာယ်ကင်းရှင်းရေး နှင့် အရည်အသွေး ကောင်းမွန်သော အစီအစဉ် ရေးဆွဲခြင်းဖြစ်သည်။ ဤအရာသည် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးနေသူအားလုံး၏ တာဝန်ဖြစ်ပြီး စီမံကိန်းအားလုံးတွင် ကျင့်သုံးရန် လိုအပ်သည်။ အကာအကွယ်ပေးခြင်းကို ဆောင်ရွက်မှုတိုင်းတွင် ထည့်သွင်းစဉ်းစားခြင်း အားဖြင့် အထူးထိရှလွယ်သူများအတွက် အကူအညီများကို လက်လှမ်းမှီရယူနိုင်ရန် သေချာစေပြီး၊ ၎င်းတို့ လိုအပ်ချက်များ နှင့် သင့်လျော်ပြီး ဆက်စပ်သက်ဆိုင်သော အကူအညီများကို ဘေးကင်းလုံခြုံစွာနှင့် သိက္ခာရှိသော နည်းလမ်းဖြင့် ရယူနိုင်ရန် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေး အစီအစဉ် ရေးဆွဲနေစဉ် အရည်အသွေးပိုမိုကောင်းမွန်အောင် အထောက်အကူပြုနိုင်ရန်ဖြစ်သည်။

အိမ်ယာကို ဆုံးရှုံးရခြင်းသည် ကြီးစွာ ယူကျုံးမရဖြစ်စေသော အတွေ့အကြုံဖြစ်ပြီး၊ အထူးသဖြင့် အရေးပေါ်အခြေအနေတခုနှင့် ဆက်စပ်နောက်ခံအကြောင်းအရာများကြောင့်ဖြစ်သည်။ ကာလကြာ ကြောက်ရွံ့အော်ဟစ် ငိုကြွေးရမှုများ နှင့် နေရာဖယ်ရှားခံရသည့် အခြေအနေများတွင်၊ လုံခြုံသည့် အိမ်ယာ နှင့် လူအစုအဝေးတခု ပျက်စီးဆုံးရှုံးမှုကြောင့်၊ ရေရှည်တွင် အကာအကွယ်မဲ့ခြင်း နှင့် အန္တရာယ်များမှ ထိရှလွယ်မှု တိုးမြင့်လာပြီး မလုံခြုံမှုကို ခံစားရခြင်း ဆက်လက်ဖြစ်ပေါ်နေရန် ပံ့ပိုးသည်။ အားလုံးပူးပေါင်းပါဝင်စေခြင်းနည်းလမ်းများအသုံးပြုကာ အသစ်သော ပြောင်းရွှေ့အခြေချနေရာထိုင်ခင်းတခုဖန်တီးရန် လူလူမှုအသိုင်းအဝိုင်းများကို ဝိုင်းဝန်းကူညီပေးမှုတွင် လူအများကို ၎င်းတို့၏ အခွင့်အရေးများကို တောင်းဆိုရန် ကူညီပေးခြင်း အားဖြင့် ပြဿနာကိစ္စရပ်များဖြစ်သော ၎င်းတို့၏ အိမ်ယာနှင့် ဒေသဧရိယာ ဦးစားပေးများ ကို ဖော်ထုတ်သိရှိပြီး ရယူနိုင်ရန် နှင့်၊ ရလဒ်အားဖြင့် ဘေးအန္တရာယ်ကင်းရှင်းရေး နှင့် ကျန်းမာပျော်ရွှင် ကျေနပ်ခြင်းများ တိုးတက်ရရှိရန် ဖြစ်သည်။ နောက်ဆက်တွဲ ဇယား “၀” တွင် အကာအကွယ်ပေးခြင်းကို ဆောင်ရွက်မှုတိုင်းတွင် ထည့်သွင်းစဉ်းစားခြင်း နှင့် ဘေးအန္တရာယ်ကင်းရှင်းရေး နှင့် သိက္ခာရှိသော အစီအစဉ်ရေးဆွဲခြင်းတို့ကို ကိုမှီငြမ်းနိုင်သည်။

အကာအကွယ်ပေးရေးကို ဆောင်ရွက်မှုတိုင်းတွင်ထည့်သွင်းစဉ်းစားခြင်းဆိုင်ရာ အလုပ်အဖွဲ့ (PMEG)[2] နှင့်ပတ်သက်၍ ဆက်လက်လေ့လာဖတ်ရှုရန် ဤနေရာကိုနှိပ်ပါ။




နည်းပညာဆိုင်ရာ အနိမ့်ဆုံးစံနှုန်းများနှင့် အတွေ့အကြုံကောင်းများကို ဆက်လက်ကိုးကားနိုင်ရန်အတွက် Sphere Handbook 2018 စာအုပ်မှ ရည်ညွှန်းချက်နှင့် ကိုးကားချက် များစွာကို ဆက်လက်ဖော်ပြမည့် အခန်းတွင် ထည့်သွင်းထားပါသည်။

## မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့သည့် ဖြေရှင်းမှုနည်းလမ်းဆိုင်ရာ မူဘောင်

ကိုးကားချက်။ စစ်ဘေးရှောင်ပြည်သူများအတွက် ရေရှည်တည်တံ့သည့် ဖြေရှင်းမှုနည်းလမ်းဆိုင်ရာ မူဘောင်၊ IASC, 2010. www.brookings.edu/research/iasc-framework-on-durable-solutions-for-internally-displaced-persons/

2 CRS, CAFOD, Caritas Australia and Caritas Internationalis is part of the PMEG

## ၂။ ချဉ်းကပ်ပုံများ

## လူမှုအသိုင်းအဝိုင်းမှ ဦးဆောင်သော ပြောင်းရွှေ့အခြေချနေထိုင်ခြင်းဆိုင်ရာချဉ်းကပ်ပုံများ-

ဤလက်စွဲစာစောင်တွင် လူမှုအသိုင်းအဝိုင်းမှ ဦးဆောင်သော ချဉ်းကပ်ပုံများသည် အလုပ်လုပ်ပုံ နည်းလမ်းတခု ဖြစ်ကြောင်းကို ကျွန်ုပ်တို့ နားလည်ပြီး အထက်တွင်ဖော်ပြခဲ့သော လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့များအတွက် အခြေခံသဘောတရားများ၏ သက်သေအထောက်အထားဖြင့် အချက်အလက်များကို ပို၍ခိုင်မာစေသည်။ ကပ်ဘေးမှ ထိခိုက်နစ်နာခဲ့ရသော လူများနှင့် လူထုလူမှုအသိုင်းအဝိုင်းများ အား အဓိပ္ပါယ်ရှိစွာ ထိတွေ့ဆက်ဆံပြီး လူသားချင်းစာနာထောက်ထားမှု တုန့်ပြန်ခြင်း အဆင့်အားလုံးအား CHS Core Humanitarian Standards လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဓိက စံနှုန်းများ နှင့် SPHERE Standards အသိုင်းအဝိုင်းအတွက် စံနှုန်းများ နှင့် ကဏ္ဍအားလုံးအတွက် လမ်းညွှန်မှတ်စုများ တွင် ထပ်တလဲလဲ ဖော်ပြထားသည်။

*"လူမှုအသိုင်းအဝိုင်းဦးဆောင် ချဉ်းကပ်ပုံသည် အစီအစဉ်စက်ဝန်း၏ အဆင့်အားလုံးတွင် သက်ဆိုင်သူပုဂ္ဂိုလ်များနှင့် မိတ်ဖက်ပြု အလုပ်လုပ်ခြင်း လမ်းကြောင်းတခုဖြစ်သည်။ သက်ဆိုင်သူပုဂ္ဂိုလ်များ၏ ဒေသဆိုင်ရာ ဗဟုသုတ ဒဏ်ခံနိုင်မှု၊ စွမ်းဆောင်နိုင်ခြင်းများ၊ ကျွမ်းကျင်မှုများ နှင့် အရင်းအမြစ်များ အပေါ်တွင် တည်ဆောက်ပြီး အကာအကွယ်နှင့် ဖြေရှင်းနည်းများ ကို ပေးအပ်ရန်ဖြစ်ကာ အဆိုပါ လူမှုအသိုင်းအဝိုင်း၏ ကိုယ်ပိုင် ပန်းတိုင်များအတွက် ဝိုင်းဝန်းကူညီမှုပေးခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏အခန်းကဏ္ဍဖြစ်သော ပံ့ပိုးပေးသူများ၊ ကျွန်ုပ်တို့၏ အကန့်အသတ်များ ရှိသော လုပ်ဆောင်နိုင်စွမ်း နှင့် အရင်းအမြစ်များ၊ ကျွန်ုပ်တို့ ရောက်ရှိနေခြင်းသည် ယာယီသဘောသဘာဝသာဖြစ်သည် ကို အသိအမှတ်ပြုရန်လိုအပ်ပြီး ကျွန်ုပ်တို့၏ ကြားဝင်ဆောင်ရွက်မှုများ၏ ရေရှည် သက်ရောက်မှု ကို သိနားလည်ရန်လိုအပ်သည်။*

*လူမှုအသိုင်းအဝိုင်းဦးဆောင် ချဉ်းကပ်ပုံ၏ ပန်းတိုင်များသည် သက်ဆိုင်ရာလူထု၏ ဂုဏ်သိက္ခာ ကို ပိုမိုတိုးတက်ခိုင်မာအောင် အားဖြည့်ပေးရန်ဖြစ်ပြီး သက်ဆိုင်သူအားလုံး အတူတကွအလုပ်လုပ်၍ လူထုလူမှုအသိုင်းအဝိုင်း၏ မတူခြားနားသည် အဖွဲ့ဝင်များ ကို ၎င်းတို့၏ လူ့အခွင့်အရေးများကို ရယူကျင့်သုံးကာ ပျော်ရွှင်နိုင်စေရေးအတွက် ဝိုင်းဝန်းကူညီမှုပေးရန်ဖြစ်သည်။"*

ရင်းမြစ်- လူမှုအသိုင်းအဝိုင်းဦးဆောင် ချဉ်းကပ်ပုံ။ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး လုပ်ငန်းလည်ပတ်မှု။ ၂၀၀၈

လူမှုအသိုင်းအဝိုင်းဦးဆောင် ပြောင်းရွှေ့အခြေချနေထိုင်ခြင်း အစီအစဉ်ရေးဆွဲရာတွင် အဆိုပါ လူမှုအသိုင်းအဝိုင်းသည် ဦးဆောင်မှု အခန်းကဏ္ဍတွင် ရှိကြောင်းကို အသိအမှတ်ပြုပြီး၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုရှိသော ဆုံးဖြတ်ချက်ချမှတ်သည့်လုပ်ငန်းစဉ်များတွင် သတင်းအချက်အလက်များကို လက်လှမ်းမှီနိုင်စေရေးအတွက်

အထောက်အကူပြု ပံ့ပိုးပေးရန်ဖြစ်သည်။ အကူအညီများပေးနေသော အစိုးရမဟုတ်သည့် အဖွဲ့အစည်း/ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အေဂျင်စီ သည် "ပြဿနာများအတွက် ဖြေရှင်းနည်းကိုပေးခြင်း" မဟုတ်ပဲ ပံ့ပိုးပေးသူနှင့် လမ်းညွှန်သူ အခန်းကဏ္ဍ ကိုသာယူရသည်။

အဓိပ္ပါယ်ရှိသော ပူးပေါင်းပါဝင်ခြင်း နှင့် လူမှုအသိုင်းအဝိုင်းဝင်အားလုံး (အမျိုးသမီးငယ်များ၊ အမျိုးသမီးများ၊ ယောကျ်ားလေးများ နှင့် အမျိုးသားများ) ပါဝင်ရေးသည် လူမှု အသိုင်း အဝိုင်းဦးဆောင်ချဉ်းကပ်ပုံများ၏ ပဓာနကျသော လက္ခဏာသွင်ပြင်ဖြစ်သည်။ လူမှုအသိုင်းအဝိုင်းဝင်တဦးတယောက်ချင်း နှင့် မိသားစုများသည် ၎င်းတို့နှင့် ၎င်းတို့မိသားစုများ၏ အနာဂတ်အရေး တွင်ပါဝင်သော ပြောင်းရွှေ့အခြေချနေထိုင်ခြင်းနှင့် စားဝတ်နေရေးအသက်မွေးဝမ်းကြောင်းမှု ရွေးချယ်စရာကိစ္စများတွင် အရေးကြီးသော ဆုံးဖြတ်ချက်များ ချမှတ်ရာ၌ အကောင်းဆုံးအနေအထားတွင်ရှိကြသည်။ ပြည်တွင်း နေရပ်စွန့်ခွာ ဒုက္ခသည် လူမှုအသိုင်းအဝိုင်းများအတွက် ရှေ့ပြေးစီမံကိန်း၏ လူမှုအသိုင်းအဝိုင်း[3] မှတုန့်ပြန်ချက် တွင် ညွှန်ပြသည်မှာ ပြောင်းရွှေ့အခြေချနေထိုင်ရာ နေရာရွေးချယ်ခြင်း၊ တည်နေရာ နှင့် အိမ်ယာပုံစံ၊ ငွေသားအထောက်အပံ့ နှင့် အသက်မွေးဝမ်းကြောင်းမှု ရွေးချယ်စရာများ အပေါ် ဆုံးဖြတ်ချက်များ ပြုလုပ်ချမှတ်ရခြင်းသည် ၎င်းတို့ နေအိမ် အသစ် တည်ထောင်ရန် ကျိုးပမ်းအားထုတ်မှုများ တွင် အထောက်အကူပြုသည် ဟူ၍ဖြစ်သည်။

ထို့အပြင် ကနဦးအချိန်များမှစ၍ လက်ရှိ ကျေးရွာ လူမှုအသိုင်းအဝိုင်း နှင့် ၎င်းတို့ကို ဦးဆောင်သူများနှင့် ဆက်လက်ထိတွေ့ဆက်ဆံ ပတ်သက်မှုသည် ၎င်းတို့အနေနှင့် ဝန်ဆောင်မှုများကို လက်လှမ်းမီ နိုင်သည့် စွမ်းရည်ကို (ဥပမာ...၎င်းတို့၏သားသမီးများအား ကျေးရွာကျောင်းများတွင် ပြောင်းရွှေ့ကျောင်းထားခြင်း) အားဖြည့်ပေးသကဲ့သို့ ဖြစ်စေသည့်အပြင် ၎င်းတို့ကိုယ်တိုင် ကျေးရွာ လူမှုအသိုင်းအဝိုင်း၏ တက်ကြွသူ အဖွဲ့ဝင်ဖြစ်လာခြင်းဖြစ်သည်။

လူမှုအသိုင်းအဝိုင်းဦးဆောင် ပြောင်းရွှေ့အခြေချနေထိုင်ခြင်း ချဉ်းကပ်ပုံ သည် လူမှုအသိုင်းအဝိုင်းတခုလုံး၏ အားသာချက် ကို အာရုံစိုက်ပြီး လူမှုအသိုင်းအဝိုင်းဝင်များကို ၎င်းတို့၏ ပြောင်းရွှေ့အခြေချနေထိုင်ရာ အစီအစဉ်များကို စီမံကိန်းရေးဆွဲခြင်း၊ စီမံအုပ်ချုပ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းများကို သတင်းအချက်အလက်များ မျှဝေခြင်းအားဖြင့်လည်းကောင်း၊ လမ်းညွှန်ပေးခြင်းဖြင့်လည်းကောင်း "လုပ်ရင်းကိုင်ရင်းဖြင့်သင်ယူခြင်း" လုပ်ရှားလုပ်ကိုင်ဆောင်ရွက်မှုများအားဖြင့် အလွန်ကောင်းမွန်သည့် ရည်ရှည်တည်တံ့သော ဖြေရှင်းနည်းများကို ရယူနိုင်မည်ဖြစ်သည်။ လူမှုအသိုင်းအဝိုင်း၏ လက်ရှိအသိပညာ၊ ကျွမ်းကျင်မှု နှင့် စွမ်းဆောင်ရည်များအားဖြင့် ၎င်းတို့၏ လူမှုအသိုင်းအဝိုင်း ကို စနစ်တကျ စုစည်းစီစဉ်ကာ တည်ထောင်ပြီး ၎င်းတို့၏ထိရှလွယ်သော အဖွဲ့ဝင်များကို အကူအညီပေးခြင်း၊ ငွေကြေးအထောက်အပံ့ကို စီမံခန့်ခွဲခြင်း နှင့် ၎င်းတို့၏ အိမ်ယာများ / ရေ၊ မိလ္လာ၊ နှင့် တကိုယ်ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း သာမက လုပ်ငန်းစဉ် ကာလအတွင်း တိုင်ကြားချက်များ နှင့် စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းခြင်းတို့ပါဝင်သည်။

[3] Focus group discussion with pilot project IDP community's members in 2020, Bhamo, Kachin


ရှေ့ပြေးစီမံကိန်း၏ လူထုလူမှုအသိုင်းအဝိုင်း[4] မှ ကနဦးတုန့်ပြန်မှုတွင် လူမှုအသိုင်းအဝိုင်းမှ ဦးဆောင်သော ချဉ်းကပ်ပုံ၏ အချို့သော အကျိုးကျေးဇူးများမှာ -

- ပွင့်လင်းမြင်သာပြီး ကျိုးကြောင်းဆီလျော်၍တရားမျှတသော ဆုံးဖြတ်ချက်ချမှတ်ခြင်း တွင် ကျွမ်းကျင်မှု တိုးတက်လာခြင်း
- ပြောင်းရွှေ့အခြေချနေထိုင်ခြင်း လုပ်ငန်းစဉ်အပေါ်တွင် ပိုင်ဆိုင်မှုရှိသည်ဟူသောအသိ ဖြစ်ပေါ်ခြင်း
- လူမှုပေါင်းစည်းရေး အသိ ပိုမို ရှိလာပြီး ပြောင်းရွှေ့အခြေချနေထိုင်သူ လူလူမှုအသိုင်းအဝိုင်းနှင့် လက်ရှိတည်ရှိနေသော ကျေးရွာလူထု အကြား ဝိုင်းဝန်းကူညီပေးမှုများ
- တည်ဆောက်ရေးလုပ်ငန်းခွင် အစီအစဉ်ရေးဆွဲခြင်းများ နှင့် အိမ်ယာ ဒီဇိုင်းပုံစံများ သည် လူမှုအသိုင်းအဝိုင်း နှင့် မိသားစုများ၏ ယဉ်ကျေးမှုဆိုင်ရာ၊ ဘဏ္ဍာရေးအခြေအနေနှင့် လူမှုရေးအရ နှစ်သက်ဦးစားပေးမှုများ နှင့် ကိုက်ညီခြင်း
- ဆောက်လုပ်ရေးလုပ်ကိုင်ဆောင်ရွက်မှုများ၊ အစီအစဉ်အချိန်ဇယား နှင့် ငွေရေးကြေးရေး ဘတ်ဂျက် အသုံးစရိတ်များ သည် လူမှုအသိုင်းအဝိုင်း နှင့် မိသားစုမှ ထိမ်းချုပ်မှု အောက်တွင်တည်ရှိသည်
- အိမ်ထောင်စုများသည် ၎င်းတို့၏ နေရာထိုင်ခင်း အကျယ်အဝန်းကို ချဲ့ထွင်နိုင်ခြင်း၊ ဆောက်လုပ်ရေး အရည်အသွေးကို ပိုမိုကောင်းမွန်အောင်လုပ်ဆောင်နိုင်ခြင်း နှင့် ယဉ်ကျေးမှုဆိုင်ရာ နှစ်သက်ဦးစားပေးမှုများကို မိမိကိုယ်ပိုင်ငွေကြေးများဖြင့် ထည့်သွင်းပြုလုပ်နိုင်သည့် အခွင့်အလမ်းများရှိခြင်း
- လူမှုအသိုင်းအဝိုင်းဦးဆောင် ဘဏ္ဍာရေး စီမံအုပ်ချုပ်မှု - လူမှုအသိုင်းအဝိုင်း အမည်ဖြင့် ဘဏ်ငွေစာရင်းဖွင့်လှစ်ပြီး ပစ္စည်းတိုက်ရိုက်ဝယ်ယူမှုများနှင့် အိမ်ထောင်စုများသို့ ဆောက်လုပ်ရေးအတွက် ခွဲဝေပေးခြင်းကို ပြုလုပ်နိုင်ခြင်း
- လူမှုအသိုင်းအဝိုင်း နှင့် အိမ်ထောင်စု လုပ်အားကို အသုံးပြုနိုင်သောကြောင့် စွမ်းဆောင်ရည်တိုးပွားပြီး ကုန်ကျစရိတ် ချွေတာနိုင်ခြင်း နှင့် အဓိက ဆောက်လုပ်ရေးကန်ထရိုက် အကျိုးအမြတ်ကို ရှောင်လွဲနိုင်ခြင်းကြောင့် နှင့် လူမှုအသိုင်းအဝိုင်းမှ ကိုယ်တိုင် ပစ္စည်းဝယ်ယူသည့်အတွက် ကုန်ကျစရိတ် ချွေတာနိုင်ခြင်း
- လူမှုအသိုင်းအဝိုင်းမှ ၎င်းတို့၏ အသက်မွေးဝမ်းကြောင်းအလုပ်အကိုင် လုပ်ရှားလုပ်ကိုင်မှုများနှင့် ချိန်ညှိ၍ တည်ဆောက်ရေးလုပ်ငန်းအစီအစဉ်အချိန်ဇယားဆွဲနိုင်ခြင်းဖြင့် တည်ဆောက်ချိန်နှင့် ပြီးဆုံးမည့်အချိန်နေ့ရက်တို့ကို ရွှေ့ပြောင်းသတ်မှတ်ကာ သားသမီးများ ပညာရေးစာသင်နှစ်ပြက္ခဒိန် ကျောင်းချိန်များ ကို ပြတ်တောက်မှု မဖြစ်စေခြင်း

*(BOX တွင် ဖြည့်ရန်) - "လူမှုအသိုင်းအဝိုင်း တခု" ဆိုသည်မှာအဘယ်နည်း?*

[4] Reflection event with pilot project IDP community's members in 2020, Bhamo, Kachin

*“လူမှုအသိုင်းအဝိုင်း” တခုဆိုသည်ကို အများအားဖြင့် ဖေါ်ပြသည်မှာ နေရာဒေသတခုတည်းတွင်နေထိုင်သော လူအုပ်စု တခု သို့မဟုတ် အများစုအားဖြင့် သီးခြား ထူးခြားပင်ကိုယ်လက္ခဏာ နှင့်/သို့မဟုတ် တူညီသော ကိုယ်နေကိုယ်ဟန် သဘောထား နှင့် စိတ်ဝင်စားမှုများ အများစုတွင်ရှိသော[5] လူအုပ်စုတခု ဟူ၍ဖေါ်ပြကြသည်။ ဤစာတမ်းတွင် အသုံးပြုသော “လူမှုအသိုင်းအဝိုင်း” ဟူသော စကားရပ် ကို ပြည်တွင်း ရွှေ့ပြောင်း အခြေချနေထိုင်သူ လူအုပ်စု တခု နှင့် မိသားစုများ သည် ၎င်းတို့ ကိုယ်တိုင် လူအုပ်စု တခု အသွင်ဖြင့် စုစည်းအုပ်စုဖွဲ့လျက် ၎င်းတို့ကိုယ်တိုင် ၎င်းတို့သည် လူမှုအသိုင်းအဝိုင်း တခု ဖြစ်သည်ဟူ၍ အသိအမှတ်ပြုနေထိုင်သူများ အဖြစ် အသုံးပြုဖေါ်ပြသည်။*




The (British Building Research Establishment) BRE sustainability framework and assessment tool - QSAND[6] - ဗြိတိသျှ အဆောက်အဦး တည်ထောင်ခြင်းဆိုင်ရာ သုတေသန အဖွဲ့ကြီး ၏ ရေရှည်တည်တံ့သော မူဘောင်နှင့် အကဲဖြတ်တိုင်းတာခြင်း ကိရိယာများ အား အသုံးပြု၍ KMSS ကရုဏာ လူမှု စည်းလုံးညီညွတ်ရေး အသင်း ၏ လူမှုအသိုင်းအဝိုင်းဦးဆောင် ပြောင်းရွှေ့အခြေချနေထိုင်ရာ ရွှေ့ပြေးစီမံကိန်း ကို အဆိုပါလူမှုအသိုင်းအဝိုင်း နှင့် KMSS ကရုဏာ လူမှု စည်းလုံးညီညွတ်ရေး အသင်း အစီအစဉ် အဖွဲ့သားများအတူတကွ စီမံကိန်းဒီဇိုင်း ရေးဆွဲချိန်ကာလအတွင်း လုပ်ငန်းခွင် အစီအစဉ်ရေးဆွဲခြင်း၊ ဝန်ဆောင်မှုရုံး အဆောက်အဦ နှင့် ဆက်သွယ်ရေးဆိုင်ရာ ရုပ်ဝတ္ထုပစ္စည်းများ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထည့်သွင်း

[5] Oxford English dictionary

[6] While this was developed for natural disasters, reviewers of the tool from a wide range of NGOs conclude that many parts are equally relevant to conflict related responses.

စဉ်းစားရမည့် အချက်များ တို့နှင့်သက်ဆိုင်၍ ရေရှည်တည်တံ့မည့် အကဲဖြတ်တိုင်းတာခြင်းမူဘောင်များ ကို မိတ်ဆက်ပေးခဲ့ကြသည်။ ဤလက်စွဲစာစောင်တွင် သီးသန့် အခန်းများ ရည်ညွှန်းအလိုက်ပါရှိကာ စစ်ဆေးရမည့်အချက်အလက်များစာရင်းကို အခန်း ၃ တခုလုံးအတွင်းတွင် အစီအစဉ်တကျ လုပ်ငန်းအဆင့်များ နှင့် အကြံပြုသော လုပ်ဆောင်ရမည့် လုပ်ငန်း တာဝန်များ ပါဝင်သည်။

(Box တွင်ဖြည့်ရန်) **ရွေ့ပြောင်းစီမံကိန်း လူမှုအသိုင်းအဝိုင်း ကိုမိတ်ဆက်ပေးခြင်း**

ဤလက်စွဲစာစောင် သည် ၂၀၁၉-၂၀၂၀ တွင် KMSS ကရဏာ လူမှု စည်းလုံးညီညွတ်ရေး အသင်း မှ ဦးစီးဦးရွက်ပြုပြီး CRS မှ အကူအညီအထောက်အပံ့များဖြင့် အကောင်အထည်ဖော်ခဲ့သော လူမှုအသိုင်းအဝိုင်း ဦးဆောင် ပြောင်းရွှေ့အခြေချနေထိုင်ခြင်းစီမံကိန်းတခုမှ သင်ယူရရှိသည့် သင်ခန်းစာ များ နှင့် အတွေ့အကြုံများကို မှတ်တမ်းတင်ထားခြင်းဖြစ်သည်။ အဆိုပါ ရွေ့ပြောင်းစီမံကိန်းတွင် ကချင်ပြည်နယ် ဗန်းမော်ဒေသအတွင်းမှ ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်စခန်းများမှ အိမ်ထောင်စု ၄၈ ခုပါဝင်သည့် လူမှုအသိုင်းအဝိုင်း တခု ပါဝင်သည်။ အိမ်ထောင်စုအများစုသည် ပျမ်းမျှအားဖြင့် ၅ နှစ် မှ ၇ နှစ် အကြာ ရွှေ့ပြောင်းနေထိုင်ခဲ့ကြရခြင်းဖြစ်သည်။ အဆိုပါ အိမ်ထောင်စု ၄၈ ခုသည် လွတ်လပ်စွာဖြင့် ၁၁ အိမ်ထောင်စုပါ အုပ်စုငယ်၊ ၂၈ အိမ်ထောင်စု ပါအုပ်စုငယ် နှင့် ၇ အိမ်ထောင်စုပါအုပ်စုငယ် စသည်ဖြင့် လူမှုအသိုင်းအဝိုင်းငယ် ၃ ခုကို ဖွဲ့စည်းခဲ့ပြီး နှစ်ပေါင်းများစွာဖြင့် သင့်လျော်မည့် ပြောင်းရွှေ့အခြေချနေထိုင်ရန် မြေနေရာနှင့် အသက်မွေးဝမ်းကြောင်းအခွင့်အလမ်းများကို ရှာဖွေခဲ့ကြသည်။ အိမ်ထောင်စု ၄၈ ခုလုံးသည် ၎င်းတို့၏ မူလနေရင်းဒေသ သို့ ပြန်သွားလိုခြင်းမရှိ သို့မဟုတ် ပြန်သွားနိုင်ရန်အခြေအနေမရှိ ဖြစ်ခဲ့ကြရသည်။ ၂၂ အိမ်ထောင်စု အုပ်စု နှင့် ၂၈ အိမ်ထောင်စု အုပ်စု ၂ ခုလုံး မြေကွက် တခုကို ရှာဖွေတွေ့ရှိခဲ့ကြပြီး၊ မြေဝယ်ယူရန်အတွက် စေ့စပ်ဆွေးနွေးမှုကိုစတင်ပြုလုပ်ခဲ့ကြပြီး ကျေးရွာခေါင်းဆောင်များနှင့် ထိတွေ့ဆက်ဆံကာ ၎င်းတို့၏ ရွှေ့ပြောင်းအခြေချနေထိုင်ခြင်းအစီအစဉ်များကို စီစဉ်ခဲ့ကြသည်။ အဆိုပါ လူမှုအသိုင်းအဝိုင်းများသည် ကနဦးအနေဖြင့် KMSS ကရဏာ လူမှု စည်းလုံးညီညွတ်ရေး အသင်း သို့ ဆက်သွယ်လာခဲ့ကြပြီး ၎င်းတို့အတွက် အိမ် နှင့် အခြေခံအဆောက်အအုံ တည်ဆောက်ရန် အကူအညီ တောင်းခံခဲ့ပြီး အဆိုပြုခံရသူမှ လူမှုအသိုင်းအဝိုင်းဦးဆောင် ရွှေ့ပြောင်းစီမံကိန်းတွင် ပူးပေါင်းပါဝင်ရန် လိုလားစွာဆန္ဒရှိခဲ့ကြသည်။

## ၃။ လက်တွေ့ကျသည့် လုပ်ဆောင်ပုံအဆင့်များ

ဤအခန်းတွင် အချက် ၁၂ ချက် ပါဝင်သော လက်တွေ့ကျသည့် ဆက်စပ်သက်ဆိုင်သည့် လုပ်ငန်းတာဝန်အဆင့်များ ကို ဖေါ်ပြထားပြီး၊ လူမှုအသိုင်းအဝိုင်း ဦးဆောင် ပြောင်းရွှေ့အခြေချ စီမံကိန်း တခု ဖြစ်မြောက်စေရန် ပံ့ပိုးလုပ်ဆောင်နိုင်ရေးအတွက် လုပ်ငန်းစဉ် ကို ဖော်ပြထားသည်။ လုပ်ငန်းတာဝန်များသည် အတိုင်းအတာတခုအထိ ယေဘူယျ ကျပြီး မတူခြားနားသော ဆက်စပ်နောက်ခံအခြေအနေများ၌ ပြောင်းရွှေ့အခြေချနေထိုင်ခြင်းတွင် ဆက်စပ်အသုံးပြုနိုင်ရန် အတွက် အဆိုပါနေရာသစ်၊ အချိန် နှင့် လူမှုအသိုင်းအဝိုင်း၏ လိုအပ်ချက်များ နှင့် ဆန္ဒရည်မှန်းချက်များ အပေါ် နောက်ထပ် ဆက်လက်၍ ဆက်စပ်နောက်ခံအခြေအနေများလေ့လာသုံးသပ်ခြင်း ကို ပြုလုပ်ရန်လိုအပ်သည်။ မည်သို့ပင်ဖြစ်စေ ကချင်ပြည်နယ် ရှိ လူမှုအသိုင်းအဝိုင်းဦးဆောင် ပြောင်းရွှေ့နေထိုင်ခြင်း ရှေ့ပြေးစီမံကိန်း၏ အသေးစိတ်အချက်အလက်များ နှင့် ဥပမာများ ကို ထည့်သွင်းဖော်ပြထားသည်။

ယေဘူယျအားဖြင့် လုပ်ငန်းတာဝန်တခုစီတိုင်းတွင် လုပ်ဆောင်ရမည်လှုပ်လျှားမှု ကို ဖော်ပြထားပြီး မည်ကဲ့သို့ လုပ်ဆောင်ရမည်၊ မည်သူက ဦးဆောင်ရမည်၊ မည်သူများ ပူးပေါင်းပါဝင်ရမည် ဆိုသည်တို့ကို ရှင်းပြထားသည်။ ဥပမာများ နှင့် အခြားစာရွက်စာတမ်းများသို့ ရည်ညွှန်းချက်များ၊ နောက်ဆက်တွဲ ဇယားများ ပါရှိပြီး ဘောင်ခတ်ထားသည့် စာသားများအားဖြင့် ရှေ့ပြေးစီမံကိန်းအတွေ့အကြုံများကို ရေးသားဖော်ပြထားသည်။


ဤလက်စွဲစာစောင်တွင် (IDP) ပြည်တွင်းရွှေ့ပြောင်း နေထိုင်ရသူများ အတွက် ၎င်းတို့ မူရင်းဒေသသို့ ပြန်ခြင်း သို့မဟုတ် ပြောင်းရွှေ့အခြေချခြင်း/ပေါင်းစည်းခြင်း ကြိုးပမ်း အားထုတ်မှု များနှင့် လုပ်ငန်းစဉ်များကို ရေရှည်တည်တံ့သည့် ပြောင်းရွှေ့အခြေချခြင်း လမ်းကြောင်း ၃ သွယ် ဖြင့် ရေးသားဖေါ်ပြထားသည်။

၁။ လူမှုအသိုင်းအဝိုင်း လမ်းကြောင်း

၂။ သီးခြားပုဂ္ဂလိက လမ်းကြောင်း

၃။ နှစ်မျိုးစပ်လမ်းကြောင်း

အဆိုပါလမ်းကြောင်း ၃ သွယ် မှာ ၄၈ အိမ်ထောင်စု ပြန်လည်နေရာချထားခြင်း နှင့် နေရပ်ပြန်ရန် ကြိုးပမ်းအားထုတ်မှုများ ၏ စမ်းသပ်အောင်မြင်ပြီးသော ရှေ့ပြေးစီမံကိန်း မှ အတွေ့အကြုံ များနှင့် သင်ခန်းစာများ၏ လက်တွေ့ကျသော ခြေလှမ်းအဆင့်တိုင်း ကို ဤအခန်းတွင် မှတ်တမ်းတင်ရေးသားထားခြင်းဖြစ်သည်။ (ထပ်မံ၍ အသေးစိတ်သတင်းအချက်အလက်များ ကို သိလိုပါက ရှေ့ပြေးစီမံကိန်း အစီရင်ခံစာကို ဖတ်ရန် ရည်ညွှန်းပါသည်)။ အောက်ဖေါ်ပြပါ ပုံစံကားချပ်တွင် လမ်းကြောင်း ၃ သွယ်၏ ရွေးချယ်နိုင်သည့်အခွင့်အရေးများ နှင့် အဓိကခြေလှမ်း လုပ်ငန်းအဆင့်များကို ဖော်ပြထားသည်။




## ၁။ လူမှုအသိုင်းအဝိုင်းလမ်းကြောင်း

ဤလမ်းကြောင်းတွင် အကယ်၍ ဒုက္ခသည်စခန်းတွင် အတူတကွ ရွှေ့ပြောင်းနေထိုင် နေကြရသောမိသားစုများ အုပ်စုတစု သည် မိမိတို့ကိုယ်တိုင် လူမှုအသိုင်းအဝိုင်း တစု ဖွဲ့စည်းပြီး မြေကွက်ကျယ်တခုကို စုပေါင်းဝယ်ယူရန် ဆုံးဖြတ်ကြခြင်း၊ သို့မဟုတ် ကျေးရွာတခုတည်း သို့မဟုတ် ဒေသတခုတည်မှ လာရောက်ကြလျက် နီးကပ်သော အစုအဖွဲ့ နှောင်ကြိုးများ ရှိကြသည်။

ဖြစ်နိုင်သည်မှာ ဤ လူမှုအသိုင်းအဝိုင်း သည် အချို့သော အုပ်ချုပ်မှု အဖွဲ့အစည်းများကို ဖွဲ့စည်းထားပြီးဖြစ်ကာ၊ ဥပမာ လူမှုအသိုင်းအဝိုင်း ခေါင်းဆောင်များ၊ ကော်မတီ သို့မဟုတ် အလားသဏ္ဍာန်တူ အဖွဲ့ များ ရှိပြီးဖြစ်သည်။ ထို့ကြောင့် အဆိုပါလူမှုအသိုင်းအဝိုင်း ၏ ကြိုးပမ်းအားထုတ်မှုများနှင့် ဆန္ဒ ရည်မှန်းချက်များ ကို ဝိုင်းဝန်းကူညီ အားဖြည့်ပေးရန် မုချ လိုအပ်ပြီး၊ <u>ထိုလူမှုအသိုင်းအဝိုင်း၏ ဖွဲ့စည်းစီမံအုပ်ချုပ်ပုံအသစ်များ သို့မဟုတ်</u>

<u>လုပ်ငန်းစဉ်များကို သွတ်သွင်းသတ်မှတ်၍မဟုတ်ဘဲ</u>၊ လူမှုအသိုင်းအဝိုင်း ကို ပွင့်လင်းမြင်သာသော ဆုံးဖြတ်ချက်များ ချမှတ်စေရန် ပံ့ပိုးပေးကာ၊ အကြံဉာဏ်ပေးခြင်းနှင့် <u>လိုအပ်သည့်အချိန်တွင် တောင်းခံလာပါက</u> အကူအညီ အထောက်အပံ့များ ပေးအပ်ရန်ဖြစ်သည်။

**ဤလမ်းကြောင်းမှာ အောက်ဖော်ပြပါ အခြေအနေများအတွက် အသင့်လျော်ဆုံး ဖြစ်သည် -**

လူမှုအသိုင်းအဝိုင်းသည် မြေကွက်ကို အုပ်စုအနေဖြင့်ဝယ်ယူထားပြီး မိသားစုတခုချင်းအလိုက် ပြန်လည်ခွဲဝေရန် ရည်ရွယ်ရင်းရှိကာ မြေကွက်၏ ရာခိုင်နှုန်းတခုကို အများပိုင်ဘုံမြေအဖြစ် ထားရှိရန်ဖြစ်သည်။

အနာဂတ်တွင် အများပိုင်ဘုံမြေပိုင်ဆိုင်မှုကို စီမံအုပ်ချုပ်ရန် လိုအပ်ပြီး၊ မည်ကဲ့သို့ မည်သူက၊ မည်သည့်အချိန်တွင် မည်ကဲ့သို့ဖြစ်လာရမည်ကို အများသဘောတူညီချက် ရယူထားရန် လိုအပ်သည်။ ဥပမာ - ရေ၊ မိလ္လာစနစ် နှင့် သန့်ရှင်းရေး အခြေခံအဆောက်အအုံများ (ရေတိုင်ကီ နှင့် ရေတွင်းများ)၊ လျှပ်စစ်မီးသွယ်တန်းခြင်း၊ လျှောက်လမ်း လမ်းကြောင်းများ၊ ရောင်း/ဝယ်/ငှားရမ်းခွင့် စသည်တို့ ဖြစ်သည်။

ထို လူမှုအသိုင်းအဝိုင်း သည် မြေကို အတူတကွ စုပေါင်းဝယ်ယူလိုသည် သို့မဟုတ် မြေယာကိစ္စ ဆွေးနွေးညှိနှိုင်းမှုများ လုပ်ဆောင်လျက် ရှိသည် (ရွှေ့ပြောင်းစီမံကိန်း လူမှုအသိုင်းအဝိုင်း သည် မြေဝယ်ယူရန် မြေရှာဖွေခြင်း၊ ငွေကြေးစုဆောင်းခြင်းအတွက် ဆွေးနွေးညှိနှိုင်းမှုများကို ၅ နှစ်တာ အချိန်ယူလုပ်ဆောင်ခဲ့ကြရသည်။)

အစိုးရမှ လူမှုအသိုင်းအဝိုင်း တခု ဖွဲ့စည်းထားခြင်းမရှိသေးသော အိမ်ထောင်စုများ အုပ်စုတခုသို့ မြေကွက်ရရှိရန် စီစဉ်ပေးခဲ့ရာ၊ လူမှုအသိုင်းအဝိုင်းဖွဲ့စည်းပြီး အတူတကွ အခြေချ နေထိုင်ကြမည်ဖြစ်သည်။

**အရေးကြီးသော အချက်များ အကျဉ်းချုပ်-**

၁။ မြေကွက်ကို စုပေါင်းဝယ်ယူသည့်အတွက် ပြန်လည်ခွဲဝေရာတွင် မျှတမှုရှိစေရန် လူမှုအသိုင်းအဝိုင်းဖွဲ့စည်းပုံ ပုံစံဖြင့် ဖွဲ့စည်းရန်လိုအပ်သည်။ အကြောင်းမှာ မိသားစုများသည် ၎င်းတို့ပေးချေထားသော ငွေတန်ဖိုးအလိုက် အချိုးကျ မြေကွက် ခွဲဝေရရှိရန်ဖြစ်သည်။ (အဆင့် ၁ ကို ရည်ညွှန်းသည်)

၂။ လူမှုအသိုင်းအဝိုင်း ဖွဲ့စည်းပုံ၊ အခန်းကဏ္ဍ နှင့် တာဝန်များ၊ နှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းလုပ်ငန်းစဉ်များသည် အားလုံးပါဝင်နိုင်မှုရှိခြင်း၊ တာဝန်ခံမှုရှိခြင်း နှင့် ပွင့်လင်းမြင်သာမှု ရှိခြင်းတို့အားဖြင့် အများပိုင် ပုံစံကို အထောက်အကူပြုရန်၊ ယုံကြည်မှုအားကိုးရမှုဖြင့် အလားအလာရှိသော အငြင်းပွားမှုများကို လျော့ချနိုင်ရန်။ (အဆင့် ၁ ကိုရည်ညွှန်းသည်)

၃။ လူမှုအသိုင်းအဝိုင်း လုပ်ငန်းခွင် စီမံကိန်းရေးဆွဲခြင်းလုပ်ငန်းစဉ် သည် ရေရှည်တည်တံ့သော ပြောင်းရွှေ့အခြေချနေထိုင်ရာ တခုကို တည်ဆောက်ရာတွင် ပဓာနကျသည့် အစီအစဉ်ရေးဆွဲခြင်း လက်နက်ကိရိယာဖြစ်သည်။ (ဥပမာ- ဆီလျော်မျှတသော မြေကွက်အကျယ်အဝန်း/အချိုးအစား၊

လမ်းမများ နှင့် လမ်းကြောင်းများ တည်နေရာ၊ ရေ မိလ္လာနှင့် သန့်ရှင်းရေး အခြေခံအဆောက်အအုံ၊ လျှပ်စစ်မီးသွယ်တန်းခြင်း၊ တိရိစ္ဆာန်မွေးမြူရန် မြေဧရိယာများ၊ စသည်ဖြင့်…) (အဆင့် ၅ ကိုရည်ညွှန်းသည်)

၄။ သတ်မှတ်အိမ်ပုံစံဒီဇိုင်း နှင့် ဆောက်လုပ်ရေးကုန်ကျစရိတ်များကို စုပေါင်းလျက် သဘောတူထားရမည်ဖြစ်ရာတွင် မတူညီသော မိသားစုအလိုက်လိုအပ်ချက်များကို လေးစားရမည် (အကျယ်အဝန်း၊ မသန်စွမ်းမိသားစုဝင်များ၊ အခြား,,,,) (အဆင့် ၆ ကိုကြည့်ပါ)

၅။ တဦးခြင်း သို့မဟုတ် အများပိုင် ငွေရေးကြေးရေး အထောက်အပံ့ လမ်းကြောင်းသည် ရွေးချယ်နိုင်သည့် အခွင့်အရေးတခုဖြစ်ပြီး စုပေါင်းသဘောတူညီမှု လိုအပ်သည်။ ရရှိသည့် ဘဏ္ဍာငွေကြေးအထောက်အပံ့ သည် လူမှုအသိုင်းအဝိုင်း တခုနှင့်တခု မတူညီနိုင်ဘဲ မတူညီသည့် လုပ်ငန်းအစိတ်အပိုင်းများ အားပံ့ပိုးပေးနေခြင်းလည်းဖြစ်နိုင်သည်။ ( ဥပမာ- အိမ်ဆောက်ခြင်း၊ ရေ၊ မိလ္လာနှင့် သန့်ရှင်းရေး၊ လျှပ်စစ်သွယ်တန်းခြင်း၊ အခြား…(အဆင့် ၇ ကို ကြည့်ပါ)

၆။ လူမှုအသိုင်းအဝိုင်းသည် ၎င်းတို့ကိုယ်ပိုင် ငွေကြေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းကျွမ်းကျင်မှု တို့ကို အသီးသီးစုပေါင်းထည့်ဝင်လျက် ဆောက်လုပ်ရေးပစ္စည်းဈေးနှုန်းများကို ဈေးလျှော့ပေးရန် ညှိနှိုင်းနိုင်ခြင်း၊ ကျွမ်းကျင်သူ လုပ်သားများကိုအတူတကွ စုစည်းနိုင်ခြင်း၊ စုပေါင်းလျက် ဆောက်လုပ်ရေးလုပ်ငန်းကို စောင့်ကြည့်ကြီးကြပ်နိုင်သည်။ (အဆင့် ၈ ကိုကြည့်ပါ)

၇။ လူမှုအသိုင်းအဝိုင်းကော်မတီသည် လူမှုအသိုင်းအဝိုင်းကို ကိုယ်စားပြုလျက် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ဒေသအာဏာပိုင်တို့နှင့် ဆက်သွယ်ညှိနှိုင်းပြီး အိမ်ထောင်စုစာရင်းများ၊ ကျောင်းဝင်ခွင့်များ နှင့် အခြားလူမှုရေးဝန်ဆောင်မှုများကို လက်လှမ်းမှီရယူနိုင်ရန်နှင့် အသင်းအဖွဲ့လှုပ်ရှားမှုများ နှင့် ဒေသတွင်း အိမ်နီးခြင်းရပ်ဆွေရပ်မျိုးများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်ရယူနိုင်သည်။ (အဆင့် ၁၀ ကိုကြည့်ပါ)

၈။ လူမှုအသိုင်းအဝိုင်းဦးဆောင် တုန့်ပြန်မှုယန္တယားကို ထူထောင်ရန် လိုအပ်သည် သို့မဟုတ် ပိုမိုအားကောင်းလာရန်လုပ်ဆောင်ပြီး တာဝန်ခံမှုနှင့် အကာအကွယ်ပေးမှု၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ချက်များ၊ နှင့် အရည်အသွေး အာမခံမှု နှင့် စည်းမျဉ်းအတိုင်း လိုက်နာဆောင်ရွက်မှု( ရေ၊ မိလ္လာ နှင့် သန့်ရှင်းရေး၊ နှင့် ယာယီခိုနားရာ အခြေခံအဆောက်အအုံများ) (အဆင့် ၁ ကို ရည်ညွှန်းသည်)

၉။ လူမှုအသိုင်းအဝိုင်း လမ်းညွှန်ချက် ကို ရှင်းလင်းတိကျစွာ အဓိပ္ပါယ်ဖွင့်ဆိုပြီး အများပိုင်မြေကွက်အပိုင်းနှင့် လုပ်ငန်းဆောင်တာများ စီမံအုပ်ချုပ်ရေး၊ ပြုပြင်ထိန်းသိမ်းအတွက် ရေးသားမှတ်တမ်းတင်ထားရမည်။ (ဥပမာ - ရေပိုက်များ/ရေတွင်းများ၊ ရေစင်များ၊ လမ်းကြောင်းများ၊ လျှပ်စစ်မီး၊ တိရိစ္ဆာန်မွေးမြူရေးကြောင့် ရေညစ်ညမ်းမှု ကာကွယ်တားဆီးခြင်း၊ မီးစက်များကြောင့် အသံ နှင့် လေထုညစ်ညမ်းမှု၊ အစိုင်အခဲ

စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု၊ အိမ်ယာတိုးချဲ့ခြင်း၊ အနည်းဆုံးမီးတားလမ်းအကွာအဝေး၊ စသည်တို့...(အဆင့် ၁၂ ကို ရည်ညွှန်းသည်)

## ၂။ သီးခြားမိသားစု တစ်စုချင်းလမ်းကြောင်း

ဤ လမ်းကြောင်းသည် အိမ်ထောင်စု တခု မှ သီးသန့်လွတ်လပ်စွာ ပြောင်းရွှေ့ရန် ဆုံးဖြတ်ပါက အသုံးတည့်ပါသည်။ အဆိုပါအိမ်ထောင်စုသည် အုပ်စု တခု၏ စုပေါင်း၍ ဆုံးဖြတ်ချက်ချခြင်းများတွင် ပါဝင်ခြင်းမရှိပါ။ ဤကဲ့သို့ ကိစ္စရပ်များတွင် ထိုအိမ်ထောင်စု အတွက် အနီးအပါး ကျေးရွာများ တွင် ဝင်ရောက်ပေါင်းစည်းလျက် လူမှု/ဥပဒေရေးရာ ဝန်ဆောင်မှုများ နှင့် အသက်မွေးဝမ်းကြောင်းအခွင့်အလမ်းများ သို့ လက်လှမ်းမှီ နိုင်ရေးအတွက် ပံ့ပိုးပေးရန် အရေးကြီးပါသည်။ ထိုအိမ်ထောင်စုများသည် တိုင်ကြားခြင်းနှင့် တုန့်ပြန်ချက်ပေးနိုင်သည့် အကူအညီ/ဝန်ဆောင်မှု ဌာနသို့ လက်လှမ်းမှီနိုင်ရန် လိုအပ်သည်။

**ဤလမ်းကြောင်းမှာ အောက်ဖော်ပြပါ အခြေအနေများအတွက် အသင့်လျော်ဆုံးဖြစ်သည် -**

- သီးခြားအိမ်ထောင်စု တခုသည် ၎င်း၏ မူရင်း မြေနေရာ (မူလ ဒေသ) သို့ ပြန်သွားခြင်းဖြစ်ပါက
- သီးခြားအိမ်ထောင်စု တခုသည် ကိုယ်ပိုင် ပုဂ္ဂလိက ဝယ်ယူသော မြေကွက်/အိမ် သို့ပြောင်းရွှေ့ပါက
- သီးခြားအိမ်ထောင်စု တခု သည် မိသားစုပိုင် မြေကွက်ပေါ်သို့ ပြောင်းရွှေ့ပြီး အဆိုပါမြေကွက်ပေါ်တွင် တိုးချဲ့ရန်/တည်ဆောက်ရန် ဆန္ဒရှိနေခြင်း

**အရေးကြီးသော အချက်များ အကျဉ်းချုပ် -**

၁။ စီမံကိန်းဝန်ထမ်းတဦးကို အဆိုပါအိမ်ထောင်စုများအတွက် ပထမဆက်သွယ်ရန် ဆုံမှတ်အဖြစ် တာဝန်ချထားပေးရန်လိုအပ်ပြီး သတင်းအချက်အလက်မျှဝေခြင်း၊ ပြဿနာ ဖြေရှင်းခြင်း၊ အဆိုပါဒေသရှိ လူမှု/ဥပဒေရေးရာ ဝန်ဆောင်မှုများ၊ အကူအညီအထောက်အပံ့များ သို့ လက်လှမ်းမှီရန်အတွက် အကူအညီပေးရန် ဖြစ်သည်။ (အဆင့် ၁၀ ကိုကြည့်ပါ)

၂။ အကယ်၍ ဆက်စပ်သက်ဆိုင်နေပါက အိမ်ထောင်စု၏ အခြားမိသားစုများကိုလည်း အိမ်ထောင်စု ပြောင်းရွှေ့ခြင်းဆိုင်ရာ စီမံချက်ရေးဆွဲရာတွင်၎င်း၊ ငွေရေးကြေးရေး စီမံခန့်ခွဲရေး၊ ပြဋ္ဌာန်းဥပဒေအရ လိုက်နာရမည့် စည်းမျဉ်း စည်းကမ်းများ လိုက်နာခြင်းတို့တွင်၎ ဝိုင်းဝန်းကူညီထောက်ပံ့မှု ပြုလုပ်ပေးရန်ဖြစ်သည်။ (အဆင့် ၅ ကိုကြည့်ပါ)

၃။ အိမ်ပုံစံဒီဇိုင်းနှင့် ကုန်ကျစရိတ်ကို အဆိုပါအိမ်ထောင်စုနှင့် သဘောတူညီမှုရထားရန်လိုအပ်ပြီး၊ မတူညီသော မိသားစုဝင်များ၏ လိုအပ်ချက်များ၊ လိုက်နာရမည့် ပြဋ္ဌာန်းဥပဒေပါ စည်းမျဉ်းစည်းကမ်းများ နှင့် ဘဏ္ဍာရေး အထောက်အပံ့များ ကိစ္စ တို့ကို လေးစားလိုက်နာရန်ဖြစ်သည်။ (အဆင့် ၆ ကိုကြည့်ပါ)

၄။ သီးခြားအိမ်ထောင်စုများသည် ငွေကြေးအထောက်အပံ့ကို အသင့်တော်ဆုံးသော နည်းးလမ်းဖြင့် လက်ခံရရှိသည် (ဥပမာ- ဝေမန်းနီး၊ ဘဏ်ငွေစာရင်း၊ ငွေသားကဒ်) (အဆင့် ၇ ကိုကြည့်ပါ)

၅။ တိုင်းကြားခြင်းနှင့် တုန့်ပြန်အကြံပြုခြင်း အကူအညီပေးရေးဖုန်းနံပါတ်/ဝန်ဆောင်မှု ရုံးစားပွဲ သို့ အဆိုပါအိမ်ထောင်စုကို လက်လှမ်းမှီ ရရှိနိုင်စေရမည်။ လက်ရှိ လိုင်း/ရုံး သို့မဟုတ် တိုးချဲ့ရန်လိုအပ်ပါက တိုးချဲ့ ဖွဲ့စည်း တည်ထောင်ရန် (အဆင့် ၁ သို့ ရည်ညွှန်းသည်)

## ၃။ နှစ်မျိုးစပ်လမ်းကြောင်း


ဤလမ်းကြောင်းသည် လူမှုအသိုင်းအဝိုင်း လမ်းကြောင်း နှင့် သီးခြားပုဂ္ဂလိက လမ်းကြောင်း တို့မှ ပေါင်းစပ်ထားခြင်းဖြစ်သည်။ လုပ်ငန်းအဆင့်အများစုသည် လူမှုအသိုင်းအဝိုင်းလမ်းကြောင်းနှင့် အတူတူပင်ဖြစ်ပြီး ကွာခြားသွားသည်မှာ မြေကို အိမ်ထောင်စုတခုခြင်းစီအတွက် အကွက်ငယ်များအဖြစ် ပြန်လည်ခွဲခြမ်းခြင်း နှင့် အများပိုင်မြေကွက်နှင့် အခြေခံ အဆောက်အအုံများကို စီမံအုပ်ချုပ်ခြင်း လိုအပ်မှုများတွင်သာ ကွာခြားမှုရှိသည်။


**ဤလမ်းကြောင်းမှာ အောက်ဖော်ပြပါ အခြေအနေများအတွက် အသင့်လျော်ဆုံးဖြစ်သည်** -

- အိမ်ထောင်စု များသည် အုပ်စုတခု ဖွဲ့စည်းပြီး ကိုယ်ထူကိုယ်ထ အဖွဲ့ ထူထောင်ကာ ကျေးရွာတခုတည်းအတွင်း သို့မဟုတ် အဆိုပါဒေသအတွင်းရှိ ပုဂ္ဂလိကပိုင် သို့မဟုတ် ဝယ်ယူထားသောမြေကွက်သို့ ပြောင်းရွှေ့ရာတွင် အချင်းချင်း ဝိုင်းဝန်းကူညီထောက်ပံ့ လျှင် အလွန်အသုံးတည့်သည်။

**အရေးကြီးသော အချက်များ အကျဉ်းချုပ် -**

- လူမှုအသိုင်းအဝိုင်း လမ်းကြောင်း အချက် ၅ မှ ၁၀ သို့ကြည့်ပါ။
- သီးခြား ပုဂ္ဂလိ လမ်းကြောင်း ၁- ၂ ကို ကြည့်ပါ။


အဆင့် ၀
စတင်တည်ထောင်ခြင်း/ ပြင်ဆင်မှုများ ပြုလုပ်ခြင်း
အဆင့် ၁
ပူးပေါင်းပါဝင်ခြင်းနှင့် လူထုမှဦးဆောင်သော လူမှုအသိုင်းအဝိုင်း ဖွဲ့စည်းပုံများ
အဆင့် ၂
ဒေသဆိုင်ရာ အုပ်ချုပ်မှု/ လူမှုအသိုင်းအဝိုင်းနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း
အဆင့် ၃
ပိုင်ဆိုင်မှုအာမခံချက်ရှိရေး
အဆင့် ၄
လုပ်ငန်းခွင်နှင့် ဧရိယာ အကဲဖြတ်ခြင်း
အဆင့် ၅
ပူးပေါင်းဆောင်ရွက်သော လုပ်ငန်းခွင်နှင့် နယ်မြေဒေသ ဆိုင်ရာ အစီအစဉ်ရေးဆွဲခြင်း
အဆင့် ၆
အိမ်၊ ရေ၊ မိလ္လာနှင့် သန့်ရှင်းရေးဆိုင်ရာ ဒီဇိုင်း ပုံစံရေးဆွဲခြင်း လုပ်ငန်းစဉ်
အဆင့် ၇
အိမ်နှင့် (ရေ၊ မိလ္လာနှင့် သန့်ရှင်းရေး) အခြေခံအဆောက် အအုံ တည်ဆောက်ရန် ငွေကြေး လွှဲပြောင်းပေးခြင်း
အဆင့် ၈
အိမ်နှင့် (ရေ၊ မိလ္လာနှင့် သန့်ရှင်းရေး) အခြေခံအဆောက် အအုံ တည်ဆောက်ခြင်းနှင့် စောင့်ကြည့်ကြီးကြပ်ခြင်း
အဆင့် ၉
ရပ်ပိုင်းဆိုင်ရာ အခြေခံ အဆောက်အအုံ/ ကွန်ယက်များ နှင့် ချိတ်ဆက်ခြင်း
အဆင့် ၁၀
လူမှုရေး ဝန်ဆောင်မှုစနစ်/ အထောက်အပံ့များ ရရှိ အသုံးပြုနိုင်စေခြင်း
အဆင့် ၁၁
အသက်မွေးဝမ်းကြောင်း အခွင့်အလမ်းများ
အဆင့် ၁၂
လူမှုအသိုင်းအဝိုင်းဆိုင်ရာ လမ်းညွှန်ချက်



ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့နှင့် သဘောတူညီချက် ရယူခြင်း/ မြေယာမှတ်ပုံတင်ခြင်း
ရွှေ့ပြောင်းရေး အစီအစဉ် ရေးဆွဲခြင်း/ ရွှေ့ပြောင်းခြင်း
လူမှုအသိုင်းအဝိုင်းဆိုင်ရာ လမ်းညွှန် မှတ်စုများ ပြုစုခြင်း
နေအိမ် ဆောက်လုပ်မှု စတင်ခြင်း- ပြီးစီးခြင်း
(ရေ၊ မိလ္လာနှင့် သန့်ရှင်းရေး/ လျှပ်စစ်မီး စသည့်) ဝန်ဆောင်မှုများ ထည့်သွင်းနိုင်ရန် အခြား ဝန်ဆောင်မှုပေးသူများ/ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ခြင်း
လူမှု အသိုင်းအဝိုင်း တုန့်ပြန်မှု ယန္တရား တည်ထောင်ခြင်း
လူမှုရေးဝန်ဆောင်မှုများအတွက် မိတ်ဆက်ထောက်ခံပေးသည့် ယန္တရား တည်ထောင်ခြင်း
ဆောက်လုပ်ရေးပစ္စည်းများ မှာယူခြင်း/ ပထမဆုံးအကြိမ် ငွေလွှဲပြောင်းပေးချေခြင်း
လူမှု အသိုင်းအဝိုင်း အတွက် ဘဏ်အကောင့် ဖွင့်လှစ်ခြင်းနှင့်အိမ်ထောင်စု များအား ငွေကြေးဆိုင်ရာ သင်တန်း ပေးခြင်း
၂၀၂၀
နေအိမ် တစ်ခုချင်း၏ ပုံစံဒီဇိုင်း/ ကုန်ကျစရိတ် တွက်ချက်မှု ပြီးစီးခြင်း
စီမံကိန်းနေရာ ပြင်ဆင်မှု စတင်ခြင်း
လုပ်ငန်းခွင်ပုံစံ/ မြေရာ အကွက်ချပုံစံတို့အား လူမှု အသိုင်းအဝိုင်းမှ သဘောတူခြင်း
အခြေချ နေထိုင်မှုဆိုင်ရာကော်မတီ အစည်းအဝေးအား ၂ ပတ် ၁ ကြိမ် ကျင်းပရန် ဆောင်ရွက်ခြင်း
အဖွဲ့ ၁ မှ လူမှုအသိုင်းအဝိုင်းဆိုင်ရာ လုပ်ငန်းခွင် အစီအမံ ရေးဆွဲခြင်း၊ ဘဏ္ဍာရေးနှင့် အိမ်ပုံစံ ဒီဇိုင်းဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပခြင်း
အဖွဲ့ ၁ မှ လုပ်ငန်းခွင်နေရာအား အကဲဖြတ်ခြင်း/ မြေယာ တိုင်းတာခြင်း
အဖွဲ့ ၁ မှ အခြေချ နေထိုင်ခြင်းဆိုင်ရာ ကော်မတီကို ဖွဲ့စည်းခြင်း
စီမံကိန်း မိတ်ဆက်နှင့် အစီအမံ ရေးဆွဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ
လူမှု အသိုင်းအဝိုင်း အခြေပြု အခြေချ နေထိုင်ခြင်းဆိုင်ရာ ရှေးဦးစီမံကိန်း စတင်ခြင်း
၂၀၁၉
လိုအပ်သည့် ပံ့ပိုးမှုများ ရရှိနိုင်ရန် အိမ်ထောင်စုများမှ KMSS နှင့် ကျေးရွာ အုပ်ချုပ်ရေးအား ဆက်သွယ်ခြင်း
အိမ်ထောင်စု များမှ မြေရာဝယ်ယူရန် ညှိနှိုင်းခြင်း/ ဝယ်ယူခြင်း
စစ်ဘေးရှောင်စခန်းရှိ အိမ်ထောင်စုများမှ အဖွဲ့ ဖွဲ့စည်းခြင်း
KMSS မှ အခြေချနေထိုင်ခြင်းဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ရေး မဟာဗျူဟာ အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း
၂၀၁၈

## လက်တွေ့ကျသည့် လုပ်ဆောင်ပုံအဆင့်များ အကျဉ်းချုပ်

အဆင့် ၀- ပြင်ဆင်မှုများပြုလုပ်ခြင်း

အလုပ်တာဝန် - အဓိကသက်ဆိုင်သူများနှင့် လုံခြုံရေးဆိုင်ရာ ဆက်စပ်နောက်ခံအခြေအနေအကြောင်းအရာများကို ညှိနှိုင်းဆွေးနွေးခြင်း
အလုပ်တာဝန် - အဓိကသက်ဆိုင်သူများနှင့်ညှိနှိုင်းဆွေးနွေးပြီး ရည်မှန်းပစ်မှတ်ထား ဧရိယာဒေသအတွက် အကာအကွယ်ပေးရေးဆိုင်ရာ ခွဲခြမ်းစိတ်ဖြာလေ့လာသုံးသပ်ချက်ပြုလုပ်ခြင်း
အလုပ်တာဝန် - ရရှိနိုင်ဖွယ်ရှိသည့် ဘဏ္ဍာရေး အထောက်အပံ့များကို ဇယားချကြည့်ခြင်း
အလုပ်တာဝန် - ပြန်လည်သုံးသပ်ခြင်း စာပွဲဝိုင်းအစည်းအဝေးနှင့် သတင်းအချက်အလက်မျှဝေခြင်း အစည်းအဝေးများ အလျှင်အမြန်နည်းဖြင့် ပြုလုပ်ခြင်း
အလုပ်တာဝန် - ဝန်ထမ်းများ၏ အခန်းကဏ္ဍ နှင့် တာဝန်ဝတ္တရားများ မူကြမ်းရေးဆွဲခြင်း
အလုပ်တာဝန် - စီမံကိန်းဝန်ထမ်းများအတွက် အကာအကွယ်ဆိုင်ရာ သင်တန်းပြုလုပ်ပေးခြင်း

အဆင့် ၁- ပူးပေါင်းပါဝင်ခြင်းနှင့် လူထုမှဦးဆောင်သော လူမှုအသိုင်းအဝိုင်းဖွဲ့စည်းပုံများ

အလုပ်တာဝန် - လက်ရှိ လူမှုအသိုင်းအဝိုင်း၏ သတင်းအချက်အလက်များကို နားလည်ရန်နှင့် ပုံဆွဲဇယားချထားရန် ဆောင်ရွက်ခြင်း

အလုပ်တာဝန် - စီမံကိန်း မိတ်ဆက် အလုပ်ရုံဆွေးနွေးပွဲ ဦးဆောင်ပြုလုပ်ခြင်း

အလုပ်တာဝန် - လူမှုအသိုင်းအဝိုင်း ကော်မတီကို ဖွဲ့စည်းပေးပြီး သို့မဟုတ် လက်ရှိလူမှုအသိုင်းအဝိုင်း ဖွဲ့စည်းပုံကို ပိုမိုအားကောင်းလာစေရန် ပြုလုပ်ပေးခြင်း

အလုပ်တာဝန် - ရှင်းလင်းသည့် လူမှုအသိုင်းအဝိုင်း ရွှေ့ပြောင်းအခြေချခြင်းအစီအစဉ် ရေးဆွဲခြင်း

အလုပ်တာဝန် - လူမှုအသိုင်းအဝိုင်း တုန့်ပြန်အကြံပြုခြင်း ယန္တယား/ ဆက်သွယ်ရေးလမ်းကြောင်းများ သတ်မှတ်ခြင်း/ သို့မဟုတ် ထူထောင်ခြင်း

အဆင့် ၂ - ဒေသဆိုင်ရာ ဦးဆောင်မှု/ လူမှုအသိုင်းအဝိုင်းနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း

အလုပ်တာဝန် - ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့တည်ဆောက်ပုံ ကို နားလည်ပြီး လက်ရှိ ဆက်ဆံရေး/ထိတွေ့မှု များကို မြေပုံကြမ်းချဆွဲခြင်း

အလုပ်တာဝန်- ကျေးရွာ အုပ်ချုပ်ရေးခေါင်းဆောင်များ၊ အိမ်နီးချင်းများနှင့် အစည်းအဝေး ကျင်းပနိုင်ရန်နှင့် ပုံမှန်အခြေအနေများကို တင်ပြနိုင်ရန် ဦးဆောင်ပံ့ပိုးပေးခြင်း

အလုပ်တာဝန် - ပြည်တွင်း နေရပ်စွန့်ခွာ အိမ်ထောင်စုများ ကို ကျေးရွာ/ အနီးအနားရှိ လူမှုအသိုင်းအဝိုင်းများအတွင်းသို့ လူမှုရေး နှင့် ယဉ်ကျေးမှုဆိုင်ရာ ပေါင်းစည်းရေး အတွက် ဝိုင်းဝန်း ကူညီပေးခြင်း

အဆင့် ၃- ပိုင်ဆိုင်မှု လုံခြုံရေး

အလုပ်တာဝန် - မြေယာရွေးချယ်မှုကို နားလည်စေရန် ဆောင်ရွက်ခြင်း

အလုပ်တာဝန် - ဒေသအာဏာပိုင်များ/ ကျေးရွာအုပ်ချုပ်ရေးခေါင်းဆောင်များနှင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခြင်း

အလုပ်တာဝန် - လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး နှင့် လုံခြုံရေးဆိုင်ရာ အကဲဖြတ်ခြင်း

အလုပ်တာဝန် - စာရွက်စာတမ်းများ စုစည်းခြင်း

အဆင့် ၄ - လုပ်ငန်းခွင် နှင့် ဒေသဧရိယာ အကဲဖြတ်ခြင်း

အလုပ်တာဝန် - နည်းပညာအသုံးပြု မြေတိုင်းတာရေး ဆောင်ရွက်ခြင်း

အလုပ်တာဝန် - သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုပ်ငန်းခွင် အကဲဖြတ်မှုပြုလုပ်ခြင်း

အလုပ်တာဝန် - ပြဋ္ဌာန်းဥပဒေအရ စီမံကိန်းရေးဆွဲခြင်းအတွက် လိုအပ်ချက်များနှင့် စည်းမျဉ်းများ ထည့်သွင်းခြင်း

အလုပ်တာဝန် - လူမှုရေး/ယဉ်ကျေးမှု ဝန်ဆောင်မှုများအား မြေပုံရေးဆွဲဖော်ထုတ်ခြင်း

အဆင့် ၅ - ပူးပေါင်းဆောင်ရွက်သော လုပ်ငန်းခွင်နှင့် နယ်မြေဒေသဆိုင်ရာ အစီအစဉ်ရေးဆွဲခြင်း

အလုပ်တာဝန် - လူမှုအသိုင်းအဝိုင်း လုပ်ငန်းခွင် အစီအစဉ်ရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲ ဖြစ်မြောက်အောင် ဦးဆောင်ပံ့ပိုးပေးခြင်း

အလုပ်တာဝန် - မြေကွက်ခွဲဝေခြင်းနှင့် ရေမိလ္လာနှင့် သန့်ရှင်းရေးစနစ်တို့ပါဝင်သော အပြီးသတ် လုပ်ငန်းခွင် အပြင်အဆင် မူကြမ်းရေးဆွဲခြင်း

အလုပ်တာဝန် - ပြဋ္ဌာန်းဥပဒေအရ မြေယာအသုံးချခြင်း/ စည်းမျဉ်းများအလိုက် အစီအစဉ်များရေးဆွဲခြင်းနှင့် လျှောက်ထားခြင်း

အဆင့် ၆- အိမ်နှင့် ရေ၊ မိလ္လာ နှင့် သန့်ရှင်းရေး အခြေခံအဆောက်အအုံ ဒီဇိုင်းပုံစံများ ရေးဆွဲခြင်းလုပ်ငန်းစဉ်

အလုပ်တာဝန် - တိုင်းရင်းသား ရိုးရာအိမ် နှင့် ရေ၊ မိလ္လာ နှင့် သန့်ရှင်းရေး ဖြေရှင်းနည်း ဒီဇိုင်းပုံစံများ ရေးဆွဲခြင်းနှင့် ကုန်ကျစရိတ်များတွက်ချက်ခြင်း

အလုပ်တာဝန် -  အိမ် နှင့် ရေ၊ မိလ္လာ နှင့် သန့်ရှင်းရေး ဒီဇိုင်းပုံစံနှင့် ကုန်ကျစရိတ် ဘတ်ဂျက်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအား ဦးဆောင်ပံ့ပိုး ကျင်းပခြင်း

အလုပ်တာဝန် - အပြီးသတ်ဒီဇိုင်းပုံစံ/အသေးစိတ်ပစ္စည်းစာရင်း နှင့် ဆောက်လုပ်ရေးကုန်ကျစရိတ်များ တွက်ချက်ရေးဆွဲခြင်း

အလုပ်တာဝန် - အိမ်သာ နှင့် ရေ၊ မိလ္လာ နှင့် သန့်ရှင်းရေးအခြေခံအဆောက်အအုံအတွက် နည်းပညာ ဒီဇိုင်းပုံစံများရေးဆွဲခြင်း

အလုပ်တာဝန် - အဆောက်အအုံ ဆောက်လုပ်ခြင်းအတွက် ခွင့်ပြုချက်များ တောင်းခံခြင်း

အဆင့် ၇ - အိမ်နှင့် ရေ၊ မိလ္လာ နှင့် သန့်ရှင်းရေးအခြေခံအဆောက်အအုံ များ ဆောက်လုပ်ရေးအတွက် ငွေသား လွှဲပြောင်းပေးခြင်း

အလုပ်တာဝန် - အိမ်/ ရေ၊ မိလ္လာ နှင့် သန့်ရှင်းရေး ဆောက်လုပ်ရေးပစ္စည်းများအတွက် ဈေးကွက် အကဲဖြတ်မှု ပြုလုပ်ခြင်း

အလုပ်တာဝန် - ငွေသားလွှဲပြောင်းခြင်းဆိုင်ရာ စီမံအုပ်ချုပ်မှု လမ်းကြောင်း ကို သဘောတူညီမှုရယူခြင်း (လူမှုအသိုင်းအဝိုင်း သို့မဟုတ် အိမ်ထောင်စု တခုချင်းစီအတွက်)

အလုပ်တာဝန် - ဘဏ္ဍာရေး ဝန်ဆောင်မှုပေးသူများအပေါ် အကဲဖြတ်ခြင်း

အလုပ်တာဝန် - ငွေသားလွှဲပြောင်းပေးခြင်းဆိုင်ရာ အသေးစိတ် အချက်များအပေါ်သဘောတူညီမှု ရယူခြင်း (လွှဲပြောင်းမည့်အကြိမ်အရေအတွက် ကြိမ်နှုန်း၊ စုစုပေါင်းငွေကြေး၊ တည်ဆောက်ရေးအစီအစဉ် နှင့် ပြီးစီးမှု စောင့်ကြည့်လေ့လာခြင်း)

အလုပ်တာဝန် - စာရင်းကိုင် သင်တန်း ပြုလုပ်ပေးခြင်း

အလုပ်တာဝန် - ရည်ရွယ်ပစ်မှတ်ထားသည့် ပူးပေါင်းပါဝင်သူများစာရင်းနှင့် အကျိုးအမြတ်ရရှိခံစားခွင့်ရှိသူများ၏သဘောတူညီချက်များအား အတည်ပြုခြင်း

အလုပ်တာဝန် - ဘဏ္ဍာရေး ပြဿနာဖြေရှင်းရေး ပုံမှန်အစည်းအဝေးများ ကျင်းပခြင်း

အလုပ်တာဝန် - ငွေသားခွဲဝေချထားပေးမှု လုပ်ငန်းဆောင်တာများ ကို စောင့်ကြည့်ကြီးကြပ်ခြင်း

အဆင့် ၈ - အိမ်နှင့် ရေ၊ မိလ္လာ နှင့် သန့်ရှင်းရေးအခြေခံအဆောက်အအုံ ဆောက်လုပ်ခြင်း နှင့် စောင့်ကြည့်ကြီးကြပ်ခြင်း

လုပ်ငန်းတာဝန် - အရည်အသွေးပြည့်မီစွာ ဆောက်လုပ်ခြင်းနှင့် ဆောက်လုပ်ရေးလုပ်ငန်း စောင့်ကြည့်ကြီးကြပ်ခြင်းသင်တန်း ပို့ချခြင်း

အလုပ်တာဝန် - လုပ်ငန်းတိုးတက်မှုနှင့် အရည်အသွေး စောင့်ကြည့်ကြီးကြပ်ခြင်းတို့ကို လုပ်ဆောင်ခြင်း

အဆင့် ၉- ရပ်ပိုင်းဆိုင်ရာ ဝန်ဆောင်မှု အခြေခံအဆောက်အအုံများ/ ကွန်ယက်များ နှင့် ချိတ်ဆက်ခြင်း

အလုပ်တာဝန် - အိမ်သုံးဝန်ဆောင်မှုများအတွက် ဘတ်ဂျက်အစီအစဉ် ရေးဆွဲခြင်း

အလုပ်တာဝန် - ရပ်ဝန်းပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံ ကွန်ယက်များ နှင့် ချိတ်ဆက်ခြင်း

အလုပ်တာဝန် - လူမှုအသိုင်းအဝိုင်း အခြေပြု စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲခြင်း

အဆင့် ၁၀ - လူမှုရေးဝန်ဆောင်မှုစနစ်များ/ အကူအညီအထောက်အပံ့များ ရရှိအသုံးပြုနိုင်ရေး

အလုပ်တာဝန် - ဝန်ဆောင်မှုပေးသူများ နှင့် ရရှိနိုင်သော အကူအညီ အထောက်အပံ့များ ၏ သတင်းအချက်အလက်များကို မျှဝေခြင်း

အလုပ်တာဝန် - လူမှုရေးဝန်ဆောင်မှုပေးသူများနှင့် အကူအညီအထောက်အပံ့များသို့ မိတ်ဆက်ထောက်ခံပေးသည့် လမ်းကြောင်းများကို တည်ထောင်ခြင်း/ပိုမိုအားကောင်းအောင်ပြုလုပ်ခြင်း

အလုပ်တာဝန် - ကလေးသူငယ်များ ဒေသတွင်းကျောင်းများ/ပညာရေးစနစ် သို့ ပြောင်းရွှေ့နိုင်ရန်ကူညီပေးခြင်း

အလုပ်တာဝန် - ကျန်းမာရေးမှတ်တမ်းကို ကျေးရွာ/လူမှုအသိုင်းအဝိုင်း ဗဟိုဌာန စင်တာ/ ဆေးခန်းသို့ လွှဲပြောင်းရာတွင် ကူညီခြင်း

အလုပ်တာဝန် - ဥပဒေအထောက်အကူများကို မိတ်ဆက်ထောက်ခံပေးခြင်းဖြင့် အိမ်ထောင်စုများအား ကူညီခြင်း

အဆင့် ၁၁ - အသက်မွေးဝမ်းကြောင်းမှုဆိုင်ရာ အခွင့်အလမ်းများ

အလုပ်တာဝန် - ပြည်တွင်း နေရပ်စွန့်ခွာ သူများ အတွက် အသက်မွေးဝမ်းကြောင်းမှုအစီအစဉ်များ/ နေရပ်ပြန်ရေးနှင့် ရွှေ့ပြောင်းအခြေချနေထိုင်ခြင်းအတွက် အကူအညီအထောက်အပံ့များကို လက်လှမ်းမှီနိုင်ရေးအတွက် ဝိုင်းဝန်းကူညီပေးခြင်း

အလုပ်တာဝန် -  ရေရှည်တည်တံ့သည့် စားဝတ်နေရေး အသက်မွေးဝမ်းကြောင်း စီမံကိန်းများ၏ ကောင်းမွန်သော နမူနာများကို စုဆောင်းပြီး မျှဝေပေးခြင်း

အလုပ်တာဝန် - ဆောက်လုပ်ရေးကာလ စုဆောင်းမှုများကို အသုံးပြုရန် သဘောတူညီမှု ရယူခြင်း

အဆင့် ၁၂ - လူမှုအသိုင်းအဝိုင်းဆိုင်ရာ လမ်းညွှန်ချက်များ

အလုပ်တာဝန် - လူမှုအသိုင်းအဝိုင်းဆိုင်ရာ လမ်းညွှန်ချက်များ မူကြမ်းရေးသားခြင်း

## အဆင့် ၀ - ပြင်ဆင်မှုများ ပြုလုပ်ခြင်း

အကယ်၍ လူမှုအသိုင်းအဝိုင်းဦးဆောင် အခြေချနေထိုင်ခြင်းလမ်းကြောင်းသည် အသင့်တော်ဆုံးလမ်းကြောင်းဖြစ်သည် ဟုတ်မဟုတ် ဆုံးဖြတ်ချက်ချရန်မှာ စဉ်းစားဆင်ခြင်စရာ အချက်များစွာ နှင့် ပြင်ဆင်မှုလုပ်ဆောင်ရန် လုပ်ကိုင် လှုပ်ရှားမှုများစွာကို စဉ်းစားရန်လိုအပ်သည်။ အကယ်၍ ပြည်တွင်းနေရပ်စွန့်ခွာ အိမ်ထောင်စုများ အုပ်စုတခု မှ KMSS ကရုဏာ လူမှု စည်းလုံးညီညွတ်ရေး အသင်း၏ ဝန်ထမ်းသို့ ၎င်းတို့နေရပ်ပြန်ရန် /ရွှေ့ပြောင်းအခြေချရန် ဆက်သွယ်ချဉ်းကပ် လာသည်ဖြစ်လျှင် ဤ ပြင်ဆင်မှု လုပ်ဆောင်မှုများသည်လည်း ဆက်စပ်သက်ဆိုင်သည်။

### <u>အလုပ်တာဝန်</u> - အဓိကသက်ဆိုင်သူများနှင့် လုံခြုံရေးဆိုင်ရာ ဆက်စပ်နောက်ခံအခြေအနေအကြောင်းအရာများကို ညှိနှိုင်းဆွေးနွေးခြင်း

ကချင်/မြောက်ပိုင်းရှမ်းပြည်နယ်ဒေသများ တွင် မိမိဆန္ဒအလျောက် နေရပ်ပြန်ရန် သို့မဟုတ် ပြောင်းရွှေ့အခြေချရန် အလို့ငှာ လုံခြုံရေးနှင့် ဆက်စပ် ဖြစ်ထွန်းသည့် အကြောင်းသည် ပဓာနကျသော အခြေခံလိုအပ်ချက် ဖြစ်သည်။ ကချင်/ရှမ်း နေရပ်ပြန်အလုပ်အဖွဲ့၊ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး နှင့် အခြားဆက်စပ်သက်ဆိုင်ရာ အဖွဲ့အစည်းများ (ဥပမာ- ဘုရားရှိခိုးကျောင်းခေါင်းဆောင်များ၊ လူမှုအသိုင်းအဝိုင်း ခေါင်းဆောင်များ၊ KMSS ကရုဏာ လူမှု စည်းလုံးညီညွတ်ရေး အသင်း၏ ဝန်ထမ်း၊ နှင့် အခြား) များသည် နေရပ်ပြန်ရန်/ပြောင်းရွှေ့အခြေချရန် ဒေသ ဧရိယာ နှင့် လုပ်ငန်းခွင် တို့၏ ဘေးအန္တရာယ်ကင်းရှင်းရေး နှင့် လုံခြုံရေးဆိုင်ရာ ချင့်ချိန်အကဲဖြတ်ချက်များ နှင့် နောက်ဆုံးအခြေအနေ အစီရင်ခံစာများ ကို ဝိုင်းဝန်း ကူညီထောက်ပံ့ပေးကြသည်။

KMSS ကရုဏာ လူမှု စည်းလုံးညီညွတ်ရေး အသင်း၏ ယခင်အတွေ့အကြုံများအရ လုံခြုံရေးဆိုင်ရာ သတင်းအချက်အလက် စုဆောင်းခြင်းကို KMSS ကရုဏာ လူမှု စည်းလုံးညီညွတ်ရေး အသင်း၏ဝန်ထမ်း မှ အဆိုပါ ဒေသတွင် ရှိနေခြင်းအပေါ်တွင် မူတည်ပြီး၊ အခြားလူသားချင်းစာနာအကူအညီအထောက်အပံ့ပေးနေသော အဖွဲ့များ၊ ဒေသခံလူမှုအသိုင်းအဝိုင်းများ၊ အဓိက ဆက်သွယ်ဆောင်ရွက်ရမည့် ပုဂ္ဂိုလ်များနှင့် ရေရှည် ချိတ်ဆက်ထားမှုများကြောင့်ဖြစ်သည်။

### အလုပ်တာဝန် - အဓိက ပါဝင်သက်ဆိုင်သူများ နှင့် ညှိနှိုင်းဆွေးနွေးပြီး လူမှုအသိုင်းအဝိုင်း ချဉ်းကပ်ပုံကို ဝိုင်းဝန်းကူညီထောက်ပံ့ပေးခြင်း

လူမှုအသိုင်းအဝိုင်းခေါင်းဆောင်များ၊ ဒေသခံ ခေါင်းဆောင်များ၊ အဓိက အစိုးရ ကိုယ်စားလှယ်များ နှင့် အခြား ပါဝင်သက်ဆိုင်သူများ နှင့် တွေ့ဆုံကမ်းလှမ်းပြီး ၎င်းတို့၏ လူမှုအသိုင်းအဝိုင်း ချဉ်းကပ်ပုံ အပေါ် ရှုထောင့်အမြင်များ နှင့် အထွေထွေ ဝိုင်းဝန်းကူညီပံ့ပိုးနိုင်သည်များကို ဆွေးနွေးရန်။

### အလုပ်တာဝန် - အဓိက သက်ဆိုင်ပါဝင်သူများ နှင့် ညှိနှိုင်းဆွေးနွေးပြီး ရည်မှန်းပစ်မှတ်ထား ဧရိယာဒေသအတွက် အကာအကွယ်ပေးရေးဆိုင်ရာ ခွဲခြမ်းစိတ်ဖြာလေ့လာသုံးသပ်ချက်ပြုလုပ်ခြင်း

အကာအကွယ်ပေးရေး မိတ်ဖက်များ (ဥပမာ- ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန၊ အခြား,..)၊ လူမှုအသိုင်းအဝိုင်းခေါင်းဆောင်များ နှင့် KMSS ကရုဏာ လူမှု စည်းလုံးညီညွတ်ရေး အသင်း၏အဆက်အသွယ်များ တို့သို့ ဆက်သွယ်ကမ်းလှမ်းပြီး အဆိုပါဒေသအတွက် ကနဦး အကာအကွယ်ပေးရေး ဆိုင်ရာ ခွဲခြမ်းစိတ်ဖြာလေ့လာသုံးသပ်ချက် ကို အထက်ဖော်ပြပါအလုပ်တာဝန် နောက်ဆက်တွဲအဖြစ် လုပ်ဆောင်ရန်။ စဉ်းစားရန် ရှုထောင့်အမြင် အချက်အလက်များမှာ၊ ဥပမာ- ဒီဇိုင်းပုံစံနှင့် အကောင်အထည်ဖော်ခြင်းနှင့်သက်ဆိုင်ပြီး လူမှုအသိုင်းအဝိုင်းမှ ကြုံတွေ့ရနိုင်ဖွယ်ရှိသော အန္တရာယ်များ (ဥပမာ - အမျိုးသမီးများအတွက် မြေယာပိုင်ဆိုင်မှုဆိုင်ရာ ကိစ္စများ၊ သို့မဟုတ် ဒီဇိုင်းပုံစံဆွဲခြင်းလုပ်ငန်းစဉ်တွင် ခွဲခြားပစ်ပယ်ခံထားရသော အုပ်စုများပါဝင်ခွင့်၊ အစရှိသည်…)

အဆင့် ၃ ပိုင်ဆိုင်မှု အာမခံချက်ရှိရေးကို ရည်ညွှန်းကိုးကားပြီး လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး အကဲဖြတ်ခြင်း လုပ်ထုံးလုပ်နည်းများ အသေးစိတ်ကို လေ့လာရန်

### အလုပ်တာဝန် - ရနိုင်ဖွယ်ရှိသည့် ဘဏ္ဍာရေးအထောက်အပံ့များကို ဇယားချကြည့်ခြင်း

ဘဏ္ဍာငွေကြေးရရှိနိုင်မှုအခြေအနေ နှင့် သတ်မှတ်ချက်များ၊ အချိန်အတိုင်းအတာ နှင့် အကန့်အသတ်များ အကြောင်းအပါအဝင်။ ဤသည်တွင် ဘဏ္ဍာရေးတောင်းခံအဆိုပြုလွှာ ရေးသားခြင်း ပါဝင်သည်။

### အလုပ်တာဝန် - ပြန်လည်သုံးသပ်ခြင်း စားပွဲဝိုင်းအစည်းအဝေးနှင့် သတင်းအချက်အလက်မျှဝေခြင်း အစည်းအဝေးများ အလျှင်အမြန်နည်းဖြင့် ပြုလုပ်ခြင်း

ယခင်အတွေ့အကြုံများအပေါ်တွင်မူတည်ပြီး၊ အကြံပြုလိုသည်မှာ ကနဦး ဆွေးနွေးမှုများကို ကက်သလစ် အသင်းတော်များ၊ ဒေသအာဏာပိုင် အစိုးရ နှင့် KMSS ကရုဏာ လူမှု စည်းလုံးညီညွတ်ရေး အသင်း၏အတွေ့အကြုံရင့် ဝန်ထမ်းများ (အခြား KMSS ကက်သလစ်အသင်းတော်များ)၊ မိတ်ဖက် အဖွဲ့အစည်းများနှင့် အတွေ့အကြုံရင့်ကျက်သော လူမှုအသိုင်းအဝိုင်း ခေါင်းဆောင်များ ဖြင့်ကျင်းပပြီး စီမံကိန်း၏ဖြစ်နိုင်စွမ်း ကို ကို ဆွေးနွေးရန်ဖြစ်သည်။ လူမှုအသိုင်းအဝိုင်း ခေါင်းဆောင်များ၏ ကိုယ်စားလှယ်များ၊ အမျိုးသမီးအုပ်စုများ၊ မသန်စွမ်းသူများ အုပ်စုများ၊ သက်ကြီးရွယ်အိုများကောင်စီ အပါအဝင် ကို စာရင်းပြုစုပြီး ထိတွေ့ဆက်ဆံမှုများ ပြုလုပ်ရန်ဖြစ်သည်။

### အလုပ်တာဝန် - ဝန်ထမ်းများ၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများ မူကြမ်းရေးဆွဲခြင်း

ဝန်ထမ်းအဆင့်နှင့် ရည်ညွှန်းထမ်းဆောင်ရန်လုပ်ငန်းတာဝန်များကို မူကြမ်းရေးဆွဲပြီး၊ ဖွဲ့စည်းပုံ ဇယားများ၊ လုပ်ပိုင်ခွင့် လမ်းကြောင်းများကို အနက်ဖွင့်ဆိုကာ တောင့်တင်းခိုင်မာသော စီမံအုပ်ချုပ်ရေး နှင့် ကြီးကြပ်ရေး အဖွဲ့တည်ဆောက်ပုံများကို ရေးဆွဲရန်။ ဖြစ်နိုင်ပါက ဝန်ထမ်းသည် လူမှုအသိုင်းအဝိုင်းအတွင်းရှိ မတူညီသော

အစုအဖွဲ့ များကို ကိုယ်စားပြုသူများ (ဥပမာ- အမျိုးသမီး၊ မသန်စွမ်းသူများ နှင့် သီးသန့် လူနည်းစု သို့မဟုတ် တိုင်းရင်းသား လူမျိုးစုများ) ဖြစ်စေသင့်သည်။ အနည်းဆုံးအားဖြင့်၊ စီမံကိန်း အဖွဲ့တွင် အမျိုးသမီး ဝန်ထမ်း ၅၀ ရာခိုင်နှုန်း သည် နောက်ခံဆက်စပ်အခြေအနေများက ခွင့်ပြုပါက ပါဝင်သင့်သည်။

## အလုပ်တာဝန် - စီမံကိန်းဝန်ထမ်းများအတွက် အကာအကွယ်ဆိုင်ရာ သင်တန်းပြုလုပ်ပေးခြင်း

စီမံကိန်း အဖွဲ့ တခုတည်ထောင်ခြင်း အစိတ်အပိုင်းအဖြစ် အကာအကွယ်ဆိုင်ရာ သင်တန်း ကို ဝန်ထမ်းများအား သင်တန်းပေးကာ မျှော်လင့်ထားသည့် လုပ်ဆောင်ချက်များနှင့် တားမြစ်ထားသည့် အပြုအမူများ အပေါ် အသိအမြင် ရှိစေရန်နှင့် မည်သည့်စိုးရိမ်ပူပန်မှုများမဆို ရှိပါက KMSS ကရုဏာ လူမှု စည်းလုံးညီညွတ်ရေး အသင်း၏ တိုင်ကြားရေးယန္တယားမှတဆင့် အစီရင်ခံရန် တာဝန်ရှိသည် ကို သိရှိစေရန်ဖြစ်သည်။

(BOX တွင် ဖြည့်ရန်) စီမံကိန်း ဝန်ထမ်းများအတွက် ဆောင်ရန် ရှောင်ရန်များ

ဆောင်ရွက်ရန် - အလုပ်ရုံဆွေးနွေးပွဲ/ အစည်းအဝေး အစတွင် သဘောတူညီထားသည့်အတိုင်း လူမှုအသိုင်းအဝိုင်းမှ အသုံးပြုသည့် ဘာသာစကား တစ်မျိုးတည်းဖြင့်သာ ပြောဆိုပါ။

ဆောင်ရွက်ရန် - အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ စသည်တို့ မစတင်မီ သတင်းအချက်အလက်အားလုံး၊ တင်ပြမည့် အချက်များ၊ စာရွက်စာတမ်းများအား လူမှုအသိုင်းအဝိုင်းမှ ရယူလိုသော ဘာသာစကားသို့ ပြန်ဆိုခြင်းကို အမြဲတမ်းဆောင်ရွက်ပါ။ စာရွက်စာတမ်း/ တင်ပြမည့်အချက်များအား တက်ရောက်လာသူ တစ်ဦးချင်းစီမှ ကိုယ်တိုင် ဖတ်ရှုနားလည်နိုင်ရမည်။

ဆောင်ရွက်ရန် - တက်ရောက်လာသည့် လူမှုအသိုင်းအဝိုင်း ကိုယ်စားလှယ်များ ဖတ်ရှု နားလည်နိုင်သော စာရွက်စာတမ်းများ/ မြေပုံများ ပြုလုပ်ထားခြင်းဖြင့် အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲအတွက် ကြိုတင်ပြင်ဆင်ပါ။

ဆောင်ရွက်ရန် - လူမှု အသိုင်းအဝိုင်း အုပ်စုနှင့် နေရပ်စွန့်ခွာသူများတွင် အတိတ်ဖြစ်ရပ်များနှင့် အနာဂတ် မျှော်လင့်ချက်များရှိသည်ဖြစ်ရာ ၎င်းတို့၏ အတွေ့အကြုံများ၊ စွမ်းရည်များ၊ ကျွမ်းကျင်မှုများကို ထည့်သွင်းစဉ်းစားလျက် ၎င်းတို့ မိမိကိုယ်တိုင် ရပ်တည်နိုင်ရေးအတွက် ပံ့ပိုးကူညီရန်နှင့် ၎င်းတို့ တစ်ဦးချင်းစီ၏ အနာဂတ်ကို ဖော်ဆောင်နိုင်ရေး ဖြည့်ဆည်းကူညီပေးရန်ဖြစ်ပါသည်။

ရှောင်ရန် - တစ်ဦးနှင့် တစ်ဦး စကားပြောဆိုရာတွင် ဘာသာစကား အမျိုးမျိုး ရောနှောအသုံးပြုခြင်း၊ ဥပမာ မြန်မာ၊ ကချင်နှင့် အင်္ဂလိပ်

## အဆင့် ၁။ ပူးပေါင်းပါဝင်ခြင်း နှင့် လူထုမှဦးဆောင်သောသော လူမှုအသိုင်းအဝိုင်း ဖွဲ့စည်းပုံများ

အတွေ့အကြုံများက ပြသနေသည်မှာ၊ နေရပ်စွန့်ခွာ အိမ်ထောင်စုအများအပြားသည် ၎င်းတို့၏ အနာဂတ် ရွှေ့ပြောင်းအခြေချခြင်း အစီအစဉ်များ နှင့် ရည်မှန်းချက်ဆန္ဒများကို ဆွေးနွေးရန်နှင့် စီစဉ်လုပ်ဆောင်ရန် လူမှုအသိုင်းအဝိုင်း များဖွဲ့ထားကြပြီးဖြစ်သည်။ ဤသည်မှာ ပုံစံအများအပြားဖြင့် ဖြစ်သည်၊ ဥပမာ အချို့သည် မြေယာဝယ်ယူရန် ညှိနှိုင်းမှုများကို စတင်ပြီးဖြစ်၍၊ သင့်တော်မည့်မြေနေရာကို အတူတကွ ရှာဖွေနေကြကာ၊ မိမိတို့၏မူရင်းဒေသသို့ ပြန်သွားလိုခြင်း သို့မဟုတ် အုပ်စုငယ်များဖွဲ့ကာ လက်ရှိကျေးရွာအတွင်းတွင်ပင် အခြေချနေထိုင်လိုခြင်း သို့မဟုတ် မိသားစုပိုင်/ဝယ်ယူထားသည့် မြို့ပြဏ္ဍာ ဝန်းကျင်မြေနေရာများသို့ ပြောင်းရွှေ့လိုကြသည်။ ထို့ကြောင့် အသစ်သော လူမှုအသိုင်းအဝိုင်း ကော်မတီများ သို့မဟုတ် ဖွဲ့စည်းပုံအသစ်များကို သွတ်သွင်းသတ်မှတ်ခြင်းမပြုရန် အခြေခံအားဖြင့် အရေးကြီးပြီး လက်ရှိ လူမှုအသိုင်းအဝိုင်း ဖွဲ့စည်းပုံနှင့် အတူလိုက်ပါဆောင်ရွက်ခြင်း၊ နည်းပညာ အထောက်အကူပြုခြင်း တို့အားဖြင့် ကျား၊မရေးရာ တိုးတက်မှုများ နှင့် အခြားသော ပုံစံများအားဖြင့် ကိုယ်စားပြုမှု အခန်းကဏ္ဍမှ ပါဝင်လာစေရန် (ဥပမာ၊ လူနည်းစုအုပ်စုငယ်များ၊ မသန်စွမ်းသူများနှင့် အခြား) တို့ကို လိုက်လျောညီထွေသင့်လျော်အောင် ပြောင်းလဲရန် အားပေးခြင်း ပြုလုပ်သင့်သည်။

အားလုံးသောလုပ်ငန်းတာဝန်များကို လူမှုအသိုင်းအဝိုင်းနှင့် အတူတကွ လုပ်ကိုင်ဖော်ဆောင်ပြီး စီမံကိန်းဝန်ထမ်းမှ သီးခြားတနေရာမှ ဦးစီးစီမံခန့်ခွဲခြင်းကို မပြုလုပ်သင့်ပေ။ အထူးကောင်းမွန်သည့်ပုံစံမှာ လူမှုအသိုင်းအဝိုင်း အဖွဲ့ဝင်အားလုံး လုပ်ငန်းလှုပ်ရှားလုပ်ကိုင်ဆောင်ရွက်မှုများတွင် ပူးပေါင်းပါဝင်ပြီး အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများ၊ လူငယ်လူလတ်များ နှင့် လူမှုအသိုင်းအဝိုင်း၏ မသန်စွမ်း အဖွဲ့ဝင်များသည် လုပ်ငန်း လှုပ်ရှား လုပ်ကိုင်မှုများနှင့် ဆုံးဖြတ်ချက် ချမှတ်ရာ လုပ်ငန်းစဉ်များတွင် ပါဝင်ရန် အထူးသတိထား ဆောင်ရွက်သင့်သည်။

(BOX တွင် ဖြည့်ရန်) လုပ်ငန်းလှုပ်ရှားလုပ်ကိုင်ဆောင်ရွက်မှုအားလုံးကို ဒေသသုံး ဘာသာစကားဖြင့် ဦးစီးစီမံဆောင်ရွက်ရန် အလွန်အရေးကြီးသည်။

### အလုပ်တာဝန် - လက်ရှိ လူမှုအသိုင်းအဝိုင်း၏ သတင်းအချက်အလက်များကို နားလည်ရန်နှင့် ပုံဆွဲဇယားချထားရန် ဆောင်ရွက်ခြင်း

ဤကဲ့သို့ ပုံဆွဲဇယားချထားခြင်းတွင် ပါဝင်သည်များမှာ လူမှုအသိုင်းအဝိုင်း၏ဖွဲ့စည်းတည်ဆောက်ပုံ၊ ကိုယ်စားပြုမှု၊ ပါဝင်ကဏ္ဍနှင့် တာဝန်ဝတ္တရားများ ဖြစ်ပြီး ၎င်းကို လူမှုအသိုင်းအဝိုင်း၏ အဓိက အဖွဲ့ဝင်များဖြင့် စီမံရေးဆွဲ သင့်သည်။ လက်ရှိ လူမှုအသိုင်းအဝိုင်း၏ ဖွဲ့စည်းတည်ဆောက်ပုံကို သာမန်တရားဝင်မဟုတ်သော နှင့် နည်းလမ်းတကျတရားဝင် တုန့်ပြန်အကြံပြုချက်များကို တောင်းခံသင့်သည်။ ဤသည်တွင်ပါဝင်သည်များမှာ ပွင့်လင်း မြင်သာမှုရှိခြင်း၊ ထိခိုက်နစ်နာမှုမဖြစ်စေခြင်းအခြေခံသဘောတရားနိယာမများ၊ အသက်အရွယ်အားလုံး၊ ကျား/မ၊ မတူကွဲပြားမှုများ နှင့် တိုင်းရင်းသား လူမျိုးစုများ ပါဝင်သည်။ လူမှုအသိုင်းအဝိုင်းအကြားတွင် ၎င်းတို့ အဆိုပြုခန့်ထားသည့်ဖွဲ့စည်းတည်ဆောက်ပုံအပေါ် ကျယ်ပြန့်စွာဖြင့် ဖြစ်ပေါ်နေသောမျှော်လင့်ချက်များ ရှိနေပါက ၎င်းမျှော်လင့်ချက်များကို ဂရုပြုရမည်။

ကနဦး အကာအကွယ်ပေးရေးဆိုင်ရာ ခွဲခြမ်းစိတ်ဖြာလေ့လာသုံးသပ်ချက်ကို အဆိုပါလူမှုအသိုင်းအဝိုင်းသို့ ရှင်းလင်းတင်ပြပြီး စုဆောင်းထားသော သတင်းအချက်အလက်များကို အတည်ပြုရမည်။ ၎င်းသတင်းအချက်အလက်သည် စီမံကိန်း မိတ်ဆက် အလုပ်ရုံဆွေးနွေးပွဲအတွက် အရေးကြီးပြီး လက်ရှိ ဆက်စပ်နောက်ခံအကြောင်းအရာ အခြေအနေများကို စာဖြင့်ရေးသား မှတ်တမ်းတင်ထားခြင်းဖြင့် လုပ်ငန်းလှုပ်ရှားလုပ်ကိုင် ဆောင်ရွက်မှုအားလုံးကို လိုအပ်ချက်နှင့် အံဝင်ခွင်ကျဖြစ်အောင် စီမံထားနိုင်သည်။

## အလုပ်တာဝန် - စီမံကိန်းမိတ်ဆက် အလုပ်ရုံဆွေးနွေးပွဲဦးဆောင်ပြုလုပ်ခြင်း

စီမံကိန်းဝန်ထမ်း၊ လူမှုအသိုင်းအဝိုင်း အဖွဲ့ဝင်များ၊ KMSS ကရုဏာ လူမှု စည်းလုံးညီညွတ်ရေး အသင်း၏ အခြားကက်သလစ်အသင်းတော်များမှအတွေ့အကြုံရှင့် စီမံကိန်းဝန်ထမ်းများ နှင့် မိတ်ဖက်များ အပြင် အိမ်ရှင် အဖြစ်ဆောင်ရွက်သော လူမှုအသိုင်းအဝိုင်း၏ အဓိက ဆက်သွယ်ရေးဆုံမှတ်များ ဖြင့် ပြုလုပ်ရန်။ ဤအလုပ်ရုံဆွေးနွေးပွဲကို ဒေသသုံးဘာသာစကားဖြင့် ပြုလုပ်ရန်ဖြစ်ပြီး ဘာသာပြန်ပေးရန်လည်း စီစဉ်ပေးထားရန်လိုသည်။ လူမှုအသိုင်းအဝိုင်းမှ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ရန် သယ်ယူပို့ဆောင်ရေးနှင့် စားရေရိက္ခာ ကိုလည်း စဉ်းစားပေးရန်လိုသည်။ အဆိုပါလူမှုအသိုင်းအဝိုင်းမှ တက်ရောက်နိုင်မည့် အချိန်အပိုင်းအခြားကိုလည်း သေချာစွာ သဘောတူညီထားရန်လိုအပ်ပြီး လူမှုအသိုင်းအဝိုင်း၏ အခြား လုပ်ငန်းတာဝန်များနှင့် ထိပ်တိုက်မဖြစ်ရန် လိုအပ်သည်။ (ဥပမာ- အလုပ်အကိုင်၊ ခလေးသူငယ်စောင့်ရှောက်ခြင်း နှင့် အခြားတာဝန်ချိန်များ။) အလုပ်ရုံဆွေးနွေးပွဲပြုလုပ်မည့်နေရာသို့ သယ်ယူပို့ဆောင်ရေးကို စီစဉ်ပံ့ပိုးပေးပြီး လူမှုအသိုင်းအဝိုင်းမှ မသန်စွမ်း အဖွဲ့ဝင်များနှင့် သက်ကြီးရွယ်အိုများ တက်ရောက်နိုင်မည့်နေရာ ကိုရွေးချယ်ရမည်။ **အခန်းအနားအစီအစဉ် နမူနာ နှင့် ပါဝင်မည့် လှုပ်ရှားလုပ်ဆောင်မှုများ နမူနာကို နောက်ဆက်တွဲ ၁ တွင် ရည်ညွှန်းဖော်ပြထားသည်။**

အခန်းအနားအစီအစဉ်တွင် အောက်ပါခေါင်းစဉ်များ ပါဝင်ကောင်း ပါဝင်နိုင်သည် -

- စီမံကိန်းဝန်ထမ်းများ နှင့် ဆက်သွယ်ရန် ပုဂ္ဂိုလ် ဆုံမှတ် တို့ နှင့် မိတ်ဆက်ပေးခြင်း
- လူမှုအသိုင်းအဝိုင်းမှ ဦးဆောင်ခြင်းဆိုင်ရာ အခြေခံသဘောတရား နိယာမများ၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ လက်လှမ်းမှီနိုင်မှု၊ ဂုဏ်သိက္ခာ/ လူသားချင်းစာနာထောက်ထားမှု အခြေခံသဘောတရားနိယာမများ/ အကာအကွယ်ပေးခြင်းဆိုင်ရာ အခြေခံသဘောတရားနိယာမများ၊ အားလုံးပါဝင်ရေး သဘောတရားနိယာမများ၊ (ယာယီခိုလှုံရာနေရာ၊ အခြေချနေထိုင်ရာနေရာ၊ ရေ၊ မိလ္လာနှင့် သန့်ရှင်းရေး) တို့နှင့် သက်ဆိုင်သည့် စံနှုန်းများနှင့် မိတ်ဆက်ပေးခြင်း
- ရည်ရှည်တည်တံ့မှု ဆိုင်ရာ အခြေခံသဘောတရား နိယာမများ (စီးပွားရေး၊ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုရေး)
- ယခင် ပြောင်းရွှေ့အခြေချခြင်း လုပ်ငန်းစဉ်များမှ သင်ယူရရှိမှုများ၊ ( ရွှေ့ပြောင်းအခြေချပြီးသည့် လူမှုအသိုင်းအဝိုင်းများ၏ ခေါင်းဆောင်များ ထံမှ)
- မြေယာ/လုပ်ငန်းခွင်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြချက်များ (လူမှုအသိုင်းအဝိုင်းမှ)
- ဘဏ္ဍာရေး အကူအညီ အထောက်အပံ့ ရွေးချယ်နိုင်သည်များ နှင့်မိတ်ဆက်( ငွေသား ထောက်ပံ့မှု)

- ရရှိနိုင်သော ဘဏ္ဍာရေး အကူအညီ အထောက်အပံ့ နှင့် စည်းကမ်းသတ်မှတ်ချက်များအကြောင်း ပတ်သက်၍ လူမှုအသိုင်းအဝိုင်းနှင့် မျှဝေခြင်း
- လုပ်ငန်းခွင် အစီအစဉ်ရေးဆွဲခြင်းတွင် စဉ်းစားရန်အချက်များ
- ရွေးချယ်နိုင်သော လမ်းကြောင်းများကို ရှင်းလင်းတင်ပြခြင်း
- လူမှုအသိုင်းအဝိုင်း အုပ်ချုပ်ရေး ဖွဲ့စည်းတည်ဆောက်ပုံကို ဆွေးနွေးခြင်း
- အသေးစိတ် အကောင်အထည်ဖော်ခြင်း လုပ်ငန်းအစီအစဉ် ((DIP) ကို ရေးသားခြင်း
- KMSS ကရုဏာ လူမှု စည်းလုံးညီညွတ်ရေး အသင်းဝန်ထမ်းများ နှင့် လူမှုအသိုင်းအဝိုင်း ကော်မတီဝင်များ၏ အခန်းကဏ္ဍများနှင့် လုပ်ငန်းတာဝန်များကို ရေးသားခြင်း

(BOX တွင် ဖြည့်ရန်) အကယ်၍ သက်ဆိုင်ရာလူမှုအသိုင်းအဝိုင်းအနေဖြင့် လူမှုအသိုင်းအဝိုင်းဆိုင်ရာကော်မတီ ဖွဲ့စည်းခြင်း မပြုရသေးပါကလည်း ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်မှာ တူညီမှုရှိပါသည်။ သို့ရာတွင် အချိန်နှင့် KMSS ဝန်ထမ်းများ၏ ကြိုးပမ်းအားထုတ်မှုများ ပိုမိုလိုအပ်ပါသည်။

အလုပ်တာဝန် - လူမှုအသိုင်းအဝိုင်း ကော်မတီကို ဖွဲ့စည်းပေးပြီး သို့မဟုတ် လက်ရှိလူမှုအသိုင်းအဝိုင်း ဖွဲ့စည်းပုံကို ပိုမိုအားကောင်းလာစေရန် ပြုလုပ်ပေးခြင်း

ဤအဆင့်တွင် လှုပ်ရှားလုပ်ဆောင်မှု အများအပြား ပါဝင်ပြီး မိတ်ဆက် အလုပ်ရုံဆွေးနွေးပွဲရလဒ် မှ နောက်ဆက်တွဲ လုပ်ဆောင်ရန်များ ပါဝင်သည်။

- လူမှုအသိုင်းအဝိုင်း အစည်းအဝေးခေါ်ယူရန် ( အဖွဲ့ဝင်အားလုံးနှင့်)၊ ပုံမှန် အစည်းအဝေး အချိန်ဇယား (၂ ပတ် တကြိမ်) ပြုလုပ်ရန် သဘောတူညီချက်ယူရန်
- လူမှုအသိုင်းအဝိုင်း၏ ကော်မတီဖွဲ့စည်းပုံ၊ အခန်းကဏ္ဍများ နှင့် တာဝန်ဝတ္တရားများ၊ ကော်မတီအဖွဲ့ဝင်များ ၏ ရည်ညွှန်း လုပ်ငန်းဆောင်တာများ နှင့် ဆုံးဖြတ်ချက် ချမှတ်ခြင်းလုပ်ငန်းစဉ် တို့ အပေါ်တွင် သဘောတူညီမှုရယူရန်
- လူမှုအသိုင်းအဝိုင်း ကော်မတီ အဖွဲ့ဝင်များ၏ အဓိက အခန်းကဏ္ဍများတွင် ကျား/မ အရေအတွက် မျှတမှုရှိရန်အပြင် ထိရှလွယ်သော လူမှုအသိုင်းအဝိုင်းဝင်များ အပါအဝင် အားလုံးပါဝင်နိုင်ရေး အားပေးရန်
- KMSS ကရုဏာ လူမှု စည်းလုံးညီညွတ်ရေး အသင်းဝန်ထမ်းများမှ ဝိုင်းဝန်းကူညီရန်မှာ မှတ်တမ်းရယူခြင်း၊ လုပ်ဆောင်ရမည့်အချက်များ နှင့် နည်းပညာ အထောက်အကူ ( အခန်း/လျှပ်စစ်မီး၊ ကွန်ပြူတာ၊ ခရီးသွားအစီအစဉ်များ (အကယ်၍ ခရီးသွားရန်ပါဝင်ပါက အစားအသောက် ကိုပါ စီစဉ်ရမည်။)

  မှတ်သားရန် - လူမှုအသိုင်းအဝိုင်းမှ ကော်မတီဖွဲ့စည်းထားခြင်းမရှိသေးသော ကိစ္စများတွင် လုပ်ငန်းစဉ်သည် အတူတူပင်ဖြစ်သော်လည်း KMSS ကရုဏာ လူမှု စည်းလုံးညီညွတ်ရေး အသင်းဝန်ထမ်းများ၏ အချိန်ပိုပေးရခြင်း နှင့် ပိုမိုကြိုးပမ်းအားထုတ်မှုများ လိုအပ်မည်ဖြစ်သည်။

အလုပ်တာဝန် - ရှင်းလင်းသည့် လူမှုအသိုင်းအဝိုင်း ရွှေ့ပြောင်း အခြေချခြင်း အစီအစဉ် ရေးဆွဲခြင်း

လူမှုအသိုင်းအဝိုင်း၏ ဆန္ဒရည်မှန်းချက်၊ အစီအစဉ်များ နှင့် ၎င်းတို့၏ လက်ရှိ အခြေအနေ လုပ်ငန်းအဆင့် (ဥပမာ - အုပ်စုအနေဖြင့် မြေဝယ်ယူထားခြင်း၊ လူမှုအသိုင်းအဝိုင်း ကော်မတီ အဖွဲ့ဝင်စာရင်း၊ စသည်ဖြင့်...)၊ ၎င်းတို့၏ယခင်လှုပ်ရှားလုပ်ကိုင်ခဲ့သည်များကို မှတ်တမ်းတင်ထားခြင်းနှင့် နောက်ခြေလှမ်းများကို အဓိကအချက်များ အားဖြင့် အစီအစဉ်တကျ ရှင်းလင်းစွာ လျာထားရမည်။

ဤသို့အားဖြင့် အသေးစိတ်အချက်အလက်များဖြစ်သော -

- အိမ်ထောင်စု ၏ အသေးစိတ်အချက်အလက်များ (အိမ်ထောင်စုမှ သဘောတူညီလျှင်) ကျား/မ၊ အသက်၊ ထိရှလွယ်မှု၊ မသန်စွမ်းသူများ၊ အခြား...
- လုပ်ငန်းခွင်တည်နေရာ/ ရရှိနိုင်သည့်မြေပုံ/ လုပ်ငန်းခွင် အချက်အလက်များ (ဥပမာ-ဘေးအန္တရာယ်အကဲဖြတ်ခြင်
- ရရှိနိုင်သည့် မြေယာပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားများ နှင့် မြေမှတ်ပုံတင် စာရွက်စာတမ်း
- ပိုင်ဆိုင်မှုအဆင့် စာရွက်စာတမ်း မှတ်တမ်းများ
- အနီးပတ်ဝန်းကျင်အိမ်နီးနားချင်းများ၊ ကျေးရွာ ခေါင်းဆောင်များ၊ ဒေသအာဏာပိုင်၊ စသည်ဖြင့်တို့နှင့် ဆက်သွယ်ရေး
- အများပိုင် သို့မဟုတ် တသီးပုဂ္ဂလ ငွေသား ထောက်ပံ့မှု သဘောတူညီထားမှု
- အဓိက အချက်များဖြင့်ဖေါ်ပြထားသော အချိန်ဇယား...) အစီအစဉ် သဘောတူညီမှု
- အနာဂတ် အသက်မွေးဝမ်းကြောင်းမှု အစီအစဉ်များ၊ (ဥပမာ- စိုက်ပျိုးရေးအတွက် မြေငှားရမ်းခြင်း၊ စသည်ဖြင့်...)
- လူမှုအသိုင်းအဝိုင်းအတွက် ရနိုင်ခြေရှိသော အခြား ဘဏ္ဍာရေး အထောက်အပံ့ နှင့် အကူအညီများ (နေရပ်ပြန် ထောက်ပံ့ရေးအစီအစဉ်၊ စသည်ဖြင့်)

အလုပ်တာဝန် - လူမှုအသိုင်းအဝိုင်း တုန့်ပြန်အကြံပြုခြင်း ယန္တယား/ ဆက်သွယ်ရေးလမ်းကြောင်းများ သတ်မှတ်ခြင်း သို့မဟုတ် ထူထောင်ခြင်း

လူမှုအသိုင်းအဝိုင်း တုန့်ပြန်အကြံပြုခြင်း ယန္တယား CFM ၏ရည်ရွယ်ချက်မှာ ပွင့်လင်းမြင်သာမှုရှိသော၊ နှစ်ဘက်အပြန်အလှန်ဆက်သွယ်ရေး လမ်းကြောင်းများ နှင့် စိမ်ခေါ်မှုများကို ရှာဖွေဖေါ်ထုတ်နိုင်ရန် နှင့် အဆိုပါ စိမ်ခေါ်မှုများကို တုန့်ပြန်နိုင်ရန် (ဥပမာ- စီမံကိန်း အစီအစဉ် ချိန်ညှိခြင်းများပြုလုပ်ခြင်းအားဖြင့်) တို့အပြင် နေရပ်စွန့်ခွာ ပြည်သူများကို ဆက်လက်ပြီး အကာအကွယ်ပေးခြင်းဖြစ်သည်။ နှစ်ဘက်အပြန်အလှန် ဆက်သွယ်ရေးလမ်းကြောင်းများ သည် KMSS ကရုဏာ လူမှု စည်းလုံးညီညွတ်ရေး အသင်းဝန်ထမ်းများ၊ ရွှေ့ပြောင်းအခြေချသည့် လူမှုအသိုင်းအဝိုင်း နှင့် အိမ်ရှင်ဒေသခံ လူမှုအသိုင်းအဝိုင်း တို့အကြား အဓိပ္ပါယ်ပြည့်ဝသော မိတ်ဖက်ပြုခြင်း အတွက် မုချလိုအပ်သည်။ လူမှုအသိုင်းအဝိုင်း တုန့်ပြန်အကြံပြုခြင်း ယန္တယား CFM ကို စီမံကိန်း စတင်လျှင်စတင်ခြင်း ချက်ခြင်းထူထောင်ရမည်ဖြစ်ပြီး ထူးခြားသောလက္ခဏာ၊ လိုအပ်ချက်များ နှင့် လူမှုအသိုင်းအဝိုင်း၏ အခြေအနေအရပ်ရပ်ကြောင့် အလိုက်သင့်ချိန်ညှိခြင်း ကို လိုအပ်သလိုပြုလုပ်ရမည်။

အမျိုးမျိုးသော ဆက်သွယ်ရေး နည်းလမ်းများ ကို လူမှုအသိုင်းအဝိုင်း၏ ဦးစားပေးနှစ်သက်မှုများ အပေါ်မူတည်ပြီး ထည့်သွင်းပေးရန် အရေးကြီးသည်။ ဤသည်တွင် ပါဝင်နိုင်သည်များမှာ တယ်လီဖုန်း အကူအညီ ပေးရေး လိုင်း/ ဝှပ်အပ်ပ် what's up (သို့မဟုတ် အလားတူ)/ KMSS ကရုဏာ လူမှု စည်းလုံးညီညွတ်ရေး အသင်း လူမှုဆက်သွယ်ရေး ဆုံချက် ပွိုင့်၊ နှင့် လူမှုအသိုင်းအဝိုင်း အတွင်း သို့မဟုတ် ကျေးရွာတခုလုံးအတွက် လုပ်ငန်းစဉ်များအားဖြင့် တိုင်ကြားခြင်းများနှင့် မကျေနပ်မှုများကို ကိုင်တွယ်နိုင်ရန်ဖြစ်သည်။ အသင့်လျော်ဆုံး လမ်းကြောင်းများကို ရွေးချယ်ရန်မှာ လူမှုအသိုင်းအဝိုင်း ၏ မတူကွဲပြားသော အဖွဲ့ဝင်များ၏ ဦးစားပေး နှစ်သက်မှုများနှင့် တိုက်ဆိုင်စစ်ဆေးပြီး ဤ ဒေတာအချက်အလက်ကို အသုံးပြု၍ အဖြစ်နိုင်ဆုံး နှင့် လက်လှမ်းအမှီနိုင်ဆုံး အသင့်တော်ဆုံး လမ်းကြောင်းများကို ဆုံးဖြတ်ရွေးချယ်ရမည်။

အထပ်အဆင့် ၂ ခု ပါဝင်သည့် လူမှုအသိုင်းအဝိုင်း တုန့်ပြန်အကြံပြုခြင်း ယန္တယား CFM သည် အသင့်လျော်ဆုံး ဖြစ်နိုင်သည်ဖြစ်ပြီး၊ ထိရှလွယ်သော တိုင်ကြားခြင်းများ နှင့် တုန့်ပြန်အကြံပြုချက် (ဥပမာ- GBV ကျားမ အခြေပြုအကြမ်းဖက်မှု၊ PSEA လိင်အမြတ်ထုတ်မှု နှင့် လိင်ပိုင်းဆိုင်ရာ မဖွယ်မရာပြုမှုမှ ကာကွယ်တားဆီးခြင်း) များကို KMSS ကရုဏာ လူမှု စည်းလုံးညီညွတ်ရေး အသင်း လူမှုဆက်ဆံရေး ဆုံမှတ် ပွိုင့် သို့ တိုက်ရိုက် တိုင်ကြားခြင်းဖြင့် ၎င်းမှတဆင့် ဒေသတွင်းရှိ အထူးပြု အဖွဲ့အစည်းများ ၊ ဥပမာ အကာအကွယ်ပေးခြင်းဆိုင်ရာ အလုပ်အဖွဲ့၊ METTA၊ သို့ လွှဲပြောင်းပေးကာ PSEA လိင်အမြတ်ထုတ်မှု နှင့် လိင်ပိုင်းဆိုင်ရာ မဖွယ်မရာပြုမှုမှ ကာကွယ်တားဆီးခြင်း/ အကာအကွယ်ပေးခြင်းဆိုင်ရာ ကိစ္စရပ်များကို တိုက်ရိုက်ကိုင်တွယ်နိုင်မည်ဖြစ်သည်။ ထိရှလွယ်မှုမရှိသော မကျေနပ်ချက်များ ကို လူမှုအသိုင်းအဝိုင်း ကော်မတီ မှ တိုက်ရိုက်ကိုင်တွယ်နိုင်ပြီး လူမှုရေးဆက်ဆံရေး ဆုံမှတ် ပွိုင့်မှ ဦးဆောင်ပံ့ပိုးပေးနိုင်သည်။ ရည်ညွှန်းပစ်မှတ်ထားသည့် လူမှုအသိုင်းအဝိုင်း အဖွဲ့ဝင်အားလုံး CFM ရှိကြောင်းကို သိရှိနားလည်သဘောပေါက်ရန် သေချာစေရမည်။ CFM ကို နည်းလမ်းမျိုးစုံအသုံးပြုပြီး ကြေငြာရမည်ဖြစ်ပြီး၊ တဖန် ကျားမ နှင့် အသက်အပိုင်းအခြားကွဲပြားခြင်း ဒေတာ အချက်အလက် မှ လူမှုအသိုင်းအဝိုင်း၏ ဦးစားပေး နှစ်သက်မှုများ ကဲ့သို့ ထိရှလွယ်သော သတင်း အချက်အလက် ကို ပေးအပ်ခြင်း နှင့် လက်ခံရယူခြင်းတို့ ပြုလုပ်နိုင်သည်။ ရည်ညွှန်းပစ်မှတ်ထား လူမှုအသိုင်းအဝိုင်း၏ အဖွဲ့ဝင်အားလုံးသည် ဝန်ထမ်း၏ မည်သည့် အမူအကျင့်တို့မှ မည်သည်တို့သည် သင့်လျော်သည် နှင့် သင့်လျော်မှုမရှိသည် စသည့် သတင်းအချက်အလက်များကို ရရှိအောင် သေချာစေရမည်ဖြစ်ပြီး၊ ဤကိစ္စရပ်များကို မည်ကဲ့သို့ တိုင်ကြားရမည် နှင့် ဤသို့ တိုင်ကြားမှုပုံစံများကို မည်သို့ အရေးယူဆောင်ရွက်ရသည်ဟူသည့် လုပ်ငန်းစဉ်ကို နားလည်ရန်လိုအပ်သည်။

နောက်ဆက်တွဲ ၃ ပါ ရွှေ့ပြောင်းစီမံကိန်းကာလအတွင်း လူမှုအသိုင်းအဝိုင်းမှ ရေးသားခဲ့သည့် CFM နမူနာကို ရည်ညွှန်းရန်။

## အဆင့် ၂။ ဒေသဆိုင်ရာ အုပ်ချုပ်မှု/ လူမှုအသိုင်းအဝိုင်းနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း

ကျေးရွာ အုပ်ချုပ်မှု ခေါင်းဆောင်များ နှင့် ရွာနီးစပ် လူမှုအသိုင်းအဝိုင်း ကနဦးစောလျှင်စွာ ချိတ်ဆက်ဆောင်ရွက်မှုသည် ဆက်ဆံရေးတည်ဆောက်ရန် နှင့် သတင်းအချက်အလက်များကို အိမ်ရှင်လူမှုအသိုင်းအဝိုင်းနှင့် မျှဝေရန်အတွက် မုချလိုအပ်သည်။ ရှင်းလင်းသော ဆက်သွယ်ရေးလမ်းကြောင်းနှင့် အိမ်ရှင်လူမှုအသိုင်းအဝိုင်း ၏ ဆုံမှတ် ပွိုင့် ရှိခြင်းသည် ပွင့်လင်းမြင်သာသော ဆက်သွယ်ရေး နှင့် အနာဂတ် အိမ်နီးချင်းများ၊ ဒေသအာဏာပိုင်များ/ ကျေးရွာအုပ်ချုပ်ရေးခေါင်းဆောင်များ (နှင့် ဘာသာရေး အုပ်စုများ) ထံမှ ဝိုင်းဝန်းထောက်ခံမှု အောင်မြင်စွာ ရရှိနိုင်သည်။ ရွှေ့ပြောင်းစီမံကိန်းမှ သင်ယူရရှိမှုများအရ စောစီးစွာဖြင့် ဆက်သွယ်ရေးများ နှင့် ထိတွေ့ပတ်သက် ဆက်ဆံမှုများအားဖြင့် သင့်လျော်သော မြေယာရှာဖွေခြင်း၊ မြေကွက်ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်းများပြုလုပ်ခြင်း၊ မိသားစု စာရွက်စာတမ်းများ အသိအမှတ်ပြုခံရခြင်း တို့အားဖြင့် အဆိုပါ လူမှုအသိုင်းအဝိုင်းသည် ဒေသတွင်းရွေးကောက်ပွဲ နှင့် ခလေးသူငယ်များအတွက် လုံခြုံသော ကျောင်း အကြိုအပို့အစီအစဉ်များ တွင် ပါဝင် နိုင်ခဲ့ကြသည်။

<u>အလုပ်တာဝန် </u>- ဒေသဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့ တည်ဆောက်ပုံကို နားလည်ပြီး လက်ရှိ ဆက်ဆံရေး / ထိတွေ့မှုများကို မြေပုံကြမ်းချဆွဲခြင်း

သက်ဆိုင်သူများကို ပုံဖေါ် ကနဦး ဇယားရေးဆွဲခြင်း၊ ကျေးရွာအုပ်ချုပ်ရေး အဖွဲ့ တည်ဆောက်ပုံ၊ သတင်းပို့ရမည့် အဓိက ပုဂ္ဂိုလ်များ (ဥပမာ ၁၀ အိမ်မှူး၊ ရာအိမ် မှူး၊ ကျေးရွာ အကြီးအကဲ၊ အစိုးရ ဌာနဆိုင်ရာများ၊ ဘာသာရေးခေါင်းဆောင်များ)

<u>အလုပ်တာဝန် </u>- ကျေးရွာအုပ်ချုပ်ရေးခေါင်းဆောင်များ၊ အိမ်နီးနားချင်းများနှင့် အစည်းအဝေး ကျင်းပနိုင်ရန် နှင့် ပုံမှန် အခြေအနေများကို တင်ပြနိုင်ရန် ဦးဆောင်ပံ့ပိုးပေးခြင်း

လူမှုအသိုင်းအဝိုင်းကော်မတီ နှင့် အတူ မိတ်ဖက်ပြုပြီး (မေတ္တာရပ်ခံလာပါက) သတင်းအချက်အလက်မျှဝေခြင်း နှင့် တိုးတက်မှု အစီရင်ခံခြင်း အစည်းအဝေးများကို ကျေးရွာ အုပ်ချုပ်ရေးခေါင်းဆောင်များ နှင့် လူမှုအသိုင်းအဝိုင်း၏ အဓိကအဖွဲ့ဝင်များဖြင့် ပြုလုပ်ခြင်းကို ဦးဆောင်ပံ့ပိုးပေးရမည်။ အဆိုပါစည်းဝေးများတွင် နေရပ်စွန့်ခွာသူ မိသားစုများအတွက် ဝန်ဆောင်မှု အဆက်အသွယ်များ (ဥပမာ - လျှပ်စစ်မီး၊ လမ်းများ၊ တံတားများ) တို့အပြင် အိမ်ထောင်စု စာရင်းပြုလုပ်ခြင်း၊ ကျောင်းအပ်နှံခြင်း နှင့် အလုပ်အကိုင် အခွင့်အလမ်းများ ကဲ့သို့ လူမှုရေး ဝန်ဆောင်မှုများ၊ အပေါ် ဆွေးနွေးမှုများ နှင့် ဝိုင်းဝန်းအားပေးထောက်ခံ ပံ့ပိုးမှုများကို ရရှိနိုင်သည်။

အလုပ်တာဝန် - ပြည်တွင်းနေရပ်စွန့်ခွာ အိမ်ထောင်စုများကို ကျေးရွာ/အနီးအနား ရှိ လူမှုအသိုင်းအဝိုင်း အတွင်းသို့ လူမှုရေး နှင့် ယဉ်ကျေးမှု ပေါင်းစည်းရေး အတွက် ဝိုင်းဝန်းကူညီပေးခြင်း

KMSS ကရင်ဏာ လူမှု စည်းလုံးညီညွတ်ရေး အသင်း၏ လူမှုဆက်ဆံရေး ဆုံမှတ် ပွိုင့် သည် လူမှုပေါင်းစည်းရေးကို အားပေးအထောက်အကူပြုရာတွင် အများနှင့်ဆိုင်သော ဘုံပတ်ဝန်းကျင် တခုကို ရှာဖွေပြီး လှုပ်ရှား လုပ်ကိုင်မှုများ နှင့် အတွေ့အကြုံများကို မျှဝေခြင်းဖြစ်သည်။ ယဉ်ကျေးမှု အဖွဲ့အစည်းများ၊ ဥပမာ ဒေသ လူငယ်များအသင်း၊ ဘာသာရေးအသင်းအဖွဲ့များ သို့ မတူညီသည့် အသက်/ကျား၊မ (လူငယ်၊ အမျိုးသားများ၊ အမျိုးသမီးများ၊ ရင်ခွင်ပိုက်ကလေးငယ်များ၊ အခြား...) တို့တွင် မိတ်ဆက်ပေးခြင်း နှင့် အသင်းဝင်ပြုခြင်းတို့တွင် ဆောင်ရွက်ပံ့ပိုး ပေးသည်။

## လုပ်ငန်းအဆင့် ၃ - ပိုင်ဆိုင်မှု အာမခံချက်ရှိရေး

"ပိုင်ဆိုင်မှုအာမခံ ဆိုသည်မှာ ပြည်သူများသည် အများပိုင် အခြေချနေထိုင်ရာ အခြေအနေတွင်သော်လည်းကောင်း၊ တရားမဝင်အခြေချနေထိုင်ခြင်းများတွင်သော်လည်းကောင်း၊ အိမ်ရှင်လူမှုအသိုင်းအဝိုင်းနှင့် သော်လည်းကောင်း၊ နေရပ်ပြန်ပြီးချိန်တွင်သော်လည်းကောင်း၊ မိမိတို့ အိမ်များတွင် နေထိုင်ပြီး အတင်းအကျပ် နှင်ထုတ်ခြင်း ကို ကြောက်ရွံ့နေရခြင်းမျိုးမရှိရခြင်းကို ဆိုလိုသည်။ ပြည့်စုံလုံလောက်သော အိမ်ယာ နှင့် အခြားအများအပြားသော လူ့အခွင့်အရေး ရပိုင်ခွင့်များ ၏ အုပ်မြစ်ဖြစ်သည်" ဟူသော ကိုးကားအဆိုကို အသိုင်းအဝိုင်းအတွက် လက်စွဲစာအုပ် ၂၀၁၉ တွင် ဖော်ပြထားသည်။ အခန်း၇ - ယာယီခိုလှုံရာ နေရာ နှင့် အခြေချနေထိုင်ခြင်း စံနှုန်း ၆

မြန်မာနိုင်ငံတွင် မြေယာ ပိုင်ဆိုင်မှု အာမခံချက်နှင့် ပိုင်ဆိုင်မှုအခွင့်အရေး သည် အတင်းအဓမ္မ ဖယ်ရှားခံရခြင်းများ၏ သမိုင်းတလျှောက် နှင့် လက်ရှိကျင်းပလျက်ရှိသော ငြိမ်းချမ်းရေး ဆွေးနွေးညှိနှိုင်းပွဲများတွင် အလွန်ရှုပ်ထွေးသည့် ခေါင်းစဉ်တခုဖြစ်သည်။ ရှေ့ဆက် သတင်းအချက်အလက် များ အတွက် ရည်ညွှန်းသည်မှာ - http://themimu.info/states_regions/kachin

လူမှုအသိုင်းအဝိုင်းမှ ဦးဆောင်သော ရွှေ့ပြောင်း အခြေချနေထိုင်ခြင်းဆိုင်ရာ ဤလက်စွဲစာအုပ်တွင် ပိုင်ဆိုင်မှု အာမခံချက်ရှိစေရေးနှင့်စပ်လျဉ်းပြီး မြေယာဝယ်ယူရန် ညှိနှိုင်းခြင်း၊ မြေယာပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားများ ပြုလုပ်ခြင်း လုပ်ငန်းစဉ်၊ အခြားသော ပိုင်ဆိုင်မှုပုံစံများ ရေးဆွဲခြင်း၊ နေအိမ်တည်ဆောက်ရန်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအတွက် မြေယာအား အပိုင်းများ ထပ်မံပိုင်းခြင်း စသည့် ကိစ္စရပ်များကို အလေးထား ဖော်ပြထားပါသည်။

ယေဘူယျအားဖြင့် လူမှုအသိုင်းအဝိုင်း/ သီးခြားအိမ်ထောင်စု တခုအတွက် ၎င်းတို့၏ပိုင်ဆိုင်မှုသည် ဆက်စပ်နောက်ခံ အကြောင်းအရာများ နှင့် အကန့်အသတ်များအတွင်းမှ ဥပဒေအရ အတတ်နိုင်ဆုံး သေချာခိုင်မာ စေခြင်းအတွက် ကူညီပေးခြင်းမှာ အဓိက ရည်ရွယ်ချက် ဖြစ်သည်။ ရှေ့ဆက်လက်၍ လမ်းညွှန်ကိုလေ့လာလိုပါက အသိုင်းအဝိုင်းအတွက် လက်စွဲစာအုပ် ၂၀၁၉ အခန်း၇ - ယာယီခိုလှုံရာ နေရာ နှင့် အခြေချနေထိုင်ခြင်း စံနှုန်း ၆ -

ပိုင်ဆိုင်မှု အာမခံ အတွက် အထွေထွေ ညွှန်ကြားချက်များ - ; https://www.nrc.no/what-we-do/speaking-up-for-rights/training-manual-on-housing-land-and-property/ သို့ကြည့်ပါ။

ကချင်ပြည်နယ်တွင် စိုက်ပျိုးမြေနှင့် အိမ်ယာမြေကွက် အတွက် မြေယာမှတ်ပုံတင်ခြင်း ဟူ၍ လုပ်ငန်းစဉ် ၂ ရပ်ရှိသည်။ ယေဘူယျအားဖြင့် အိမ်ယာမြေကွက်များအတွက် မှတ်ပုံတင်ခြင်းတွင် မြေယာမြေစာရင်း မှတ်ပုံတင်ခြင်း နှင့် အုပ်ချုပ်ရေး ဌာနတို့မှ ထောက်ခံစာ ၂ စောင်လိုအပ်သည်။ ပထမအဆင့်အနေဖြင့် မြေစာရင်းမှတ်ပုံတင် ဌာန မှ ၎င်းမြေကွက်သည် သစ်တောမြေ သို့မဟုတ် စိုက်ပျိုးမြေ ဖြစ်ကြောင်း အဆင့်အတန်း သတ်မှတ် ဆုံးဖြတ်ပေးရန် စစ်ဆေးခြင်း ဖြစ်သည်။ အကယ်၍ မြေကွက်သည် သစ်တောမြေပေါ်တွင် ကျရောက်နေပါက အိမ်ယာများ တည်ဆောက်ရန် မဖြစ်နိုင်ပေ။ မြေယာမှတ်ပုံတင်ခြင်းသည် အရေးပါသော စိန်ခေါ်မှု တခုနှင့် အဓိက ပြဿနာ တခုဖြစ်ပြီး ၊ လူမှုအသိုင်းအဝိုင်း/သီးခြားအိမ်ထောင်စုတခုအတွက် ကျွမ်းကျင်သူ အထူးပြုမိတ်ဖက် CBOs လူမှုအခြေပြုအဖွဲ့အစည်းများ ထံမှ အကြံဉာဏ် ရယူရန် အထူးအကြံပေးလိုပါသည်။

## အလုပ်တာဝန် - မြေရွေးချယ်မှုကို နားလည်စေရန် ဆောင်ရွက်ခြင်း

မိတ်ဆက် အလုပ်ရုံဆွေးနွေးပွဲ နောက်ဆက်တွဲအဖြစ် နှင့် လူမှုအသိုင်းအဝိုင်း ခေါင်းဆောင်များ သည် မြေယာအလုပ်ရုံဆွေးနွေးပွဲတခုပြုလုပ်ပြီး အခြေချရန်ရွေးချယ်ထားသည့်မြေနှင့်ပတ်သက်၍ နောက်ခံအခြေအနေနှင့် ဆက်စပ်အကြောင်းအရာ များကို နားလည်လာရန် ဆွေးနွေးကြသည်။ မြေကွက်တည်နေရာ ရွေးချယ်မှုနှင့် ပတ်သက်၍ အကျိုးအကြောင်းစဉ်းစားပုံများ နှင့် ဆန္ဒရှည်မှန်းချက်များကို နားလည်ရန် မုချလိုအပ်သည်။ ဖြစ်နိုင်ပါက မြေယာနှင့် ပတ်သက်၍ ကျွမ်းကျင်သူ (ဥပမာ HLP နေအိမ်၊ မြေယာ နှင့် ပိုင်ဆိုင်ပစ္စည်း ဥစ္စာ ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်း) ကို ဖိတ်ကြား၍ ဖြစ်ပေါ်လာနိုင်သော စိန်ခေါ်မှုများကို ဆွေးနွေးပြီး လူမှုအသိုင်းအဝိုင်း/အိမ်ထောင်စု ကို ကျွမ်းကျင်သူများနှင့် ချိတ်ဆက်ပေးကာ လူမှုအစုကို မြေမှတ်ပုံတင်ခြင်း လုပ်ငန်းစဉ် တလျှောက် အကြံဉာဏ်ပေးစေ၍ အတားအဆီးများကို ကျော်လွှားနိုင်စေသည်။

လမ်းကြောင်း ၁ နှင့် ၂ - အများပိုင်လမ်းကြောင်း နှင့် နှစ်မျိုးစပ် လမ်းကြောင်း - (လူမှုအသိုင်းအဝိုင်း) တခုသည် စုပေါင်း၍ မြေကို ဝယ်ယူခဲ့ပါက၊ သို့မဟုတ် မြေကိစ္စ ညှိနှိုင်းဆွေးနွေးဆဲ သို့မဟုတ် အစိုးရမှ မြေချထား ပေးပါက-

လူမှုအသိုင်းအဝိုင်း ခေါင်းဆောင်များသည် စီမံကိန်းဝန်ထမ်းများ၏ အကူအညီဖြင့် လူမှုအသိုင်းအဝိုင်းတခုလုံး နှင့် အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ရန် (*အလုပ်တာဝန်ကိုကြည့်ပါ- မိတ်ဆက်အလုပ်ရုံဆွေးနွေးပွဲ* - လူမှုအသိုင်း အဝိုင်း၏ အဖွဲ့ဝင် အုပ်စုအားလုံးအလုပ်ရုံဆွေးနွေးပွဲတက်ရောက်နိုင်ရန် ပံ့ပိုးလုပ်ဆောင်ရမည့်အသေးစိတ်များကိုကြည့်ပါ။) ဖြစ်ပြီး လုပ်ငန်းခွင်ရွေးချယ်ခြင်း သို့မဟုတ် မြေယာ ချထားပေးခြင်းအကြောင်းရင်းများကို နားလည်စေရန်ဖြစ်သည်။ ဤနေရာတွင် နောက်ခံဆက်စပ်အကြောင်းအရာများ (ဥပမာ - ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အဆောက်အအုံများ နှင့် အကွာအဝေး၊ ကျောင်းများ၊ ဈေးများ၊ အခြား...)၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေး (ဥပမာ - မြေမြုတ်မိုင်းများ နှင့် စစ်လက်ကျန်ပေါက်ကွဲစေနိုင်သော

ပစ္စည်းများ (ERW))၊ အချိန်ဇယား နှင့် လက်ရှိ မြေကိစ္စ ညှိနှိုင်းဆွေးနွေးမှုများ အဆင့် အခြေအနေ နှင့် ညှိနှိုင်းဆွေးနွေးမှုများ နှင့် ဝယ်ယူခြင်း၊ လက်ရှိ မြေပုံများ၊ မြေတိုင်းတာခြင်းများ နှင့် စာရွက်စာတမ်း ကိစ္စများ ပါဝင်သင့်သည်။

လူမှုအသိုင်းအဝိုင်းကို လုပ်ငန်းအစီအစဉ်ရေးဆွဲရာတွင် ကူညီအထောက်အကူပြုရန်၊ ၎င်းတို့ မည်သည့် အကူအညီအထောက်အပံ့လိုအပ်နေသနည်း၊- ဥပမာ- ကျေးရွာအုပ်ချုပ်ရေးခေါင်းဆောင်များနှင့် တွေ့ဆုံအစည်းအဝေး ပြုလုပ်ခြင်း၊ လုပ်ငန်းခွင်မြေတိုင်းတာခြင်း၊ မှျတသော မြေယာခွဲဝေခြင်း၊ စသည်ဖြင့်…။ အဆင့် ၄ လုပ်ငန်းခွင် အကဲဖြတ်ခြင်းများ နှင့် လုပ်ငန်းခွင် အစီအစဉ်ရေးဆွဲခြင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထည့်သွင်းစဉ်းစားရမည့် အချက်များ ကို ရည်ညွှန်းရန်

လမ်းကြောင်း ၃ - သီးခြား အိမ်ထောင်စု လမ်းကြောင်း - သီးခြားအိမ်ထောင်စု တခု သည် မြေတကွက်ကို ဝယ်ယူပြီးသည် ဖြစ်လျှင်၊ မြေကိစ္စ ညှိနှိုင်းဆွေးနွေးနေဆဲ၊ မိသားစုပိုင် မြေသို့ ပြောင်းရွှေ့ရန် စီစဉ်နေခြင်း၊ အစိုးရမှ မြေကွက်ချထားပေးခြင်း သို့မဟုတ် ၎င်းတို့ပိုင်ဆိုင်သည့် မြေသို့ ပြန်သွားရန်စီစဉ်နေခြင်း-

မြေနေရာ ရွေးချယ်မှု သို့မဟုတ် မြေချထားပေးခြင်းတို့ကို နားလည်ရန်အတွက် အမျိုးသား နှင့် ဇနီးအပါအဝင် အိမ်ထောင်ဦးစီးသို့ ကူညီထောက်ပံ့မှုပေးရန်ဖြစ်သည်။ ဤတွင်ပါဝင်သင့်သည်များမှာ ဆက်စပ်နောက်ခံ အကြောင်းအရာ၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေး၊ (ဥပမာ - မြေမြှုတ်မိုင်းများ နှင့် စစ်လက်ကျန် ပေါက်ကွဲစေတတ်သော ပစ္စည်းများ၊ အချိန်ဇယား နှင့် လက်ရှိ မြေကိစ္စ ညှိနှိုင်းဆွေးနွေးမှုများ အခြေအနေ အဆင့် နှင့် ဝယ်ယူခြင်းတွင် လက်ရှိမြေပုံများ၊ မြေတိုင်းတာခြင်း နှင့် စာရွက်စာတမ်းကိစ္စများ ပါဝင်သည်။

အိမ်ထောင်စုသို့ အကူအညီအထောက်အပံ့များရရှိရေးအတွက် လုပ်ငန်းလုပ်ဆောင်ခြင်း အစီအစဉ်ဆွဲရန်အတွက် ဝိုင်းဝန်းကူညီရန်- ဥပမာ - မိသားစုဝင်အများအပြားဖြင့် အစည်းအဝေးတက်ရောက်ရန်၊ လုပ်ငန်းခွင် မြေတိုင်းတာခြင်း၊ ပြဋ္ဌာန်းဥပဒေအရ လိုအပ်ချက်များ နှင့် လိုအပ်သော လုပ်ကိုင်ခွင့် ပါမစ်များ ရရှိရန် အစီအစဉ်ဆွဲရန် (အထူးသဖြင့် မြို့ပြ ဧရိယာများတွင်)။

(BOX တွင် ဖြည့်ရန်) ရွှေ့ပြောင်းစီမံကိန်း ကာလအတွင်း အမျိုးသမီးများအရေးကို အာရုံစိုက်သော အုပ်စုတခုနှင့် မြေရွေးချယ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတခုတွင် ထိုအမျိုးသမီးများက ၎င်းတို့ အထူးရွေးချယ်ထားသည့် လုပ်ငန်းခွင်နှင့် တည်နေရာကို ရွေးချယ်ရခြင်း အကြောင်းရင်းများကို ရှင်းပြခဲ့သည်။ အဆိုပါအမျိုးသမီးများသည် အလွန်ပွင့်လင်းရှင်းလင်းစွာ ဖြင့် လွန်ခဲ့သည့် ၅ နှစ်တာအချိန်ကာလအတွင်း သတိထား၍ မြေရွေးချယ်မှု လုပ်ငန်းစဉ်ကို လုပ်ဆောင်ခဲ့ကြရာတွင် အချင်းချင်းအပြန်အလှန်ဆက်စပ်နေသည့် အခြေခံအကြောင်းရင်းများစွာကို စဉ်းစားခဲ့ကြသည်။ ဤသည်တို့တွင်ပါဝင်သည်များမှာ ကျေးရွာလူမှုအသိုင်းအဝိုင်းနှင့် ဘာသာရေး အုပ်စုအဖွဲ့ သို့ ဆက်သွယ်ချိတ်ဆက်မှုများရှိနိုင်ရန်၊ အိမ်နီးချင်းများနှင့် ကျေးရွာခေါင်းဆောင်လူကြီးမှလိုက်လံခွဲစွာကြိုဆိုခြင်း၊ တို့အပြင် ၎င်းတို့မြေဝယ်ယူခဲ့သည့် မြေပိုင်ရှင်မှ

ကြိုဆိုခြင်းတို့ကြောင့်ဖြစ်သည်။ ၎င်းတို့ သိနားလည်သည်မှာ ၎င်းတို့သည် အနာဂတ်အတွက် လုံခြုံမှုရှိကြောင်းနှင့်အတူ ၎င်းတို့၏ သားသမီးများအတွက် ကျောင်းသို့ကောင်းမွန်စွာတက်ရောက်နိုင်ခွင့် နှင့် ဗန်းမော်မြို့သို့ ခရီးနီးခြင်းတို့ပါဝင်သည်။ ၎င်းတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းအနေဖြင့် နေ့စားလုပ်သားများ အဖြစ်လုပ်ကိုင်နိုင်ခြင်းအပြင် ၎င်းတို့ပိုင်မြေကွက်ပေါ်တွင်လည်း စိုက်ပျိုးမွေးမြူရေး လုပ်နိုင်ခြင်းဖြစ်သည်။ ထို့အပြင်၊ ရှင်းပြသည်မှာ ၎င်းတို့၏ ရည်မှန်းဆန္ဒဖြစ်သော သားသမီးများသည် မြို့ပြနေထိုင်ခြင်း အသက်တာ ဖြင့်နေထိုင်လျက် ပိုမိုကောင်းမွန်သော ပညာရေး နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ကို မြို့တွင်ရနိုင်မည်ဖြစ်၍ ၎င်းတို့ မူရင်းကျေးရွာသို့ပြန်ပြီး စိုက်ပျိုးရေး မလုပ်လိုတော့ကြောင်းဖြစ်သည်။

## အလုပ်တာဝန် - ဒေသအာဏာပိုင်များ/ ကျေးရွာ အုပ်ချုပ်ရေးခေါင်းဆောင်များ နှင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခြင်း

လူမှုအသိုင်းအဝိုင်း/ သီးခြားအိမ်ထောင်စု တို့ကို ဒေသအာဏာပိုင်များ/ကျေးရွာအုပ်ချုပ်ရေးခေါင်းဆောင်များနှင့် ပိုင်ဆိုင်မှုစနစ်များ နှင့် အစီအစဉ်များ၊ မြေဝယ်ယူရေး လုပ်ငန်းစဉ်အဆင့်ဆင့် နှင့် လက်ရှိပြဌာန်းထားသော စည်းမျဉ်းလုပ်ထုံးများ နှင့်အတူ နီးနွယ်နေသည့် အချိန်အတိုင်းအတာ တို့ကို ညှိနှိုင်းဆွေးနွေးဆောင်ရွက်ရာတွင် ကူညီရန်ဖြစ်သည်။ လူမှုအသိုင်းအဝိုင်း/သီးခြားအိမ်ထောင်စုများ ကို ကျေးရွာအုပ်ချုပ်ရေးခေါင်းဆောင်များ၊ မြေပိုင်ရှင်များ နှင့် ဒေသအာဏာပိုင်များ နှင့် ကောင်းမွန်သောဆက်သွယ်ရေးလမ်းကြောင်းများ တည်ထောင်ရာတွင် ဝိုင်းဝန်းကူညီပြီး မြေယာပိုင်ဆိုင်မှု စာရွက်စာတမ်းများကိစ္စ နှင့် စိန်ခေါ်မှုများကို ပွင့်လင်းမြင်သာမှုရှိစွာဖြင့် အတတ်နိုင်ဆုံး အလျှင်အမြန် ဆောင်ရွက်နိုင်ရန်ဖြစ်သည်။ အထူးပြု မိတ်ဖက် အဖွဲ့အစည်းများကို ဆက်သွယ်ပြီး အသေးစိတ်ကို အောက်တွင်ကြည့်ပါ။

## အလုပ်တာဝန်- လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး နှင့် လုံခြုံရေးဆိုင်ရာ အကဲဖြတ်ခြင်း

လူမှုအသိုင်းအဝိုင်း ခေါင်းဆောင်များနှင့် မိတ်ဖက်ပြုပြီး အဓိက သက်ဆိုင်သူများ ဖြစ်သော ဘာသာရေးခေါင်းဆောင်များ၊ လူမှုအသိုင်းအဝိုင်း ခေါင်းဆောင်များ၊ (DS) ကြာရှည်ခံသော ဖြေရှင်းနည်းများ အလုပ်အဖွဲ့ နှင့် သက်ဆိုင်ဆက်စပ်သော အဖွဲ့အစည်းများနှင့် ဆက်သွယ်ပြီး လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်လုံခြုံရေး အကဲဖြတ်ခြင်း ပြုလုပ်ရာတွင် ဝိုင်းဝန်းကူညီမှုပြုရန်ဖြစ်သည်။

လက်ရှိလုပ်ငန်းစဉ်အဆင့်ဆင့်မှာ အောက်ပါအတိုင်းဖြစ်သည် -

- နေရပ်စွန့်ခွာ လူအုပ်စု သည် နေရပ်စွန့်ခွာ ဒုက္ခသည်စခန်း/(DS) ကြာရှည်ခံသော ဖြေရှင်းနည်းများ အလုပ်အဖွဲ့ရှိ UNHCR/CCCM ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး/ ကမ္ဘာလုံးဆိုင်ရာ စခန်းချရေး ညှိနှိုင်းဆောင်ရွက်ခြင်း နှင့် စခန်းစီမံအုပ်ချုပ်မှု လုပ်ကိုင်ဆောင်ရွက်သူ သို့ စာရေးတင်ပြီး သတ်သတ်မှတ်မှတ်ရှိသော နေရာဒေသ တခုတွင် ပြောင်းရွှေ့အခြေချလိုကြောင်း လျှောက်ထားတောင်းခံရမည်။

- UNHCR ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး မှဦးဆောင်ပြီး လုပ်ငန်းခွင် အကဲဖြတ်ခြင်းအစီအစဉ် ကို မိတ်ဖက်များ နှင့် လူမှုအသိုင်းအဝိုင်းနှင့်အတူ လုပ်ဆောင်သည်၊ ဥပမာ - DRC (mine risk assessment), (legal land assistance); ဒိန်းမတ် ဒုက္ခသည်များဆိုင်ရာကောင်စီ (မြေမြှုတ်မိုင်းအန္တရာယ် အကဲဖြတ်ခြင်း)၊ NRC ( မြေယာ ဥပဒေရေးရာ အထောက်အကူပြု)၊

- DS ကြာရှည်ခံသော ဖြေရှင်းနည်းများ အလုပ်အဖွဲ့မှ အကူအညီပေးရေး အစည်းအဝေး နှင့် လုပ်ငန်းလုပ်ဆောင်ရန် အစီအစဉ် ဇယားဆွဲခြင်းများ လုပ်ဆောင်သည်။

- လုပ်ငန်းခွင် ဘေးကင်းလုံခြုံရေးဆိုင်ရာ အကဲဖြတ်မှုကို ပူးပေါင်းလုပ်ဆောင်ကြသည်။ အကယ်၍ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လုံခြုံရေး သည် အခြေချနေထိုင်ရန် ပြည့်စုံလုံလောက်သည်ဟု ယူဆပါက မိတ်ဘက်အဖွဲ့အစည်းများကို အဆိုပါ လုပ်ငန်းအကောင်အထည်ဖော်ခြင်းတွင် ဝိုင်းဝန်းကူညီထောက်ပံ့ကြရန် အားပေးတိုက်တွန်းသည်။

- - အကယ်၍ အခြေအနေများသည် အခြေချနေထိုင်မှုဖြစ်ပေါ်လာစေရန် အခွင့်မသာ ဟု ယူဆပါက၊ အကဲဖြတ်ခြင်းလုပ်ငန်းများ ဆက်လက် လုပ်ဆောင်ရန်လိုအပ်သည်။ ဥပမာ - မြေမြှုတ်မိုင်း ကိစ္စ/ စစ်ကျန် ပေါက်ကွဲစေတတ်သောပစ္စည်းများ ကိစ္စ၊

-

## အလုပ်တာဝန်- စာရွက်စာတမ်းများ စုစည်းခြင်း

လူမှုအသိုင်းအဝိုင်း/သီခြားအိမ်ထောင်စုများ သို့ လိုအပ်သော စာရွက်စာတမ်းများ စုဆောင်းခြင်း နှင့် အဆိုပါစာရွက်စာတမ်းများ ရရှိအောင် ဆောင်ရွက်ခြင်း တို့တွင် အကူအညီပေးပြီး ပိုင်ဆိုင်မှု အာမခံချက် ရှိရန် အကူအညီပေးရမည်။ ဤလုပ်ငန်းစဉ်အဆင့်များသည် ပြီးမြောက်သည်အထိ အချိန်ကြာမြင့်စွာ ကြာတတ်ပြီး တဖြည်းဖြည်းခြင်းတို့မြင့်လုပ်ဆောင်ခြင်း ချဉ်းကပ်ပုံစံဖြင့် လုပ်ဆောင်ရန် လိုအပ်မည်ဖြစ်သည်။ DS ကြာရှည်ခံသော ဖြေရှင်းနည်းများ အလုပ်အဖွဲ့ နှင့် အခြားသော ကျွမ်းကျင်သူ အဖွဲ့အစည်း တို့နှင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ပြီး (ဥပမာ - DRC/NRC, အခြား…) အကူအညီ အထောက်အပံ့ ရရှိနိုင်ရန်အတွက် (ဥပမာ- လျှောက်လွှာများရေးသားတင်သွင်းရာတွင် အထောက်အကူ၊ အစည်းအဝေးတွေ့ဆုံခွင့်များ ရရှိခြင်း နှင့် တရားဝင် အသိအမှတ်ပြုသည့် မြေတိုင်းတာခြင်းလုပ်ငန်းများ၊ လျှောက်လွှာများနှင့် ခွင့်ပြုမိန့်များ အခြေအနေ ကို လိုက်လံစုံစမ်း တောင်းခံခြင်း နှင့် အခြား…)

အသိုင်းအဝိုင်းအတွက် လက်စွဲစာအုပ် ၂၀၁၉ အခန်း၇ - ယာယီခိုလှုံရာ နေရာ နှင့် အခြေချနေထိုင်ခြင်း စံနှုန်း ၆ - ပိုင်ဆိုင်မှု အာမခံမှု အတွက် အထွေထွေ ညွှန်ကြားချက်များ - တဆင့်ခြင်းတိုးမြင့်ပိုင်ဆိုင်မှု - ပိုင်ဆိုင်မှုအာမခံ ခိုင်မာအောင် ပြုလုပ်ရာတွင် ထိရောက်မှုအရှိဆုံး နည်းတနည်းမှာ လက်ရှိပိုင်ဆိုင်မှု အာမခံချက်ရှိရေးဆိုင်ရာ စံနစ်များ အပေါ်တွင်ဆက်လက် တည်ဆောက်ပြီး လူမှုရေးအရ တရားဝင်မှုကို အဆင့်တခုထိ

ရရှိခံစားနေရခြင်းဖြစ်သည်။ *အသေးစိတ်အတွက် UN Habitat and GLTN Social Tenure Domain Model ကုလသမဂ္ဂ လူသားအခြေချမှုဆိုင်ရာစီမံချက် နှင့် GLTN ၏ လူမှုရေးအရ ပိုင်နက် ပိုင်ဆိုင်မှု စံပြပုံစံ သို့ရည်ညွှန်းပါ*

<u>အထူးဂရုစိုက်သတိပြုရမည့်မှာ -</u>

- အားနည်း၍ ထိရှလွယ်သော အိမ်ထောင်စု သည် အဓိက စာရွက်စာတမ်းကိစ္စများ လုပ်ဆောင်ရန် လက်လှမ်းမှီနိုင်မည်မဟုတ်ပါ။ ဤကိစ္စကို လူမှုအသိုင်းအဝိုင်း ကော်မတီနှင့် ဆွေးနွေးပြီး ၎င်းအိမ်ထောင်စုများ အတွက် စုပေါင်း၍ ဝိုင်းဝန်းအထောက်အကူပြုရန်
- မြေယာပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့် မြေယာပိုင်ဆိုင်မှု လျှောက်ထားခြင်းလုပ်ငန်းစဉ်အဆင့်ဆင့် တွင် အမျိုးသားများနှင့် အမျိုးသမီးများ အတူတကွ ပါဝင် လုပ်ဆောင်ပြီး ပူးတွဲအမည်ပေါက်စေရန်

<u>လမ်းကြောင်း ၁-</u> လူမှုအသိုင်းအဝိုင်း လမ်းကြောင်း- အိမ်ထောင်စုဝင်အားလုံး (အမျိုးသားများ နှင့် အမျိုးသမီးများ) တို့၏ အမည်များနှင့် ၎င်းတို့၏ ငွေပေးချေမှုအလိုက် ပိုင်ဆိုင်မှုရာခိုင်နှုန်းကို မြေစာချုပ် နှင့် အရောင်း အဝယ် စာရွက်စာတမ်းများတွင် ထည့်သွင်းဖော်ပြရန် အထူးအရေးကြီးသည်။ မြေကွက်တကွက်စီ၏ နယ်နိမိတ်များ ကို ရေးဆွဲထားသော မြေပုံသည်လည်း ပါဝင်ရမည်။ ထို့အပြင် အများပိုင် မြေကွက်အပိုင်းများသည် စုပေါင်းပိုင်ဆိုင်ကြောင်းကို ရာခိုင်နှုန်းအလိုက် စာရွက်စာတမ်းဖြင့် မှတ်တမ်းပြုထားရမည်။ နောက်ဆက်တွဲ ၃၊ မြေယာဒေတာအချက်အလက် ပုံစံစာရွက် ကို ရည်ညွှန်းသည်။

<u>လမ်းကြောင်း ၃ -</u> သီးခြားအိမ်ထောင်စုလမ်းကြောင်း - အကယ်၍ အိမ်ထောင်စုတစ်ခုသည် မိသားစုပိုင်မြေယာကို မျှဝေအသုံးပြုခွင့်ပေးရန် အစီအစဉ်ရှိပါက နောင်တွင်ဖြစ်လာနိုင်သည့် အငြင်းပွားမှုများကို ရှောင်ရှားနိုင်ရန် အတွက် မြေယာအသုံးချမှု သဘောတူစာချုပ်ပုံစံကို ရေးဆွဲရန် ကူညီရမည်။

(BOX တွင် ဖြည့်ရန်)

ရွှေ့ပြောင်းစီမံကိန်း၏ လူမှုအသိုင်းအဝိုင်း သည် လွန်ခဲ့သည့် ၇ နှစ်မှ စတင်ကာ အခြေချနေထိုင်ရန် သင့်တော်မည့် မြေနေရာကို ဇန်းမော်ရေးယာတွင် စတင်ရှာဖွေခဲ့ကြသည်။ အချို့သော နေရပ်စွန့်ခွာသူများသည် နေ့စား အလုပ်သမား များအဖြစ် မြေပိုင်ရှင်တဦးထံတွင် အလုပ်လုပ်ခဲ့ကြရာ၊ မြေပိုင်ရှင်သည် အဆိုပါလူမှုအသိုင်းအဝိုင်းသို့ မြေကို ရောင်းချရန် စိတ်ဝင်စားခဲ့သည်။ ညှိနှိုင်းဆွေးနွေးမှုများ နှင့် ငွေစုဆောင်းမှုများကို ၅ နှစ်အကြာလုပ်ဆောင်ခဲ့ရပြီး လူမှုအသိုင်းအဝိုင်းမှ မည်သည့် အစိုးရမဟုတ်သောအဖွဲ့အစည်း NGO ၏ အကူအညီကို မရယူခဲ့ဘဲ ၎င်းတို့လူမှုအသိုင်းအဝိုင်းကိုယ်တိုင် စီမံလုပ်ဆောင်ခဲ့ကြသည်။ အဆိုပါလူမှုအသိုင်းအဝိုင်းသည် ကျေးရွာအုပ်ချုပ်ရေးခေါင်းဆောင်များ နှင့် ဆက်သွယ်ရေး အချိတ်အဆက်များ ထူထောင်ခဲ့ပြီး၊ ယခုအခါတွင် ၎င်းတို့ အိမ်ထောင်စု တခုချင်းစီအတွက် မြေစာချုပ်နှင့် တရားဝင် စာရွက်စာတမ်းများကို ပိုင်ဆိုင်နေ ကြပြီဖြစ်သည်။

## အဆင့် ၄ - လုပ်ငန်းခွင် နှင့် ဧရိယာ အကဲဖြတ်ခြင်း

ရုပ်ဝတ္ထုသွင်ပြင် နှင့် လူမှုရေး အကဲဖြတ်ခြင်းများကို လုပ်ငန်းခွင်၊ နောက်ခံဆက်စပ်အကြောင်းအရာ နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လိုအပ်သော အချက်အလက်များရရှိနိုင်ရန် လူမှုအသိုင်းအဝိုင်း/သီးခြား အိမ်ထောင်စုတခုခြင်းမှ လုပ်ဆောင်ရန် အရေးကြီးပြီး လုပ်ငန်းခွင်အစီအစဉ်ရေးဆွဲခြင်း လုပ်ငန်းစဉ် ကို စတင်လုပ်ဆောင် ရန် (အဆင့် ၅) လုပ်ငန်းခွင် အဆင်အပြင်နှင့် မြေကွက်ငယ်များ ခွဲစိတ်ခြင်းကို ၎င်းတို့ လူမှုအသိုင်းအဝိုင်း၏ လိုအပ်ချက်များ နှင့် ဆန္ဒရည်မှန်းချက်များအလိုက် အသင့်တော်ဆုံးဖြစ်ရန် စုပေါင်း၍ ဆုံးဖြတ်ချက်များ ချမှတ်သည်။ ဤသည်မှာ အများပိုင်ဘုံမြေ နှင့် ပုဂ္ဂလိကအိမ်ထောင်စု တခုချင်းပိုင် မြေကွက် များအတွက်ပါ သက်ဆိုင်သည်။

အရေးကြီးသည့်အချက် - လုပ်ငန်းခွင်၊ နောက်ခံဆက်စပ်အကြောင်းအရာ နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရုပ်ဝတ္ထုသွင်ပြင် နှင့် လူမှုရေး အကဲဖြတ်ခြင်းများကို လုပ်ဆောင်ရာတွင် အတတ်ပညာနှင့် ကျွမ်းကျင်မှု လိုအပ်သည်။ စီမံကိန်း အဖွဲ့တွင် အင်ဂျင်နီယာတဦး ပါဝင်ရန် အရေးကြီးပြီး မြေပုံကြမ်းများရေးဆွဲခြင်း နှင့် နည်းပညာ ပုံဆွဲခြင်းများကို ပြုလုပ်နိုင်ရန်ဖြစ်သည်။ ဂူဂဲလ်ကမ္ဘာမြေမှ အခမဲ့ရယူနိုင်သော မြေပုံများ သည် လုပ်ငန်းခွင် နှင့် ဧရိယာ အကဲဖြတ်ခြင်းများ၊ လုပ်ငန်းခွင်နှင့် စကေးကိုက် နည်းပညာမြေပုံရေးဆွဲခြင်း အစပြုရာ တို့တွင် အသုံးဝင်သည်။

### အလုပ်တာဝန် - နည်းပညာ အသုံးပြု မြေတိုင်းတာရေးဆောင်ရွက်ခြင်း

စီမံကိန်းအင်ဂျင်နီယာသည် လူမှုအသိုင်းအဝိုင်း အဖွဲ့ဝင်များနှင့်အတူ နည်းပညာသုံး မြေတိုင်းတာခြင်းကို ဦးဆောင်ခြင်းဖြင့် ကျွမ်းကျင်မှုကို တည်ဆောက်နိုင်ပြီး (ဥပမာ - လုပ်ငန်းခွင်၏ အကျယ်အဝန်းကို အတူတကွ တိုင်းတာ မှတ်တမ်းတင်ခြင်း၊ အခြား...) လူမှုအသိုင်းအဝိုင်း ၏ အဆိုပါဧရိယာ အကြောင်းသိကျွမ်းထားမှုများ၊

ဥပမာ- ရာသီဥတု၊ မိုးလေဝသ ပုံစံများ၊ ဖြစ်ပေါ်နိုင်တတ်သော ဘေးအန္တရာယ်များ (ရေကြီးခြင်း၊ လေပြင်းတိုက်ခြင်း၊ အစရှိသည်...)၊ သယ်ယူရန် ရေရရှိရာနေရာသို့ သွားရာလမ်း အစရှိသည်တို့ ကို သင်ယူနိုင်သည်။

<u>လမ်းကြောင်း ၁</u> - လူမှုအသိုင်းအဝိုင်းလမ်းကြောင်း - စီမံကိန်း အင်ဂျင်နီယာ မှ လူမှုအသိုင်းအဝိုင်း အဖွဲ့ဝင်များနှင့် အတူတကွ လုပ်ငန်းခွင် တိုင်းတာရေးလုပ်ငန်းများကို ဆောင်ရွက်ပြီး လုပ်ငန်းခွင် နည်းပညာ မြေပုံများ (တိုင်းတာရေး) ကို ရေးဆွဲသည်။ လုပ်ငန်းခွင်တိုင်းတာရေးများသည် မြေကွက်တခုလုံးကို အိမ်ဆောက်ရန်နှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများလုပ်ဆောင်ရန်အတွက် အိမ်ယာမြေကွက်ငယ်များ အဖြစ်သို့ မျှတစွာ နှင့် ပွင့်လင်းမြင်သာမှုရှိစွာ ပြန်လည်ခွဲဝေနိုင်ရန်အတွက် နှင့်အပြင် မြေပိုင်ဆိုင်မှု စာရွက်စာတမ်းများ လျှောက်ထားရာတွင် အထောက်အကူပြုသည်။

<u>လုပ်ငန်းခွင် ဆက်စပ်နောက်ခံအကြောင်းအရာများကို မှတ်တမ်းတင်ခြင်း သည် လူမှုအသိုင်းအဝိုင်းအတွက် လက်ရှိ အခွင့်အလမ်းများ နှင့် ပြဿနာများကို နားလည်သဘောပေါက်ပြီး အသိအမြင်ရှိစွာဖြင့် လုပ်ငန်းခွင်၊ အိမ်များ၊ အခြေခံအဆောက်အအုံ များ ကို မည်သို့ အစီအစဉ် ဆွဲရမည် ဆိုသည့် အဓိကအချက်များကို သိရှိနားလည်စေနိုင်သည်။</u>

<u>လမ်းကြောင်း ၂ နှင့် ၃</u> - သီးခြားအိမ်ထောင်စု နှင့် ၂ မျိုးစပ် လမ်းကြောင်း - စီမံကိန်းအင်ဂျင်နီယာ သည် လူမှုအသိုင်းအဝိုင်း အဖွဲ့ဝင်များနှင့် အတူတကွ လုပ်ငန်းခွင် တိုင်းတာရေးလုပ်ငန်းများကို ဆောင်ရွက်ပြီး လုပ်ငန်းခွင် (တိုင်းတာရေး) မြေပုံများကို ရေးဆွဲထုတ်လုပ်ပေးသည်။ ဤလုပ်ငန်းခွင်တိုင်းတာရေး လုပ်ငန်းများသည် အရေးကြီးပြီး မြေကွက်ပေါ်တွင် အိမ်၏တည်နေရာကို အဆိုပြုနိုင်ရန်နှင့် အစီအစဉ်ရေးဆွဲရာတွင် ပြဋ္ဌာန်းဥပဒေအရ လိုက်နာရမည့် တားမြစ်ချက်များ၊ ခွင့်ပြုမိန့်များ နှင့် စာရွက်စာတမ်းများ၊ အထူးသဖြင့် မြို့ပြဧရိယာအတွင်း ခွဲခြမ်းစိတ်ဝေသည့် မြေကွက်ငယ်များပေါ်တွင် ဖြစ်သည်။

ဒေသတွင်း မြေတိုင်းအရာထမ်းကို နည်းပညာအကူအညီ လိုအပ်ပါက ဆက်သွယ်ပြီး တောင်းခံပါ။ ဤမြေပုံသည် သတ်သတ်မှတ်မှတ်ရှိသည့် မြေကွက်၏ အကျယ်အဝန်းပေါ်မူတည်၍ ၁း၂၀၀/ ၁း၅၀၀ စကေး ကို ဆုံချက်ထား ရေးဆွဲသည်။ (တကွက်ခြင်းအလိုက် ၁း၂၀၀)၊ မြေပုံပေါ်တွင် ပါဝင်ရမည့် အချက်အလက်များမှာ-

- အကျယ်အဝန်း၊ လုပ်ငန်းခွင်မြေကွက် နယ်သတ်မျဉ်းများ နှင့် လုပ်ငန်းခွင် အကျယ်အဝန်း၊ လုပ်ငန်းခွင် ဧရိယာ (စတုရမ်းမီတာဖြင့်)၊ ဝင်ထွက်လမ်းများ၊ မြောက်အရပ် အညွှန်း
- သဘာဝ သွင်ပြင် လက္ခဏာများ - သစ်ပင်များ၊ ကျောက်တုံးများ၊ စိုက်ပျိုးမြေများ၊ မြေမျက်နှာသွင်ပြင်၊ မြစ်များ၊ ရေကန်များ၊ ရေမြောင်း ပုံစံစနစ်များ၊ မြေပြင်ညီ ရေအမှတ်၊ သောက်သုံးရေ တူးယူရရှိနိုင်သည့် အနက်ပေ/ ရေ အရည်အသွေး၊ စသည်ဖြင့်...
- အိမ်နီးချင်း ပိုင်ဆိုင်မှုများ၏ နယ်သတ်မျဉ်းများ နှင့် အဆောက်အအုံများ
- လမ်းမများ၊ မြေကွက်ပေါ်ရှိလျှောက်လမ်းများ နှင့် ဝင်/ထွက် အမှတ်များ

### အလုပ်တာဝန် - သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုပ်ငန်းခွင် အကဲဖြတ်မှု ပြုလုပ်ခြင်း

လူမှုအသိုင်းအဝိုင်း အဖွဲ့ဝင်များ၊ WASH/DRR ရေ၊ မိလ္လာ နှင့် သန့်ရှင်းရေး/ သဘာဝဘေးအန္တရာယ်လျှော့ပါးရေး ကျွမ်းကျင်သူ အခြားမိတ်ဖက်များ နှင့် ပူးတွဲ၍ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုပ်ငန်းခွင် အကဲဖြတ်ခြင်း ကို ပြုလုပ်ရမည်။ ရေထွက်ရာသို့ ပေါက်ရောက်ခြင်းသည် မုချလိုအပ်ပြီး အဆိုပါလုပ်ငန်းခွင်ကို အခြေချနေထိုင်ရန် နေရာအဖြစ် အလားအလာကောင်းဖြစ်စေသည်။ ဤတွင်ပါဝင်သည်မှာ လုပ်ငန်းခွင်သို့ အတူတကွ သွားရောက်ကြည့်ရှုပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကဏ္ဍများ၏ အသိပညာများကို မျှဝေခြင်းဖြစ်သည်။ လုပ်ငန်းခွင်၏ လက်ရှိ အခြေအနေများ ကို ကြည့်ရှုခြင်းအပါအဝင် ပိုမိုအလှမ်းကျယ်ပြန့်သော အနီးဝန်းကျင် ဧရိယာ/ ကျေးရွာ သို့မဟုတ် မြို့ပြဝန်းကျင် အပြင် အနာဂတ် ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ပေါ်လာနိုင်ခြေကို စဉ်းစားခြင်း၊ လုပ်ငန်းခွင်၏ ပတ်ဝန်းကျင် အပြောင်းအလဲ ဖြစ်နိုင်ခြေများ၊ ဥပမာ- စက်မှုလက်မှုဆိုင်ရာ လုပ်ငန်းဆောင်တာများ (ဥပမာ- သတ္တုတွင်းလုပ်ငန်း၊ စက်မှုသုံး)၊ စစ်တပ် တည်နေရာ အနေအထား (ဥပမာ- တပ်စခန်းများ တည်ဆောက်ခြင်း)။ အသေးစိတ်သိရှိနိုင်ရန် နောက်ဆက်တွဲဇယား ၄၊ QSAND သဘာဝဘေးအန္တရာယ်အလွန် နောက်ဆက်တွဲ ရေရှည်တည်တံ့နိုင်စွမ်း တိုင်းတာခြင်း စစ်ဆေးရန်စာရင်း က နှင့် ခ ကို ရည်ညွှန်းပါ။ ထို့အပြင် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေး အကဲဖြတ်မှု - အဆင့်၃ သို့ ရည်ညွှန်းသည်။

သတင်းအချက်အလက်များတွင် ပါဝင်ရန်များမှာ ချဲ့ထားသည့် ဆက်စပ်နောက်ခံ အကြောင်းအရာ နှင့် ခွင့်ပြု လက်ခံနိုင်စွမ်း ပမာဏ (မြေပုံစကေး ၁:၁၂၅ဝ)-

- တည်နေရာ - လုပ်ငန်းခွင်သည် မည်သည့်နေရာတွင် တည်ရှိသနည်း?
- အနီးပတ်ဝန်းကျင်/ဧရိယာ နှင့် ကျေးရွာ ဆက်စပ်နောက်ခံအကြောင်းအရာများ - လုပ်ငန်းခွင် အနီးဝန်းကျင်၊ မြေအသုံးချမှုဇုံခွဲခြားထားခြင်း နှင့် လက်ရှိ အဆောက်အအုံများ၊
- အကျယ်အဝန်း အတိုင်းအတာ၊ လုပ်ငန်းခွင် နယ်သတ်မျဉ်းများ နှင့် လုပ်ငန်းခွင် အတိုင်းအတာပမာဏ၊ လုပ်ငန်းခွင် ဧရိယာ (စတုရမ်းမီတာ)၊ ဝင်/ထွက် အမှတ်များ၊ မြောက်အရပ်အညွှန်း
- သယ်ယူရန်ရေရရှိနိုင်ရာ နေရာသို့ ပေါက်ရောက်ခြင်း နှင့် မြေပေါ်ရေ ရေမြောင်းစနစ် ဖြစ်နိုင်ခြေများ နှင့် စိန်ခေါ်မှုများ (ရေကြီး ရေလွှမ်းမိုးခြင်း)
- ရေထွက်အရင်းအမြစ်- ရေဝေရေလဲ ဧရိယာများ၊ အနီးရှိ သစ်တောကာကွယ်တောများ )
- သဘာဝ သွင်ပြင် လက္ခဏာများ - သစ်ပင်များ၊ ကျောက်တုံးကြီးများ၊ မြေမျက်နှာသွင်ပြင်၊ မြစ်များ၊ ရေကန်များ၊ ရေမြောင်းစနစ်ပုံစံများ၊
- ပျံ့နှံ့ ရောက်ရှိနိုင်မှု - လုပ်ငန်းခွင်အတွင်းနှင့် အနီးဝန်းကျင်ရှိ လမ်းမများ နှင့် လူသွားလမ်းငယ်များ၊ အသွားအလာများသည့်အချိန်၊ ထို့အပြင် အနာဂတ် လမ်းတိုးချဲ့ခြင်း ကို ဘေးအန္တရာယ် ကင်းစင်ရေးရှုထောင့်မှ စဉ်းစားရမည်၊ယ
- လူသုံးဝန်ဆောင်မှုများ - လျှပ်စစ်မီးရှိမရှိ၊ ဓါတ်ငွေ့၊ ရေပိုက်လိုင်းသွယ်တန်းထားခြင်း၊ ရေမြောင်း နှင့် တယ်လီဖုန်း ကွန်ယက် သို့ လုပ်ငန်းခွင်မှ အနီးအဝေး
- ရာသီဥတု - မိုးရွာသွန်းမှု၊ ဆီးနှင်းကျမှု၊ လေတိုက်ရာအရပ်များ၊ အပူချိန်၊ နေ၏ အပူဆုံး ညွှန်ရပ်၊

- မြေပြင်အခြေအနေများ - အစမ်းတွင်းပေါက်ငယ်များ တူးပြီး ရေယိုစီးမှုကို ကြည့်ရှုစစ်ဆေးခြင်းအားဖြင့် အိမ်သာ ဒီဇိုင်း နှင့် အဆောက်အအုံ၊ ယာယီ/အခြေချ အဆောက်အအုံ ဒီဇိုင်းများအတွက် အချက်အလက်များရရှိမည်။
- သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဘေးအန္တရာယ်များ - မြေ/ရေ လေ ညစ်ညမ်းခြင်း၊ ရေလွှမ်းဧရိယာ၊ မိုးသဲကြီးမဲကြီး ရွာသွန်းမှု ပုံစံ၊ မတ်စောက်သော ဆင်ခြေလျှောများ၊ ဘေးအန္တရာယ် ဖြစ်စေနိုင်သည့် လေတိုက်ရာ အရပ်များ၊ လျှောင်လှုပ်ခြင်း၊
- လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်လုံခြုံရေးအကဲဖြတ်ခြင်းရှုထောင့် အဆင့် ၃ - မြေမြုတ်ဗုံးများ/စစ်လက်ကျန် ပေါက်ကွဲစေနိုင်သော ပစ္စည်းများ၊ အနီးရှိ စစ်စခန်းများ နှင့် တပ်အခြေစိုက် အဆောက် အအုံများ၊ ယခင်က လမ်းအတားအဆီးများ သို့မဟုတ် လမ်းပိတ်ထားမှုများ၊ စက်မှုလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေမှုများ/ ညစ်ညမ်းမှု တို့နှင့်အတူ လမ်းမီးများ (မြို့ပြ ဧရိယာ)

(BOX တွင် ဖြည့်ရန်) - ရှေ့ပြေးစီမံကိန်း၏ နည်းပညာဆိုင်ရာ လုပ်ငန်းခွင် တိုင်းတာခြင်းကို KMSS ကရုဏာ လူမှု စည်းလုံးညီညွတ်ရေး အသင်း ဝန်ထမ်းများ (အင်ဂျင်နီယာ၊ လူမှုဆက်ဆံရေး ဆုံမှတ်၊ စသည်ဖြင့်)၊ လူမှုအသိုင်းအဝိုင်း အဖွဲ့ဝင်များ နှင့် နည်းပညာကျွမ်းကျင်သူများ ပူးပေါင်းပြီး လုပ်ငန်းခွင်သို့ သွားရောက် လုပ်ဆောင်ကာ ရေးဆွဲထုတ်ဝေသည်။ လူမှုအသိုင်းအဝိုင်းသည် လက်ဖြင့်ရေးဆွဲထားသော မြေပုံကြမ်းကို ပြုလုပ်ထားပြီးဖြစ်သည်။ ဤသည်မှာ လုပ်ငန်းခွင်၏ ဂူဂဲလ်မှရရှိသော မြေပုံအပေါ် တလွှာထပ်ပိုး၍ ဆွဲထားခြင်းဖြစ်သည်။ ဤနောက်ခံ သတင်းအချက်အလက်ကို အသုံးပြုပြီး လူမှုအသိုင်းအဝိုင်းအဖွဲ့ဝင်များမှ လုပ်ငန်းခွင်၏ အတိုင်းအတာများ နှင့် အဆိုပြု မြေကွက်ငယ်များ၏ အတိုင်းအတာများကို အင်ဂျင်နီယာ၏အကူအညီဖြင့် ပြုလုပ်ခဲ့ကြသည်။ ဤသည်ကို လက်ဖြင့်ရေးဆွဲထားသော မြေပုံပေါ်တွင် မှတ်တမ်းတင်ခဲ့ကြသည်။ လူမှုအစုအဖွဲ့သည် ရာသီဥတု၊ မြေသားအခြေအနေ၊ သိရှိထားသော သောက်ရေ တူး၍ရနိုင်မည့်အနက်ပေ၊ အိမ်နီးချင်းပတ်ဝန်းကျင် စသည်တို့ကို မျှဝေခဲ့ကြသည်။ အချက်အလက်အားလုံးကို နောက်ပိုင်းတွင် ကွန်ပြူတာနည်းပညာအသုံးပြု စကေးကိုက် CAD အော်တိုကက် ပုံဆွဲခြင်း ဖြင့် မှတ်တမ်းတင်ရေးဆွဲပြီး လုပ်ငန်းခွင် အစီအစဉ်ရေးဆွဲခြင်းအလုပ်ရုံဆွေးနွေးပွဲ တွင် အခြေခံအဖြစ်အသုံးပြု၍ အပြီးသတ် ဖွဲ့စည်းပုံ အဆင်အပြင်ပုံစံများကို လူမှုအသိုင်းအဝိုင်း၏ အိမ်ထောင်စုများအားလုံးမှ သဘောတူညီခဲ့ကြသည်။

### အလုပ်တာဝန် - ပြဋ္ဌာန်းဥပဒေအရ စီမံကိန်းရေးဆွဲခြင်း အတွက် လိုအပ်ချက်များ နှင့် စည်းမျဉ်းများထည့်သွင်းခြင်း

လူမှုအသိုင်းအဝိုင်းကော်မတီ/သီးခြားအိမ်ထောင်စု သို့ ပြဋ္ဌာန်းဥပဒေအရ လုပ်ငန်း အစီအစဉ်ဆောင်ရွက်ရာတွင် လိုက်နာရမည့် စည်းမျဉ်းများကို နားလည်စေရန်၊ လုပ်ငန်းခွင်အတွက် အတိအကျရှိသော ကန့်သတ်ချက်များ နှင့် အိမ်ယာများဆောက်လုပ်ခြင်း၊ လမ်းမများသို့ ချိတ်ဆက်လမ်းဖောက်ခြင်း၊ လျှပ်စစ်မီး၊ ရေဆိုးစနစ် နှင့် ရေပိုက်သွယ်တန်းခြင်း နှင့် အခြေခံအဆောက်အအုံများအတွက် အစီအစဉ်ပြုလုပ်နိုင်ရန် ခွင့်ပြုမိန့်များ ရရှိအောင် ဝိုင်းဝန်း အားပေးကူညီရန် ဖြစ်သည်။ စီမံကိန်း အင်ဂျင်နီယာမှ လူမှုအသိုင်းအဝိုင်းကော်မတီ/သီးခြားအိမ်ထောင်စုအတွက် စည်ပင်သာယာဌာန သို့ အစီအစဉ်

လျှောက်ထားခြင်းတွင် လိုအပ်ပါက အကူအညီပေးရန်ဖြစ်သည်။ (မြို့ပြဒေရိယာများတွင် လိုအပ်သည်၊ လယ်ယာစိုက်ပျိုးမြေပေါ်တွင် အိမ်တလုံးတည်းဆောက်ရာတွင် မလိုအပ်ပါ။)

## အလုပ်တာဝန် - လူမှုရေး/ယဉ်ကျေးမှု ဝန်ဆောင်မှုများအား မြေပုံဆွဲဖော်ထုတ်ခြင်း

လူမှုအသိုင်းအဝိုင်း ကော်မတီ နှင့်အတူ လူမှုရေး/ယဉ်ကျေးမှု နှင့် အခြား နှစ်လိုဖွယ်ရာ ဝန်ဆောင်မှုများ၏ တည်နေရာများအသေးစိတ်နှင့် သွားရောက်နိုင်ရန်လမ်းကြောင်းကို လုပ်ငန်းခွင်/ ဧရိယာ မြေပုံများတွင် ထည့်သွင်းရသည်။ ခရီးအကွာအဝေး ကို ဆွေးနွေးပြီး၊ ရောက်ရှိ/ဝင်ရောက် နိုင်သည့်လမ်းများ နှင့် ကြုံတွေ့နိုင်သည့် စိန်ခေါ်မှုများ/အတားအဆီး များ ကို ဖော်ပြရသည်-

- သယ်ယူပို့ဆောင်ရေး
- ကျောင်းများ နှင့် အခြားပညာရေးဆိုင်ရာ အဖွဲ့အစည်းများ (နေ့ကလေးထိန်းကျောင်း၊ သက်မွေးပညာသင်တန်းများ)၊
- ကျန်းမာရေးစောင့်ရှောက်မှုဌာနများ/ စောင့်ရှောက်မှုပေးသူများ
- အခြားလူမှုရေး အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းများ (ကျားမ အခြေပြုအကြမ်းဖက်မှု အကာအကွယ် အထောက်အကူပြုလုပ်ငန်းများ၊ အခြား...)
- ဈေးများ နှင့် ဈေးဆိုင်များ
- စည်ပင်သာယာ၊ အုပ်ချုပ်ရေးဆိုင်ရာ ဌာနများ (ဥပမာ- နိုင်ငံသားစီစစ်ရေး ကတ်ပြား)
- ဘာသာရေး နှင့် ယဉ်ကျေးမှုဆိုင်ရာ နေရာများ

လူမှုအဖွဲ့အစည်းများမှနေ၍ လူမှုရေး/ယဉ်ကျေးမှုဆိုင်ရာ ဌာနများသို့ လက်ခံနိုင်ဖွယ်ရာရှိသည့် ခရီးအကွာအဝေးများကို ဆွေးနွေးပြီး မြေပုံဆွဲရသည်။ ဤကိစ္စသည် နောက်ခံဆက်စပ်အကြောင်းအရာများ နှင့် အလွန်အမင်း သတ်သတ်မှတ်မှတ်ဖြစ်ပြီး စဉ်းစားရန် အချက်များစွာအပေါ်တွင် မူတည်သည်။ တနှစ်ပတ်လုံးသွားလာနိုင်သည့် ဝင်ထွက်လမ်း၊ ရရှိနိုင်သော သယ်ယူပို့ဆောင်ရေး (ဥပမာ- ဘတ်စကား၊/မော်တော်ဆိုင်ကယ်/ ကား/ လမ်းလျှောက်၍)၊ လုံခြုံရေးအခြေအနေ၊ အန္တရာယ်ဖြစ်လွယ်မှု၊ ကျားမ ရေးရာ နှင့် အသက်အပိုင်းအခြား တို့အပြင် ယဉ်ကျေးမှုဆိုင်ရာ စံနှုန်းများ နှင့် အလေ့အထများ ပါဝင်သည်။ ကျေးရွာသို့မဟုတ် အိမ်နီးချင်းဒေသသို့ လူမှုအသိုင်းအဝိုင်း၏ ဝင်ထွက်သွားလာနိုင်ခွင့် အဆင့်သည် သတ်မှတ် ဆက်စပ်နောက်ခံအကြောင်းအရာများ အတွင်းမှ လက်ခံနိုင်ဖွယ်ရှိခြင်းမရှိခြင်းအဆင့်ကို ဖော်ပြနိုင်သည်။ ဆွေးနွေးမှုများပြုလုပ်ပြီး လူမှုရေး ဝန်ဆောင်မှုလုပ်ငန်းများ၏ အဆက်အသွယ်များကို မြေပုံတွင်တင်ပြီး၊ လူမှုအသိုင်းအဝိုင်းအဖွဲ့သားအားလုံးမှ ဝန်ဆောင်မှုဌာနများသို့ သွားရောက်ရန် ကန့်သတ်ချက်များ နှင့် သတ်မှတ်အခြေအနေများ (ဥပမာ- သက်ကြီး ရွယ်အိုများ နှင့် မသန်စွမ်းသူများ) ကို ဖော်ပြရသည်။

## အဆင့် ၅- ပူးပေါင်းဆောင်ရွက်သော လုပ်ငန်းခွင် နှင့် နယ်မြေဒေသဆိုင်ရာ အစီအစဉ်ရေးဆွဲခြင်း

ပူးပေါင်းဆောင်ရွက်ပြီး ပူးပေါင်းပါဝင်သော လုပ်ငန်းခွင် နှင့် နယ်မြေဒေသဆိုင်ရာ အစီအစဉ်ရေးဆွဲခြင်း သည် လူမှုအသိုင်းအဝိုင်း ဦးဆောင် အခြေချနေထိုင်ခြင်းချဉ်းကပ်ပုံ၏ အဓိက အရေးပါသည့် မှတ်တိုင်တခုဖြစ်သည်။ လူမှုအသိုင်းအဝိုင်းနှင့် စီမံကိန်းဝန်ထမ်းများသည် လုပ်ငန်းခွင်ဆက်စပ်နောက်ခံအကြောင်းအရာများ အကဲဖြတ်ခြင်းများဖြင့် အသိပညာနှင့် နားလည်မှုများ ရရှိကြသည်။ *"အခြေချနေထိုင်ရာ နေရာ၏ အပြင်အဆင်၊ အိမ်များ၊ အများပိုင်မြေ နှင့် အခြေခံအဆောက်အအုံ များသည် အသေအချာ ကြိုတင်စီမံကိန်းချမှတ်ပြီး အကောင်အထည်ဖေါ်ကာ ပေါင်းစည်းပုံစံဖြင့် ရေရှည်တည်တံ့သည့် လူမှုရေး၊ ယဉ်ကျေးမှု နှင့် စီးပွားရေး လုပ်ငန်းဆောင်တာများ အတွက်ဦးတည်ပြီး ကွက်လပ်ဖြည့်ဆည်းပေးသည့် ပတ်ဝန်းကျင်အားဖြင့် ဖွံ့ဖြိုးတိုးတက်ကာ ကြီးထွားလာရန် ရည်ရွယ်သည်။"* QSAND သဘာဝဘေးအန္တရာယ်အလွန် နောက်ဆက်တွဲ ရေရှည်တည်တံ့နိုင်စွမ်း တိုင်းတာခြင်း၏ ကွက်လပ်ဖြည့် အစီအစဉ်ရေးဆွဲခြင်း SET 03 မှ။

ဤအဆင့်၏ ရည်ရွယ်ချက်မှာ လူမှုအသိုင်းအဝိုင်း၏ အိမ်ထောင်စုအားလုံးသည် နောက်ခံဆက်စပ်အခြေအနေ ကန့်သတ်ချက်များ (ဥပမာ- လုံခြုံရေး၊ သဘာဝပတ်ဝန်းကျင်ရေးရာ၊ လူမှုရေးနှင့် စီးပွားရေး) အတွင်းမှနေ၍ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားပြီး အိမ်ထောင်စုများ၏ ဆန္ဒများ နှင့် မျှော်မှန်းချက်များအားဖြင့် အပြီးသတ် လုပ်ငန်းခွင် အပြင်အဆင် ကို သဘောတူညီကြခြင်းဖြစ်သည်။

အမြဲတမ်း အိမ်ယာများနှင့် အခြေခံအဆောက်အအုံ လုပ်ငန်းခွင် နှင့် နယ်မြေဒေသဆိုင်ရာ အစီအစဉ်ရေးဆွဲခြင်းကို မြန်မာတိုင်းရင်းသား/ကချင်/ရှမ်း ဒေသဆိုင်ရာ စီမံကိန်း နှင့် ဖွံ့ဖြိုးတိုးတက်ရေး မူဘောင်များ အတွင်းမှသာ ရှုမြင်ရမည်ဖြစ်ပြီး စည်းမျဉ်းများဖြစ်သော မြို့ပြစီမံကိန်းရေးဆွဲခြင်းဆိုင်ရာ စည်းမျဉ်းများ နှင့် မြေယာအသုံးချ စီမံကိန်း နှင့် စည်းမျဉ်းများ အတွင်းမှသာ ဆောင်ရွက်ရမည်ဖြစ်သည်။ အဆင့် ၄ ပြဋ္ဌာန်းဥပဒေ အရ စီမံချက် ရေးဆွဲရာတွင် လိုအပ်ချက်များ နှင့် စည်းမျဉ်းများ ကို ကြည့်ပါ။

အသိုင်းအဝန်း လက်စွဲစာအုပ် ၂၀၁၉၊ 2019, အခန်း ၇၊ ယာယီခိုလှုံရာ နှင့် အခြေချနေထိုင်ရာ စံနှုန်း ၂ - တည်နေရာ နှင့် အခြေချနေထိုင်ရန် အစီအစဉ် ရေးဆွဲခြင်း၊ အခန်း ၅၊ ရေ မိလ္လာ နှင့် သန့်ရှင်းရေး စံနှုန်း ၂ ကိုရည်ညွှန်း၍ အထွေထွေ လမ်းညွှန်ချက်များ နှင့် သဘာဝဘေးအန္တရာယ်အလွန် နောက်ဆက်တွဲ ရေရှည်တည်တံ့နိုင်စွမ်း တိုင်းတာခြင်း SET 3 ကွက်လပ်ဖြည့် အစီအစဉ်ရေးဆွဲခြင်း အတွက် အသုံးဝင်သည့် စစ်ဆေးရန် စာရင်း။

အလုပ်တာဝန်- လူမှုအသိုင်းအဝိုင်း လုပ်ငန်းခွင် အစီအစဉ်ရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲ ဖြစ်မြောက်အောင် ဦးဆောင်ပံ့ပိုးပေးခြင်း

လမ်းကြောင်း ၁- အများနှင့်ဆိုင်သောလမ်းကြောင်း- လူမှုအသိုင်းအဝိုင်း လုပ်ငန်းခွင် အစီအစဉ်ရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲ ကို လူမှုအသိုင်းအဝိုင်း ၏ အိမ်ထောင်စုအားလုံးနှင့် ပြုလုပ်ရာတွင် ဦးဆောင်ပံ့ပိုးပေးရမည်။ အကောင်းဆုံးအနေဖြင့် လုပ်ငန်းခွင် အစီအစဉ်ရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲများသည် အသက်အရွယ်၊ ကျား/မ၊

နှင့် ဩဇာအင်အားများအလိုက် အုပ်စုအားလုံး၏ ကိုယ်စားပြုပါဝင်ခြင်းကို သေချာစေရမည်။ နောက်ဆက်တွဲအလုပ်ရုံဆွေးနွေးပွဲတွင် အုပ်စုတခုခြင်းစီနှင့် အိမ်ထောင်စုများ မှ ကိုယ်စားပြုပါဝင်ခြင်းအားဖြင့် အပြီးသတ် ဆုံးဖြတ်ချက်များကို ချမှတ်နိုင်သည်။

အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ရန် နှစ်သက်ရာ အချိန် နှင့် နေရာ ကို အိမ်ထောင်စုများ၏ အမျိုးသား နှင့် အမျိုးသမီး အိမ်ထောင်စုဝင်များ အတွက်ပါ အလေးအနက်စဉ်းစားပြီး ရွေးချယ်တောင်းဆိုရမည်။ အမျိုးသမီးများ ပါဝင်တက်ရောက် နိုင်ရန် ပံ့ပိုးပေးရာတွင်၊ သားသမီး အရေးကိစ္စအတွက် ရွေးချယ်စရာများ (ဥပမာ- လုံခြုံစိတ်ချရသော၊ ကလေးသူငယ် များ အတွက် အဆင်ပြေသည့် နေရာ/ အစည်းအဝေးအချိန်အတွင်း ကလေးထိန်း) စသည်တို့ကို စဉ်းစားရမည်။ လှုပ်ရှားသွားလာရန် အခက်အခဲ ကန့်သတ်မှုရှိသူများ အတွက် ဝင်ထွက်သွားလာနိုင်မည့်အစီအစဉ် (ဥပမာ- လှေကားထစ်များ မလိုအပ်သည့်နေရာ) စဉ်းစားရမည်။ ဤအလုပ်ရုံဆွေးနွေးပွဲသည် အားလုံးအတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ပွင့်လင်းမြင်သာမှုရှိပြီး တရားမျှတသော လမ်းကြောင်းဖြင့် အောက်ပါ ကဏ္ဍများကို အနက်ဖွင့်ဆို သဘောတူညီနိုင်ရန် ရည်ရွယ်သည်။

- သီးခြားအိမ်ထောင်စု တခုစီအတွက် မြေကွက် တည်နေရာ/ အရွယ်အစား နှင့် အကျယ်အဝန်း (စတုရန်းမီတာ)၊
- သီးခြားအိမ်ထောင်စု တခု၏ မြေကွက်ငယ်များပေါ်ရှိ အိမ်၏တည်နေရာ၊ အခြားအိမ်များနှင့် ထိစပ်မှုအကွာအဝေး၊ အန္တရာယ်အယုက်မှ ကင်းဝေးလျက် သီးသန့်တည်ရှိမှု နှင့် အကာအကွယ်ဆိုင်ရာများ (ဥပမာ- ခြံစည်းရိုး၊ အသံ နှင့် အမြင်အာရုံ အနှောက်အယှက်များမှ ကင်းဝေးခြင်း)
- အိမ်တလုံးခြင်းစီ၏ အိမ်သာများ တည်နေရာ၊ ရေပိုက်ခေါင်းနေရာ၊ မြေကွက်များပေါ်တွင် ရေနုတ်မြောင်းများ တည်နေရာ နှင့် အိမ်မှ အကွာအဝေး
- လုပ်ငန်းခွင်တည်နေရာသို့ အဓိက ဝင်ထွက်ပေါက်များ၊ နယ်သပ်မျဉ်းများ၊ ခြံစည်းရိုးများ၊ လမ်းမများ၊ လျှောက်လမ်းများ
- လူမှုအသိုင်းအဝိုင်း အခြေခံအဆောက်အအုံ ( အများပိုင်မြေ/လျှပ်စစ်မီး/ ရေအရင်းအမြစ်/ ဆက်သွယ်ရေးများ/ အမှိုက်များ၊ စသည်ဖြင့်...)

နောက်ဆက်တွဲဇယား အခန်း ၇၊ QSAND သဘာဝဘေးအန္တရာယ်အလွန် နောက်ဆက်တွဲ ရေရှည်တည်တံ့နိုင်စွမ်း တိုင်းတာခြင်း၏ ကွက်လပ်ဖြည့် အစီအစဉ်ရေးဆွဲခြင်း SET 03 ကိုရည်ညွှန်းပါ။

အလုပ်ရုံဆွေးနွေးပွဲကို လူမှုအသိုင်းအဝိုင်းကော်မတီ နှင့် အတူတကွ အစီအစဉ်ဆွဲပြီး မည်သူတို့ကို အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန် ဖိတ်ကြားမည်၊ ဥပမာအားဖြင့် အင်ဂျင်နီယာ၊ ရေ မိလ္လာ နှင့် သန့်ရှင်းရေး၊ DRR သဘာဝဘေးအန္တရာယ်လျော့ပါးရေး စီမံကိန်း ဝန်ထမ်း သို့မဟုတ် ကျွမ်းကျင်သူများ၊ အခြား ယခင် အခြေချနေထိုင်ခြင်းစီမံကိန်းများမှ အတွေ့အကြုံရင့်ကျက်သည့် လူမှုအသိုင်းအဝိုင်းခေါင်းဆောင်များ နှင့် ဖြစ်နိုင်ပါက ကျေးရွာ ကိုယ်စားလှယ်များ[၁၂] စသည်တို့ကို ဆွေးနွေးရမည်။ ဤအလုပ်ရုံဆွေးနွေးပွဲ၏ ရည်ရွယ်ချက်မှာ အိမ်ထောင်စု တခုစီ၏ လိုအပ်ချက်များ နှင့် ဆန္ဒများ အပြင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုရေး နှင့် စီးပွားရေး ရှုထောင့်များ ကို ထည့်သွင်းစဉ်းစားပြီး လုပ်ငန်းခွင် အဆင်အပြင် သဘောတူညီမှုရရှိရန် ဖြစ်သည်။

အကောင်းဆုံးအားဖြင့် လူမှုအသိုင်းအဝိုင်း သည် အုပ်စုတခုလုံးအနေနှင့် အိမ်ထောင်စု တခုစီ၏ ပုဂ္ဂလိက လိုအပ်ချက်များ၊ လူမှုအသိုင်းအဝိုင်းတခုလုံး၏ လိုအပ်ချက်များ နှင့် လုပ်ငန်းခွင်၏ သတ်မှတ် အခြေအနေများ နှင့် အကန့်အသတ်များ အကြားတွင် ဟန်ချက်တခု ရှာဖွေနိုင်စေရန်ဖြစ်သည်။ ဤသည်ကို ပွင့်လင်းသော ဆွေးနွေးမှုများ နှင့်အတူ ချင့်ချိန်အကဲဖြတ်မှုဆောင်ရွက်ခြင်းများ နှင့် ယခင်အတွေ့အကြုံများမှ နည်းပညာ အသိပညာ များ အားဖြင့် အကောင်းဆုံး ရယူနိုင်သည်။

အထူးသတိပြု အာရုံစိုက်ရမည်မှာ အားနည်း၍ ထိရှလွယ်သော အိမ်ထောင်စုများ (ဥပမာ- အမိ သို့ အဖ တဦးတည်းက ဦးစီးနေရသော ကလေးငယ်များနှင့်မိသားစုများ၊ သက်ကြီးရွယ်အို မိသားစုများ၊ မသန်စွမ်းသူများ ရှိသည့် မိသားစုများ) သည် ဆွေးနွေးပွဲများတွင် အတူပါဝင်ပြီး ၎င်းတို့၏ သီးခြားလိုအပ်ချက်များကို လူမှုအသိုင်းအဝိုင်း တခုလုံးမှ သိရှိစေရန် မီးမောင်းထိုး ပြနိုင်ရေးဖြစ်သည်။ ၎င်းမိသားစုများသည်လည်း အရွယ်အစားတူ၊ နေရာကောင်းတွင်တည်ရှိသောမြေကွက်များကို ရရှိနိုင်စေရန် သေချာအောင်ပြုလုပ်ပြီး ဤသက်ဆိုင်သူအုပ်စုများထံမှ အကြံပြုချက်များကိုလည်း အခြားအကြံပြုချက်များနှင့် ဆက်စပ်သက်ဆိုင်ပါက ပေါင်းစည်းပေးရန် လိုအပ်သည်။

<u>လူမှုအသိုင်းအဝိုင်းမှ အုပ်စုအနေဖြင့် မြေကွက်ဝယ်ယူခြင်း -</u> နောက်ဆက်တွဲ ၃ တွင်ပါရှိသော မြေကွက်၏ ဒေတာအချက်အလက်စာရွက်ကိုအသုံးပြုခြင်း နှင့်အတူ လုပ်ငန်းခွင်၏ နည်းပညာမြေပုံကို အသုံးပြုပြီး မြေယာ ခွဲဝေခြင်းလုပ်ငန်းစဉ်သည် တရားမျှတမှုရှိကြောင်း - အိမ်ထောင်စုများ အားလုံးသည် ၎င်းတို့ ပေးခဲ့သော ငွေ နှင့် အချိုးညီစွာ (တစ်စတုရမ်းမီတာတန်ဖိုး) မြေ(စတုရမ်းမီတာ) ရရှိရန်ဖြစ်သည်။

<u>လမ်းကြောင်း ၂ နှင့် ၃</u> - ၂ မျိုးစပ် နှင့် သီးခြား အိမ်ထောင်စု လမ်းကြောင်း - အိမ်ထောင်စု တခုချင်းစီ သို့မဟုတ် အိမ်ထောင်စု အုပ်စု အစည်းအဝေး ကို ဦးစီးပံ့ပိုးလုပ်ဆောင်ပြီး ပြဋ္ဌာန်းဥပဒေအရ စည်းမျဉ်း/ လုပ်ငန်းစဉ် အဆင့်ဆင့်/ ကန့်သတ်ချက်များ သို့မဟုတ် ကျေးရွာမှ လက်ခံထားသည့် အလေ့အထများ စသည်တို့ အပေါ်တွင် စဉ်းစားပြီး မြေကွက် အတွက် အစီအစဉ်ကို ရေးဆွဲရမည်။



အလုပ်တာဝန် - မြေကွက်ခွဲဝေခြင်း နှင့် ရေ၊ မိလ္လာ နှင့် သန့်ရှင်းရေးစနစ် တို့ပါဝင်သော အပြီးသတ် လုပ်ငန်းခွင် အပြင်အဆင် မူကြမ်း ရေးဆွဲခြင်း

လမ်းကြောင်း ၁ - လူမှုအသိုင်းအဝိုင်းလမ်းကြောင်း - စီမံကိန်း၏ နည်းပညာ ဝန်ထမ်းမှ သဘောတူညီပြီးဖြစ်သော မြေကွက်ခွဲဝေခြင်းနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို ရေးသားထုတ်ဝေပေးရမည်။ (နောက်ဆက်တွဲ ၄ ပါ မြေကွက် ဒေတာအချက်အလက်စာရွက် သို့မဟုတ် အလားတူ စာရွက်စာတမ်း နှင့် အပြီးသတ် လုပ်ငန်းခွင် အစီအစဉ် နည်းပညာပုံဆွဲမြေပုံ။ ဂူဂဲလ် ကမ္ဘာမြေ မြေပုံများ ကို စမှတ်အဖြစ် အသုံးပြု ပြီး - အမှန်တကယ် လုပ်ငန်းခွင် မြေပြင်တိုင်းတာခြင်းအားဖြင့် မှန်မမှန် တိုက်ဆိုင်စစ်ဆေးသည်။)

လမ်းကြောင်း ၂ နှင့် ၃ - ၂ မျိုးစပ် နှင့် သီးခြား အိမ်ထောင်စု လမ်းကြောင်း - စီမံကိန်း နည်းပညာ ဝန်ထမ်း မှ နည်းပညာသုံး ပုံဆွဲမြေပုံများ ကို သဘောတူညီထားသည့် မြေကွက် အဆင်အပြင်များ အတိုင်း ရေးဆွဲ ထုတ်လုပ်ပေးသည်။ (ဂူဂဲလ် ကမ္ဘာမြေ မြေပုံများ ကို စမှတ်အဖြစ် အသုံးပြု ပြီး - အမှန်တကယ် လုပ်ငန်းခွင် မြေပြင်တိုင်းတာခြင်းအားဖြင့် မှန်မမှန် တိုက်ဆိုင်စစ်ဆေးသည်။)

(BOX တွင် ဖြည့်ရန်) လုပ်ငန်းခွင် မြေကွက် တိုင်းတာခြင်း ပြီးဆုံးသည့်အခါတွင် ၁၁ အိမ်ထောင်စု၏ မြေကွက်များကို မြေပုံတွင်ထည့်သွင်းရေးဆွဲပြီး လူမှုအသိုင်းအဝိုင်း အလုပ်ရုံဆွေးနွေးပွဲတွင် တင်ပြရာ၊ သီးခြားမိသားစု မြေကွက်များသည် အရွယ်အစား တူညီမှုမရှိကြောင်း ရှင်းလင်းစွာဖြင့် ပေါ်လွင်လာသည်။ အချို့မြေကွက်များသည် အခြားမြေကွက်များထက် ပိုမိုကျယ်ဝန်းသည်။ လူမှုအသိုင်းအဝိုင်း အဖွဲ့ဝင်များမှ ဤကိစ္စကို ဆွေးနွေးစရာ ကိစ္စအဖြစ် တင်ပြကြသည်။ အိမ်ထောင်စုတိုင်းသည် တူညီသောငွေပမာဏဖြင့် မြေကွက်တခုလုံးတန်ဖိုးကို ထည့်ဝင်ခဲ့ကြပြီး အိမ်ထောင်စုတိုင်းသည် တူညီသော မြေကွက်အကျယ်အဝန်း အတိုင်းရရှိကြရန် မျှော်လင့်ခဲ့ကြသည်။ မြေ ဒေတာအချက်အလက် စာရွက် နှင့် မြေတိုင်းပုံဆွဲမြေပုံ သည် ဤကဲ့သို့သော ခြားနားချက်များကို အလွန်ရှင်းလင်းစွာ ပြသခဲ့သည်။ လူမှုအစုအဖွဲ့မှ ကြားကွက်လပ်အကွာအဝေး အဆင်အပြင်ကို ပြောင်းလဲပစ်ရန်နှင့် မြေကွက်အားလုံးသည် တူညီသော အရွယ်အစားဖြစ်လာစေရန်အတွက် သဘောတူခဲ့ကြသည်။ ဤသည်၏ အဓိပ္ပါယ် မှာ အချို့မိသားစုများသည် ပိုငယ်သော မြေကွက်ရရှိသည်ကို လက်ခံရမည် ဖြစ်ပြီး အချို့မိသားစုများ၏ မြေကွက်မှာ ပိုကြီးလာမည်ဖြစ်သည်။ တိကျသော လုပ်ငန်းခွင် မြေတိုင်းပုံဆွဲမြေပုံများ နှင့် ဒေတာအချက်အလက် တွက်ချက်မှုများ မရှိလျှင် လူမှုအသိုင်းအဝိုင်းအတွက် ရှင်းလင်းစွာ နားလည် သိမြင်နိုင်မည်မဟုတ်ပဲ ဤကိစ္စသည် အငြင်းပွားခြင်းများအတွက် အကြောင်းရင်းတခု ကို ဖန်တီးသကဲ့သို့ ဖြစ်လာမည်ဖြစ်ပြီး အနာဂတ်တွင် လူမှုအသိုင်းအဝိုင်းတွင်း ပဋိပက္ခ ဖြစ်လာမည် ဖြစ်သည်။

အလုပ်တာဝန် - ပြဋ္ဌာန်းဥပဒေအရ မြေယာ အသုံးချခြင်း/ စည်းမျဉ်းများအလိုက် အစီအစဉ် ရေးဆွဲခြင်း နှင့် လျှောက်ထားခြင်း

လူမှုအသိုင်းအဝိုင်းကော်မတီနှင့် သီးခြားအိမ်ထောင်စုများ ကို ထောက်ကူပြီး ပြဋ္ဌာန်းဥပဒေအရ လိုက်နာရမည့် အစီအစဉ်ရေးဆွဲခြင်းများ နှင့် အဆောက်အအုံ သတ်မှတ်ချက်စံနှုန်းများ၊ မြေအသုံးချခြင်းအစီအစဉ်၊ လုပ်ထုံးလုပ်နည်းများ နှင့် လျှောက်ထားခြင်း လုပ်ငန်းစဉ်များ ကို သေချာစွာ စစ်ကြည့်ရန်လိုအပ်သည် (ဥပမာ - အဝီစိတွင်းတူးခြင်း)။ ဤကိစ္စသည် မြို့ပြ ဧရိယာများ အတွက် အလွန်သက်ဆိုင်ပြီး ဥပမာအားဖြင့် မြို့ပြစီမံကိန်းရေးဆွဲခြင်း စည်းမျဉ်းစည်းကမ်းများ/ဥပဒေများ ဖြစ်ကြသည်။ လိုအပ်သည့် ပါမစ်များ နှင့် ခွင့်ပြုမိန့်များ ရရှိရန် အရေးကြီးသည်။ ဤသည်တို့မှာ ရှည်လျားသည့် လုပ်ငန်းစဉ် အဆင့်များ ဖြစ်ပြီး စီမံကိန်း/ ဘဏ္ဍာရေးထောက်ပံ့မှု အချိန်ကာလများ ကို အစပြုစဉ်ထဲကပင် ထည့်သွင်းစဉ်းစားခြင်းအားဖြင့် နှောင့်နှေးနောက်ကျမှုများကို ရှောင်လွှဲနိုင်မည်။

အရေးကြီးသည့်အချက် - မီးဘေးလုံခြုံရေး အတားအဆီးအကွာအဝေး နှင့် ထွက်ပြေးတိမ်းရှောင်ရာ လမ်းကြောင်းများ ကို ထည့်သွင်းစဉ်းစားခြင်း နှင့်အတူ အိမ်များ၏ အမြင့် နှင့် တလုံးနှင့်တလုံး အကွာအဝေးသည်လည်း ဦးစားပေးအချက်ဖြစ်သည်။ ယေဘူယျအားဖြင့် အကြံပြုထားသော အဆောက်အဦ တခုနှင့် တခု၏ အကွာအဝေးသည် မည်သည့်အဆောက်အဦတခုခုမဆို၏ အမြင့်၏ ၂ ဆ အနည်းဆုံးရှိရမည်ဖြစ်သည် -ဥပမာ- အိမ်များ၏ အမြင့် ၏ ၂ ဆ။ အလွန်မီးလောင်လွယ်သော အိမ်ဆောက်ပစ္စည်းများအသုံးပြုလျှင် (ကောက်ရိုး၊ ဓနိ၊ အခြား...) အကွာအဝေးကို အားလုံးပေါင်းအမြင့်၏ ၃ ဆ သို့မဟုတ် ၄ ဆ သို့တိုးမြှင့်ရမည်။ လူမှုအသိုင်းအဝိုင်း မီးဘေးအန္တရာယ်စီမံအုပ်ချုပ်မှု အဆင့် ၁၂ သို့ ရည်ညွှန်းသည် နှင့် https://www.sheltercluster.org/sites/default/files/docs/fire_hazards.pdf သို့ကြည့်ရန်

## အဆင့် ၆ - အိမ် နှင့် ရေ၊ မိလ္လာ နှင့် သန့်ရှင်းရေး ဒီဇိုင်းပုံစံရေးဆွဲခြင်းလုပ်ငန်းစဉ်

အိမ်၏ ဒီဇိုင်းပုံစံသည် အိမ်သူအိမ်သားအားလုံးအတွက် ဘေးကင်းလုံခြုံပြီး ဖြစ်နိုင်ခြေ ကျန်းမာရေးအန္တရာယ်များအနည်းဆုံးသော အိမ်တွင်းပတ်ဝန်းကျင်ကို ဖန်တီးရန် ရည်ရွယ်သည်။ ၎င်းသည် သက်တောင့်သက်သာရှိသည့် သင့်လျှော်သောအပူချိန် နှင့် ကောင်းမွန်ကျနစွာဖြင့် ကျန်းမာပျော်ရွှင်စွာ နေထိုင်နိုင်ရေး နှင့်အတူ လက်ရှိ အသက်မွေးဝပမ်းကြောင်းအလုပ်များ ကို ဆက်လက်တည်ရှိထားရန် သို့မဟုတ် အသစ်သော အသက်မွေး ဝမ်းကြောင်းမှုများကို ထူထောင်ရန် ပံ့ပိုးနိုင်ရမည်။ အိမ်သာ၊ ရေချိုးခန်း/ရေပန်း နှင့် လက်ဆေးရန်နေရာ ဒီဇိုင်းပုံစံ နှင့် ရေရရှိမှု တို့သည် တကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေး ကို အားပေးအထောက်အကူ ပြုရန် ရည်ရွယ်သည့်အတွက် အိမ်သူအိမ်သားအားလုံးမှ အသုံးပြုနိုင်စေရမည်။ ဒီဇိုင်းပုံစံ နှင့် ဆောက်လုပ်ရေးနည်းစနစ် များ နှင့် ဆောက်လုပ်ရေးပစ္စည်းများတို့သည် ယဉ်ကျေးမှု နှင့် လူမှုရေးအရ လက်ခံနိုင်ဖွယ် ဖြစ်ရမည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ရေးအတွက်လည်း လိုအပ်သည်။

ဆွေးနွေးတိုင်ပင်ခြင်း နှင့် ဒီဇိုင်းပုံစံဆွဲသည့် အဆင့်တွင်၊ လူမှုရေးနှင့် ယဉ်ကျေးမှုစံနှုန်းများ- ဥပမာ- အိမ်သာသည် အိမ်မကြီးနှင့် သီးသန့်ခွဲထားရမည် နှင့် အိမ်ခြံဝင်းအတွင်း၌ ရှိရမည်၊ ဒီဇိုင်း နှင့် တည်နေရာသည် နေ့/ည အသုံးပြုနိုင်ရမည်၊ ဒီဇိုင်းသည် အမျိုးသမီးများ ရာသီလာသည့်အချိန်တွင် တကိုယ်ရည် သန့်ရှင်းရေး စီမံနိုင်ရမည်၊ နှင့် ခလေးများ၊ လူကြီးများ နှင့် သက်ကြီးရွယ်အိုများ အတွက် သင့်လျော်ရာ သီးသန့်အချက်များ၊ (ဥပမာ- လက်ကိုင်တန်းများ၊ အိမ်သားတိုင်း လက်လှမ်းမှီအသုံးပြုနိုင်ရန် သော့များသည် သင့်တော်သောအမြင့်၌ရှိခြင်း) တို့ကို အသိအမှတ်ပြုရန် အရေးကြီးသည်။ (QSAND) သဘာဝဘေးအန္တရာယ်အလွန် နောက်ဆက်တွဲ ရေရှည်တည်တံ့နိုင်စွမ်း တိုင်းတာခြင်း နှင့် CRS ကက်သလစ် ကယ်ဆယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများ တို့၏ ဆောက်လုပ်ရေး ဒီဇိုင်း နှင့် ဆောက်လုပ်ရေးပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းစဉ်များ နှင့် စောင့်ကြည့်ကြီးကြပ်ခြင်း၊ (QSAND) သဘာဝဘေးအန္တရာယ်အလွန် နောက်ဆက်တွဲ ရေရှည်တည်တံ့နိုင်စွမ်း တိုင်းတာခြင်း WSO1 and WSO 3 မိလ္လာစနစ်၊ ရေ၊ မိလ္လာ နှင့် သန့်ရှင်းရေး တို့အတွက် မည်သို့စဉ်းစားရန်ဆိုသည့် အချက်များ လမ်းညွှန်ကို ရည်ညွှန်းသည်။

*"နေထိုင်ရာနေရာ သည် လူတို့၏ ကျန်းမာပျော်ရွှင်စွာ နေထိုင်နိုင်ရေး အတွက် အလွန်အရေးကြီးသည်။ ဤသည်မှာ လူသားအတွက် အဓိက လိုအပ်ချက် နှင့် အခွင့်အရေး ဖြစ်ပြီး မိသားစု အတူတကွ နေထိုင်နိုင်ရန်နေရာ၊ လုံခြုံမှုကို ခံစားရခြင်း နှင့် အခြေခံအိမ်တွင်း အိမ်မှုကိစ္စများကို လုပ်ဆောင်နိုင်သော နေရာဖြစ်သည်။"*

*" ကပ်ဘေးဒုက္ခများနှင့် ကြုံတွေ့ခံစားခဲ့ရသော လူများသည် ဖျားနာခြင်း နှင့် ရောဂါဘယများမှ သေဆုံးခြင်းကို ပိုမို ခံစားရနိုင်ပြီး၊ အထူးသဖြင့် ဝမ်းပျက်ဝမ်းလျော ရောဂါ နှင့် အခြားကူးစက်ရောဂါများ တို့မှဖြစ်သည်။ အဆိုပါရောဂါများ သည် လုံလောက်မှုမရှိသော မိလ္လာစနစ်နှင့်ရေရရှိမှု တို့ကြောင့် ချို့တဲ့သည့် တကိုယ်ရည်သန့်ရှင်းရေးကြောင့် ဖြစ်ပွားသည်။"* အသိုင်းအဝိုင်းဆိုင်ရာ လက်စွဲစာအုပ် ၂၀၁၈ သို့ ရည်ညွှန်း

စီမံကိန်းဝန်ထမ်းအားလုံးသည် ဒီဇိုင်းပုံစံထုတ်သည့် အဆင့်တွင် ပါဝင်ပတ်သက်သင့်သည်ဖြစ်ပြီး၊ အထူးသဖြင့် အင်ဂျင်နီယာ နှင့် လူမှုအသိုင်းအဝိုင်းကိုတွန်းအားပေးသူများ ဖြစ်သည်။ အကောင်းဆုံးမှာ၊

လူမှုအသိုင်းအဝိုင်းဦးဆောင် အခြေချနေထိုင်ခြင်းအစီအစဉ် အတွေ့အကြုံရှိသော လူမှုအသိုင်းအဝိုင်းခေါင်းဆောင်များကို ဖိတ်ခေါ်ပြီး ၎င်းတို့၏ အိမ်၊ အိမ်သာ၊ ရေချိုးခန်း/ရေပန်း နှင့် လက်ဆေးရန်နေရာ ဒီဇိုင်း နှင့် ဆောက်လုပ်ရေး/ငွေရေးကြေးရေး လုပ်ငန်းစဉ်များ၏ အတွေ့အကြုံများကို မျှဝေစေခြင်းဖြစ်သည်။

## <u>အလုပ်တာဝန်</u> - တိုင်းရင်းသားရိုးရာအိမ်နှင့် ရေ၊မိလ္လာ နှင့် သန့်ရှင်းရေး ဖြေရှင်းနည်း ဒီဇိုင်းပုံစံ ရေးဆွဲခြင်းနှင့် ကုန်ကျစရိတ် တွက်ချက်ခြင်း

တိုင်းရင်းသားရိုးရာ ထုံးစံအိမ် နှင့်၊ အိမ်သာ၊ ရေချိုးခန်း/ရေပန်း နှင့် လက်ဆေးရန်နေရာ ဒီဇိုင်းပုံစံများ၊ ဓါတ်ပုံများ၊ ကုန်ကျစရိတ်များ ကို လုံးဝပြီးစီးပြီးဖြစ်သည့် အခြေချနေထိုင်ခြင်းစီမံကိန်းများ၊ အနီးအနား အိမ်နီးချင်း ပတ်ဝန်းကျင် များမှ ကောက်နှုတ်စုစည်းပြီး၊ လူမှုအသိုင်းအဝိုင်း/သီးခြားအိမ်ထောင်စုများ နှင့် ဆွေးနွေးကာ ယာယီခိုလှုံရာ/ရေ၊ မိလ္လာ နှင့် သန့်ရှင်းရေး အစုအဝေး ဒီဇိုင်းများကို ကနဦးအစပြုရာအမှတ်အဖြစ် သဘော တူညီမှု ယူရန်ဖြစ်သည်။

ထိပ်ဆုံးတန်းတွင်ပါဝင်သော စဉ်းစားရမည့်အချက်များမှာ-

- ဒေသရာသီဥတု - အိမ်တွင်း သက်တောင့်သက်သာရှိခြင်းတ
- ကျန်းမာရေးကိစ္စရပ်များ- ဤအိမ်ဒီဇိုင်းများသည် နေထိုင်ရန်အတွက် ကျန်းမာရေးနှင့် ညီညွတ်မှုရှိမရှိ? (ဥပမာ- ထမင်းဟင်းချက်ရာမှမီးခိုးများ/လုံလောက်သော အလင်းရောင်/ သန့်ရှင်းခိုင်ခံ့သည် ကြမ်းခင်း/ ပိုးမွှားတိရိစ္ဆာန် အန္တရာယ်မှ အကာအကွယ်၊ လေဝင်လေထွက်ကောင်းမှု၊ စသည်ဖြင့်။)
- ရေ ပေးဝေခြင်း - မြေအောက်ရေကြမ်းပြင်အနက် နှင့် ရေ အရည်အသွေး (သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကဲဖြတ်ခြင်း အဆင့် ၄ သို့ ရည်ညွှန်း)
- လူအများမှ အိမ်သာ နှင့် ရေချိုးခန်း/ရေပန်း/လက်ဆေးရန်နေရာ ဒီဇိုင်းများအပေါ် ဦးစားပေးနှစ်သက်မှု
- ရေ၊ မိလ္လာ နှင့် သန့်ရှင်းရေး နှင့် အိမ်ဆောက်လုပ်ရေး တို့အတွက် မြေပြင် အခြေအနေများ
- မသန်စွမ်းသူများ၊ ခလေးငယ်များ နှင့် သက်ကြီးရွယ်အိုများ (ဥပမာ- ကလေးမစင် နောက်ဖေးများ၊ ရာသီလာစဉ် တကိုယ်ရည်သန့်ရှင်းမှုစီမံခြင်း...အစရှိသည့်)ကိစ္စများအတွက် လူမှုအသိုင်းအဝိုင်း အဖွဲ့ဝင်အားလုံးနှင့် သင့်လျော်သော အိမ်သာ နှင့် ရေချိုးခန်း/ရေပန်း ဒီဇိုင်းများ၊
- ရရှိနိုင်သော ဆောက်လုပ်ရေးပစ္စည်းများ နှင့် ဆောက်လုပ်ရေး ကုန်ကျစရိတ်
- ပြုပြင်ထိန်းသိမ်းမှု နှင့် ထိန်းသိမ်းစရိတ် စဉ်းစားရန်အချက်များ (ဥပမာ- မိလ္လာ ရေဆိုး အနည်အနှစ်များ စုတ်ထုတ်ခြင်းဝန်ဆောင်မှုများ)

## <u>အလုပ်တာဝန်</u> - အိမ်/ ရေ၊ မိလ္လာ နှင့် သန့်ရှင်းရေး ဒီဇိုင်း နှင့် ကုန်ကျစရိတ်ဘတ်ဂျက်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအား ဦးဆောင်ပံ့ပိုးကျင်းပခြင်း

အိမ်/ ရေ၊ မိလ္လာ နှင့် သန့်ရှင်းရေး ဒီဇိုင်း နှင့် ကုန်ကျစရိတ်ဘတ်ဂျက် အလုပ်ရုံဆွေးနွေးပွဲ တခုကို သို့မဟုတ် သီးခြား အိမ်နှင့် ရေ၊ မိလ္လာ နှင့် သန့်ရှင်းရေး အလုပ်ရုံဆွေးနွေးပွဲများ ကို လူမှုအသိုင်းအဝိုင်း ခေါင်းဆောင်များနှင့် အတူတကွ

ဦးဆောင်ပံ့ပိုး ကျင်းပရန်ဖြစ်သည်။ အလုပ်ရုံဆွေးနွေးပွဲအတွင်းတွင် လူမှုအသိုင်းအဝိုင်းအဖွဲ့ဝင်အားလုံး (လူငယ်လူလတ်များ၊ အမျိုးသမီးများ နှင့် သက်ကြီးရွယ်အို အဖွဲ့ဝင်များ နှင့် အဖွဲ့ဝင်မသန်စွမ်းသူများ အပါအဝင်) တို့သည် ၎င်းတို့၏ အိမ်/ ရေ၊ မိလ္လာ နှင့် သန့်ရှင်းရေး ဒီဇိုင်း အကြံဥာဏ်များ ကို မျှဝေရန် အခွင့်အလမ်းများ ရရှိရမည်ဖြစ်ပြီး၊ အခြားရွေးချယ်စရာ ဒီဇိုင်းများ နှင့် ပြင်ဆင်ပြောင်းလဲမှု ပြုလုပ်နိုင်ရန်အတွက် အကြံဥာဏ်များကို ပေးနိုင်သည့် အခွင့်အလမ်း ရရှိမည်ဖြစ်သည်။ ဤသည်တွင်ပါဝင်သင့်သည်များမှာ သီးခြားအိမ်ထောင်စု သီးသန့်အိမ်သာများ၊ ရေချိုးရန်/ရေပန်း အမျိုးအစား နှင့် တည်နေရာ၊ ထို့အတူ ရေရရှိသည့်နေရာရင်း နှင့် သီးခြားအိမ်ထောင်စု ရေပိုက်ခေါင်း နေရာတို့ ဖြစ်သည်။ နောက်ဆက်တွဲ ၅ ကို ရည်ညွှန်း၍ အိမ်၊ အိမ်သာ၊ ရေချိုးခန်း/ရေပန်း နှင့် လက်ဆေးရန်နေရာ ဒီဇိုင်း၊ နမူနာ နည်းပညာပုံဆွဲပုံစံများ/ အသေးစိတ်ပစ္စည်းစာရင်း၊ အိမ်၊ အိမ်သာ၊ ရေချိုးခန်း/ရေပန်း နှင့် လက်ဆေးရန်နေရာ အလုပ်ရုံဆွေးနွေးပွဲ အသေးစိတ် လုပ်ငန်းဆောင်တာများ ကိုကြည့်ပါ။

CRS ကက်သလစ် ကယ်ဆယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများ- ဆောက်လုပ်ရေး မည်သို့လုပ်ဆောင်ရမည် ဆိုသည့် လမ်းညွှန်ပါ ဆောက်လုပ်ရေးစီမံအုပ်ချုပ်မှု စဉ်းစားရန်အချက်များ၊

<u>လမ်းကြောင်း ၁ နှင့် ၂ -</u> အများနှင့်ဆိုင်သော လမ်းကြောင်း နှင့် ၂ မျိုးစပ်လမ်းကြောင်း - လူမှုအသိုင်းအဝိုင်း ဦးဆောင် ဆောက်လုပ်ရေး ချဉ်းကပ်ပုံ နှင့် ပြီးစီးခဲ့သော စီမံကိန်းနမူနာများကို ပေးပါ - အဆိုပါလူမှုအသိုင်းအဝိုင်းများမှ ကိုယ်စားလှယ်များကို ရှင်းလင်းတင်ပြပေးရန်ဖိတ်ခေါ်ပါ။

အိမ်၏အရွယ်အစားကို အိမ်ထောင်စု၏ အရွယ်အစား နှင့် သက်ဆိုင်၍ ဆွေးနွေးပါ (ဥပမာ- ၁-၆ ဦးအထိအိမ်ထောင်စုဝင်များ အတွက် စံပြုထားသော အိမ်အရွယ်အစား/ ၆ ဦးအထက် မိသားစုများအတွက် ပိုမိုကြီးမားသည့် အိမ်အရွယ်အစား) နှင့် အိမ်ထောင်စုတခုချင်းစီအတွက် ခွဲဝေသတ်မှတ်ထားသည့် လျာထားဘတ်ဂျက်အပေါ် ဂရုစိုက်ဖို့ မှုများ။ ဤတွင် အပိုဆောင်း ဘတ်ဂျက် ခွဲဝေသတ်မှတ်ပေးခြင်းကို မသန်စွမ်းသူမိသားစုဝင်ရှိသည့် အိမ်ထောင်စုများ အတွက် အိမ်/အိမ်သာ ဒီဇိုင်းပြောင်းလဲခြင်းများ (ဥပမာ- ဆင်ခြေလျှောများ၊ လက်ကိုင်တန်းများ၊ ပိုမိုကျယ်ဝန်းသည့် ခန်းဖွင့်များ၊ ဝင်/ထွက်ရန်လွယ်ကူသည့် အိမ်သာများ၊ အခြား…) တို့အတွက် ဖြစ်သည်။ <u>အရေးကြီးသည်မှာ လူမှုအသိုင်းအဝိုင်းမှ မတူညီသည့်အိမ်နှင့် ရေ၊ မိလ္လာနှင့် သန့်ရှင်းရေး ရွေးချယ်နိုင်ဖွယ်ရာများကို သဘောတူညီရန်ဖြစ်သည်။</u>

(BOX တွင် ဖြည့်ရန်) ဒီဇိုင်း အလုပ်ရုံဆွေးနွေးပွဲအတွင်း အဆိုပါလူမှုအသိုင်းအဝိုင်းမှ ကနဦးအဆိုပြုထားသည့် ကုန်ကျမှုများနှင့် ယာယီခိုလှုံရာအစုအဝေးနေရာ အိမ်ဒီဇိုင်းကို ပြောင်းလဲပစ်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ရွေးချယ်စရာ ဖြေရှင်းနည်း ၂ ခုအပေါ်တွင် သဘောတူညီခဲ့ကြသည်။ ပထမပုံစံမှ ၁ ထပ် မြေညီ ကွန်ကရစ်ကြမ်းခင်း နှင့် ဒုတိယပုံစံမှာ ထောက်တိုင်များဖြင့်မြှင့်တင်ထားပြီး သစ်သားလှေကားနှင့်ဖြစ်သည်။ ဤဖြေရှင်းနည်း များ ကိုသဘောတူခဲ့ကြသည့်အကြောင်းမှာ ကျန်းမာရေးအရ ခြင်များကို ရှောင်ရှားနိုင်ရန်ဖြစ်ပြီး အခြားပိုးမွှားတိရစ္ဆာန်များ အိမ်အောက်တွင် ခိုအောင်းမနေနိုင်စေရန်ဖြစ်သည် သို့မဟုတ် အိမ်ကို

ခြေတံရှည်မြင့်ထားခြင်းအားဖြင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းလုပ်ရန် အသုံးပြုနိုင်သည့်အပြင် ပစ္စည်းများ ထားသိုရန် နေရာအဖြစ်လည်း အသုံးပြုနိုင်သည်။ ဒုတိယ နည်းလမ်း၏ သစ်သားအဆောက်အဦအတွက် ပိုမိုကုန်ကျမည့် စရိတ်ကို အိမ်ထောင်စု တခုချင်းစီက ပေးဝေကျခံမည်ဖြစ်သည်။

ရွေးချယ်နိုင်သော အဓိက ဘဏ္ဍာရေး အထောက်အပံ့ ၂ ခုကို မိတ်ဆက်ပေးခြင်း- အိမ် နှင့် ရေမိလ္လာ နှင့် သန့်ရှင်းရေးအခြေခံအဆောက်အအုံအတွက် လူမှုအသိုင်းအဝိုင်း စီမံအုပ်ချုပ်သည့် ထောက်ပံ့ကြေး နှင့် သီးခြားအိမ်ထောင်စု ထောက်ပံ့ကြေး

လူမှုအသိုင်းအဝိုင်းကို ၎င်းတို့အတွက် လမ်းကြောင်း ၂ ခုလုံး၏ အားသာချက်များ နှင့် အားနည်းချက်များကို ဇယားချပြီးရေးခိုင်းစေသည်ပါ။ ဤလုပ်ဆောင်ချက်ကို အခြားသီးခြား အလုပ်ရုံဆွေးနွေးပွဲအတွင်းတွင်လည်း ပြုလုပ်နိုင်သည်။ လူမှုအသိုင်းအဝိုင်းကော်မတီမှ ဤ ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်ကို ဦးဆောင်ရန်ဖြစ်သည်။

လမ်းကြောင်း ၃ - သီးခြားအိမ်ထောင်စု လမ်းကြောင်း - အိမ်/ ရေမိလ္လာ နှင့် သန့်ရှင်းရေး ဒီဇိုင်း ကို သီးခြားအိမ်ထောင်စုများ နှင့် သီးခြား ဆက်စပ်နောက်ခံ အကြောင်းအရာများ ပေါ်တွင်မူတည်ပြီး သဘောတူညီမှု ယူရမည်ဖြစ်သည်။ ဥပမာ - လက်ရှိမိသားစုပိုင်အိမ်ကို တိုးချဲ့ခြင်း သို့မဟုတ် အိမ်ခန်းများ/အိမ်သာများသာ တိုးချဲ့ပြုပြင်ခြင်း။

ဤလမ်းကြောင်းသည် သီးသန့်အိမ်ထောင်စု ထောက်ပံ့ကြေး အတွက်သာ ဖြစ်နိုင်သည်။ အသင့်တော်ဆုံး ဘဏ္ဍာရေး ဝန်ဆောင်မှုပေးသူများ နှင့် ဤကိစ္စကို ဆွေးနွေးပါ။ အသေးစိတ်ကို အဆင့် ၇ တွင် ရည်ညွှန်းသည်။

အလုပ်တာဝန် - အပြီးသတ် ဒီဇိုင်းပုံစံ/ အသေးစိတ် ပစ္စည်းစာရင်း နှင့် ဆောက်လုပ်ရေး ကုန်ကျစရိတ်များ တွက်ချက်ရေးဆွဲခြင်း

ဤအလုပ်တာဝန်ကို အင်ဂျင်နီယာ (များ) ၏ ကျွမ်းကျင်ပညာကို လိုအပ်ပြီး အိမ်အတွက် ကနဦး ဘတ်ဂျက်၊ အိမ်သာများ နှင့် ရေချိုးရန်နေရာ/ရေပန်း ဒီဇိုင်း ကို လူမှုအသိုင်းအဝိုင်း/ သီးခြားအိမ်ထောင်စုများ နှင့် ဆွေးနွေးမှုများ နှင့် ဆုံးဖြတ်ချက်ချထားမှုများ အတိုင်း အပြီးသတ် နည်းပညာသုံး ပုံဆွဲပုံထုတ်ခြင်းများ/အသေးစိတ်ပစ္စည်းစာရင်း နှင့်တကွ ရေးဆွဲပြုစုခြင်းဖြစ်သည်။ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူရေးအတွက် စုံစမ်းရန်နှင့် ၎င်းပစ္စည်းများ၏ သဘာဝပတ်ဝန်းကျင်အပေါ်သက်ရောက်မှုများကို လေ့လာထားရန် စဉ်းစားသင့်သည်။

အရေးကြီးသည့်အချက် - အဆိုပြုထားသော အိမ်/ အိမ်သာများ နှင့် ရေချိုးရန်နေရာ/ရေပန်း ဒီဇိုင်း ကို ဘေးအန္တရာယ်ကင်းသောဆောက်လုပ်ရေး နှင့် ဘေးအန္တရာယ် ကန့်သတ်ထားသောဆောက်လုပ်ရေးများ

နှင့်သက်ဆိုင်၍ စီမံကိန်းအင်ဂျင်နီယာမှ စစ်ဆေးရန်လိုအပ်သည်။ ဤသည်မှာ (ဒေသ) ဘေးအန္တရာယ်များဖြစ်သော မြေငလျင်၊ ရေကြီးရေလျှံခြင်း၊ လေပြင်းတိုက်ခြင်း၊ စသည်တို့ ကိုလည်း တုန့်ပြန်နိုင်ရမည်ဖြစ်သည်။

## အလုပ်တာဝန် - အိမ်သာနှင့် ရေ၊ မိလ္လာ နှင့် သန့်ရှင်းရေး အခြေခံအဆောက်အအုံအတွက် နည်းပညာ ဒီဇိုင်းပုံစံများ ရေးဆွဲခြင်း

ရေ၊ မိလ္လာ နှင့် သန့်ရှင်းရေး မိတ်ဖက် အဖွဲ့အစည်းများ နှင့် ဆက်နွယ်ပတ်သက်ပြီး (ဥပမာ- CORDAID ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေး ဆိုင်ရာ ကက်သလစ် အဖွဲ့အစည်း) လုပ်ငန်းခွင် နှင့် လူမှုအသိုင်းအဝိုင်းအတွက် သင့်လျော်သည့် ရေရရှိရေး မဟာဗျူဟာကို သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကြောင်းအလုပ်အကိုင်များ ကိစ္စတို့အပြင် လည်ပတ်လုပ်ကိုင်နိုင်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ရှု့ထောင့်တို့မှပါ ထည့်သွင်းစဉ်းစားပြီး ရေးဆွဲရမည်။ အများနှင့်သက်ဆိုင်သော သောက်သုံးရေ အခြေခံအဆောက်အအုံများဖြစ်သည့် ရေစင်၊ ရေတွင်း၊ မီးစက် နှင့် ရေပိုက်များ သည် ပုံမှန် ပြုပြင်ထိန်းသိမ်းမှုနှင့် ထိန်းသိမ်းစရိတ်တို့ လိုအပ်သည်။ ရေပေးဝေရေး စဉ်းစားခြင်းတွင် အိမ်ထောင်စုတခုချင်းစီမှ ရေအတွက် ငွေပေးချေလိုသော စိတ်ဆန္ဒနှင့် တတ်နိုင်သော အတိုင်းအတာ ကို ထည့်သွင်းစဉ်းစားရမည့်အပြင် လူမှုအသိုင်းအဝိုင်းထံမှ ကောက်ခံသော အခွန်ဘဏ္ဍာ နှင့် စီမံအုပ်ချုပ်မှုစနစ်များသည် ကြာရှည်ခံသော ရေပေးဝေရေးစနစ်များ၏ လုပ်ငန်းလည်ပတ်မှု နှင့် ပြုပြင်ထိန်းသိမ်း ရေး တို့အတွက် သေချာအောင်လုပ်ရမည်။ နောက်ဆက်တွဲ ၅ ကိုရည်ညွှန်းပြီး အိမ်သာ ဒီဇိုင်း/ အသေးစိတ် ပစ္စည်းစာရင်း၊ QSAND သဘာဝဘေးအန္တရာယ်အလွန် နောက်ဆက်တွဲ ရေရှည်တည်တံ့နိုင်စွမ်း တိုင်းတာခြင်း အဆင့် ၁၂ တွင် လူမှုအသိုင်းအဝိုင်းမှ ပြုပြင်ထိန်းသိမ်းခြင်း နည်းလမ်းများ၏ အသေးစိတ် အချက်အလက်များကို ရည်ညွှန်းသည်။

## အလုပ်တာဝန် - အဆောက်အအုံ ဆောက်လုပ်ခြင်းအတွက် ခွင့်ပြုချက်များ တောင်းခံခြင်း

မြို့ပြဧရိယာများတွင်လိုအပ်ပါက လူမှုအသိုင်းအဝိုင်း/သီးခြားအိမ်ထောင်စု သို့ စာဖြင့်ရေးသားထားသော အဆောက်အအုံ ဆောက်လုပ်ခွင့်များ ကို ဆောက်လုပ်ရေးလုပ်ငန်းမစတင်မီ ရရှိထားစေရန်အတွက် ကူညီပါ။ ဤသည်တွင် ပါဝင်နိုင်သည်များမှာ ခွင့်ပြုမိန့်အတွက် လိုအပ်သော စာရွက်စာတမ်းများ၊ ဥပမာ နည်းပညာသုံးဆွဲထားသည့် ပုံများ နှင့် တွက်ချက်ခြင်းများ၊ တိုင်းတာရေးအစီရင်ခံစာများ၊ အသေးစိတ်ပစ္စည်းစာရင်း၊ အကဲဖြတ်ချက်မှတ်တမ်းများ၊ စသည်တို့ကို ပြင်ဆင်ခြင်းများ ပါဝင်နိုင်သည်။

## အဆင့် ၇ - အိမ်နှင့် အခြေခံအဆောက်အအုံ (ရေ၊ မိလ္လာနှင့်သန့်ရှင်းရေး) ဆောက်လုပ်ရေးအတွက် ငွေသားလွှဲပြောင်းပေးအပ်မှုများ

ရည်ရွယ်ပစ်မှတ်ထားသည့် လူဦးရေများသို့ ငွေသားတိုက်ရိုက်လွှဲပြောင်းပေးအပ်ခြင်းအားဖြင့်၊ အိမ်ထောင်စုများနှင့် လူမှုအသိုင်းအဝိုင်းများ သည် ပစ္စည်းများနှင့် ဝန်ဆောင်မှုများသို့ လက်လှမ်းမှီ နိုင်ပြီး ၎င်းတို့အိမ်များ၏ ဆောက်လုပ်ရေးကုန်ကျစရိတ်များကို ကာမိစေနိုင်သည့်အပြင် ရေ၊ မိလ္လာနှင့်သန့်ရှင်းရေး နှင့် အခြား လိုအပ်သောအခြေခံအဆောက်အအုံများအတွက်ကုန်ကျစရိတ်များကို ပေးချေနိုင်မည်။ ငွေသားလွှဲပြောင်းပေးခြင်းသည် လူမှုအသိုင်းအဝိုင်းဦးဆောင် ချဉ်းကပ်ပုံ နှင့် အလွန်သင့်တော်ခြင်းမှာ လူမှုအသိုင်းအဝိုင်းများ/သီးခြားအိမ်ထောင်စုများ၏ ငွေသုံးစွဲနိုင်မှု ပြောင်းလွယ်ပြင်လွယ်ရှိခြင်းကို တိုးမြှင့်ပေး၍ဖြစ်သည်။ ဤတွင် အရေးကြီး သတိရစေရမည်မှာ အစီအစဉ်လိုအပ်ချက်များအတွက် ငွေသားလွှဲပြောင်းမှုအားလုံးသည် နည်းပညာအထောက်အကူ နှင့် စွမ်းရည်မြှင့်တင် ပေးခြင်း (အဆင့် ၈ သို့ညွှန်းသည်) တို့ဖြင့် အားပေးခြင်းပြုလုပ်ရမည်ဖြစ်သည်မှာ အရည်အသွေးရှိသော ဆောက်လုပ်ရေးအဖြစ် ကာကွယ်ထားရန်ဖြစ်သည်။ (ရည်ညွှန်း-အသိုင်းအဝိုင်းဆိုင်ရာ လက်စွဲစာအုပ် ၂၀၁၉ - နည်းပညာအထောက်အကူ-ယာယီခိုလှုံရာနေရာ နှင့် အခြေချနေထိုင်ရာ နေရာ)။ ယေဘူယျအားဖြင့် ငွေသား နှင့် ဘောက်ချာ အထောက်အပံ့ (CVA) အစီအစဉ်ဆွဲခြင်း ကို ရည်မှန်းချက်များ နှင့် လုပ်ငန်းလည်ပတ်မှု နောက်ခံဆက်စပ်အကြောင်းအရာများအပေါ်အခြေခံ၍ နည်းလမ်းမျိုးစုံဖြင့် လိုအပ်ချက်နှင့် အံဝင်ခွင်ကျအောင်စီမံထားနိုင်သည်။ အချို့သော ရွေးချယ်နိုင်ဖွယ်ရာနည်းလမ်းများတွင်- စည်းကမ်းခြင်းချက်များဖြင့် ငွေသားလွှဲပြောင်းပေးအပ်ခြင်း၊ အကန့်အသတ် ငွေသား သို့မဟုတ် ဘောက်ချာ၊ စည်းကမ်းမထားသော၊ အကန့်အသတ်မဲ့ သို့မဟုတ် ရည်ရွယ်ချက်အမျိုးမျိုးအတွက်အသုံးပြု၍ရသော ငွေသား နှင့် တတိယအဖွဲ့အစည်း/ဘဏ္ဍာရေး ဝန်ဆောင်မှုလုပ်ငန်းများ (ဥပမာ- ငွေစုသူအုပ်စုများ၊ စာတိုက်၊ ငွေလွှဲကိုယ်စားလှယ်လုပ်ငန်းများ၊ ချေးငွေများ၊ အသေးစား ငွေချေးလုပ်ငန်း၊ နှင့် ငွေကြေးအာမခံများ)[၁၂] တို့ပါဝင်သည်။

အမျိုးမျိုးသော အကြောင်းခံများ အားဖြင့် မည်သည့် ဖြစ်နိုင်ခြေအထောက်အပံ့သည် အသင့်တော်ဆုံးဖြစ်သည် ဆိုသည်ကို လွှမ်းမိုးသည်။ ငွေသား နှင့် ဘောက်ချာ အထောက်အပံ့ (CVA) ကိုအသုံးပြုရန် သို့မဟုတ် ကုန်ပစ္စည်းအားဖြင့် ဝေငှခြင်း ဆုံးဖြတ်ချက်သည် နောက်ခံဆက်စပ်အကြောင်းအရာများ နှင့် လူမှုအသိုင်းအဝိုင်း အပေါ်မူတည်၍ ဆုံးဖြတ်ရသည်။ စဉ်းစားရန်လိုအပ်သော အချို့အကြောင်းခံများတွင် ပါဝင်သည်များမှာ လူမှုအသိုင်းအဝိုင်း/သီးခြားအိမ်ထောင်စု ဦးစားပေးနှစ်သက်မှုများ၊ ဒေသအာဏာပိုင်များ/အစိုးရ အထောက်အပံ့၊ ဒေသဈေးကွက်များတွင် ရရှိနိုင်သည့် ကုန်ပစ္စည်းများ နှင့် ဝန်ဆောင်မှုများ၊ ဈေးကွက်လည်ပတ်ပုံ၊ နှင့် အချို့သီးသန့်အုပ်စုများတွင် ငွေသား သို့မဟုတ် ဘောက်ချာ အသုံးပြုမှုကြောင့် နီးနွယ်နေသည့် ဖြစ်နိုင်ခြေရှိသော စွန့်စားရမှုများ (ဥပမာ - လုံခြုံရေး၊ ဘဏ္ဍာငွေကြေး စီမံခန့်ခွဲမှု၊ လူမှုရေး/ယဉ်ကျေးမှု တွန်းအားများ၊ စသည်တို့…) ပါဝင်သည်။ အခြားအရေးကြီးသော (CVA) ငွေသား နှင့် ဘောက်ချာ အထောက်အပံ့ အတွက် ဆောင်ရွက်၍ရနိုင်ဖွယ်ရှိသော စဉ်းစားဆင်ခြင်ရန်အချက်များအတွက်၊ <u>CRS ကက်သလစ် ကယ်ဆယ်ရေး</u>

ဝန်ဆောင်မှုလုပ်ငန်းများ၏ ဆောင်ရွက်၍ရနိုင်ဖွယ်ရှိသော ငွေသားကိစ္စ စစ်ဆေးရန် အချက်များစာရင်း နှင့် ငွေသားဆုံးဖြတ်ချက် သစ်ပင်၊ နောက်ဆက်တွဲ ၆ ကို ကြည့်ပါ။

## အလုပ်တာဝန် - အိမ်/ ရေ၊ မိလ္လာ နှင့် သန့်ရှင်းရေး ဆောက်လုပ်ရေးပစ္စည်းများအတွက် ဈေးကွက် အကဲဖြတ်မှု ပြုလုပ်ခြင်း

(CVA) ငွေသား နှင့် ဘောက်ချာ အထောက်အပံ့ပေးပြီး ဆောင်ရွက်၍ရနိုင်ဖွယ်ရှိသော တုန့်ပြန်မှုအတွက် ရွေးချယ်နိုင်ဖွယ်ရာလမ်းကြောင်းကို ဆုံးဖြတ်ရာတွင် အရေးအကြီးဆုံးပထမခြေလှမ်းမှာ ဈေးကွက် အကဲဖြတ်ခြင်းတခု ပြုလုပ်ခြင်းဖြစ်သည်။ ဤ အကဲဖြတ်ခြင်း အရွယ်အစားပမာဏ နှင့် နယ်ပယ်အတိုင်းအတာ ကို စီမံကိန်း၏ အတိုင်းအတာနှင့် ရည်မှန်းချက်များ အပေါ်မူတည်၍ ပြုလုပ်ရမည်။ ဤအကဲဖြတ်ခြင်းမှ ရရှိသည့် ရလဒ်များအားဖြင့် အဓိကအရေးပါသော လက်တွေ့ကျသည့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အခြေခံအုတ်မြစ်အဖြစ် ထောက်ပင့်ပေးထားမည်ဖြစ်သည်။

လူမှုအသိုင်းအဝိုင်း ကော်မတီ/သီးခြားအိမ်ထောင်စုများ သို့ ဈေးကွက် အကဲဖြတ်ခြင်း တခု၏ ရည်ရွယ်ချက်ကို ရှင်းပြပြီး နမူနာများပေးရန်ဖြစ်သည်။ အင်ဂျင်နီယာထံမှ ရရှိသည့် အတည်ပြုပြီးဖြစ်သော အပြီးသတ် အသေးစိတ်ပစ္စည်းစာရင်းကို အသုံးပြုပြီး ဒေသတွင်းဈေးကွက်များတွင် မည်သည့်ပစ္စည်းအမယ်များအပေါ် အကဲဖြတ်ရမည်ကို ရွေးထုတ်နိုင်မည်။ ဈေးကွက်အကဲဖြတ်ခြင်းတွင် လေ့ကျင့်သင်တန်းပေးထားပြီးသူ လူမှုအသိုင်းအဝိုင်း ကော်မတီဝင်များသည် သတ်မှတ်ဆောက်လုပ်ရေးပစ္စည်းများ နှင့် သက်ဆိုင်သည့် ဒေတာအချက်အလက်များကို ကောက်ခံစုဆောင်းမည်ဖြစ်သည့်အပြင် လိုအပ်ပါက လက်မှုလုပ်သားများ အချက်အလက်ကိုလည်း စုဆောင်းမည် ဖြစ်သည်။ ဈေးကွက်အကဲဖြတ်ခြင်းတွင်ပါဝင်သင့်သည်မှာ ရေ၊မိလ္လာ နှင့် သန့်ရှင်းရေး အခြေခံအဆောက်အအုံ နှင့် ရေ၊မိလ္လာ နှင့် သန့်ရှင်းရေး ဝန်ဆောင်မှုလုပ်ငန်းများ၊ ဥပမာ- မိလ္လာ ရေဆိုး အနယ်အနှစ် စုတ်ထုတ်သည့်လုပ်ငန်း၊ အစိုင်အခဲအမှိုက် စီမံသိမ်းဆည်းခြင်း နှင့် ရေတွင်းများ၊ မီးစက်များ ပြုပြင်ထိန်းသိမ်းခြင်း၊ စသည်တို့ဖြစ်သည်။

ဖြစ်နိုင်ပါက ဈေးကွက် ဒေတာအချက်အလက်များကို ရောင်းချသူ ပေါင်းစုံ ထံမှ ကောက်ယူစုဆောင်းခြင်းဖြင့် ဈေးနှုန်း နှိုင်းယှဉ်မှုများ ပြုလုပ်နိုင်သည့်အပြင် ထောက်ပံ့ရေးလမ်းကြောင်း၏ တွန်းအားများကိုလည်း နားလည် နိုင်သည်။ (ဥပမာ- ပစ္စည်းပြတ်လပ်မှုများ၊ ဈေးနှုန်းပြောင်းလဲခြင်းများ၊ အခြား…)

ဒေသဈေးကွက်များသို့ လက်လှမ်းမှီ ဝင်ထွက်သွားလာနိုင်ရေးသည် လူမှုအသိုင်းအဝိုင်းများ မှ ဈေးကွက်များသို့ ခရီးအကွာအဝေးအားဖြင့် သက်ရောက်မှုရှိသည်ဖြစ်၍ သင့်တော်သော သယ်ယူပို့ဆောင်ရေး ရရှိနိုင်မှုအပေါ်တွင် မှီခိုနေရနိုင်သည်။ ရရှိနိုင်သည့် သယ်ယူပို့ဆောင်ရေး ရွေးချယ်နိုင်ဖွယ်ရာများ (ဥပမာ- ဘတ်စကား၊ အငှားယာဉ်၊ အခြား…)နှင့် ရွေးချယ်မှုတခုချင်းအပေါ် နှီးနွှယ်နေသည့် ခရီးအကွာအဝေးအလိုက်၊ မြို့ပြနှင့် ကျေးလက် ဒေသအလိုက်၊ ကွာခြားသည့် ဈေးနှုန်းများကို ထည့်သွင်းစဉ်းစားပြီး ခွဲခြမ်းစိတ်ဖြာလေ့လာသုံးသပ်မှုတခုကို ပြုလုပ်ထားရန်လိုအပ်သည်။ ဤ ခွဲခြမ်းစိတ်ဖြာလေ့လာသုံးသပ်မှုအားဖြင့် ပြည့်စုံသည့် သင့်တော်သော

ကူညီထောက်ပံ့မှုကို မိသားစုများသို့ ပံ့ပိုးပေးနိုင်မည်ဖြစ်ပြီး ငွေသားလွှဲပြောင်းမှုတန်ဖိုး စုစုပေါင်းကို ဆောက်လုပ်ရေးပစ္စည်းများ အပေါ်တွင် အသုံးပြုသည်ကို သေချာစေမည်ဖြစ်သည်။ ရည်ညွှန်း- CRS ၏ ဆောက်လုပ်ရေး လုပ်ငန်းလမ်းညွှန်၊ MBRRR ဈေးကွက်အခြေပြု အလျှင်အမြန် တုန့်ပြန်ရေး နှင့် ပြန်လည်ထူထောင်ရေး RAM ဈေးကွက်များကို အလျင်အမြန် ချင့်ချိန်အကဲဖြတ်ခြင်း ၊ RCM ဈေးကွက်များကို အလျင်အမြန် ချင့်ချိန်အကဲဖြတ်ခြင်း ကိရိယာများ ၏ ငွေသား အစီအစဉ်ရေးဆွဲခြင်းအတွက် ပို၍များပြားသော သတင်းအချက်အလက်များ၊

ယေဘူယျအားဖြင့် ဈေးကွက် ခွဲခြမ်းစိတ်ဖြာလေ့လာသုံးသပ်မှု သည် သတ်မှတ် ပစ္စည်းများ၏ သင့်တော်သော အရေအတွက် အတိုင်း ရနိုင်ခြေ၊ ဒေသလက်မှုလုပ်သားများနှင့် အကျွမ်းတဝင်ရှိမှု၊ ဈေးနှုန်းသင့်တင့်၍ ဝယ်ယူရန်တတ်နိုင်မှု၊ လူမှုအသိုင်းအဝိုင်းများ၏ ယဉ်ကျေးမှုအရ လက်ခံမှု၊ ပြည့်စုံလုံလောက် သည့် အရည်အသွေး နှင့် ကျန်းမာရေး သို့မဟုတ် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နောက်ဆက်တွဲ ဂရက်ရိုက်ခတ်မှုများမရှိ၊ စသည့် သတင်းအချက်အလက်များကို ပေးစွမ်းနိုင်သည်။ အကောင်းဆုံးမှာ တပတ်ရစ်တဖန်ပြန်လည်အသုံးပြုနိုင်သော ပစ္စည်းများ ကို ဆောက်လုပ်ရေးတွင် ~~လူမှုအသိုင်းအဝိုင်းဆိုင်ရာ လက်စွဲစာအုပ် ၂၀၁၈ အခန်း ၇၊ ယာယီခိုလှုံရာနေရာ နှင့် အမြဲတန်းအခြေချရာနေရာများ၊ စံနှုန်း ၇ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့နိုင်မှု၊~~ တွင်ပါဝင်သောအချက်များနှင့်အညီ၊ သဘာဝပတ်ဝန်းကျင်အပေါ် အနှုတ်သဘောဆောင်သည့် အသက်ရောက်မှု အနည်းဆုံးဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ဖြစ်သည်။

ဒေသဈေးကွက်များနှင့် သတ်မှတ်ကုန်ပစ္စည်းများ ကို ပြည့်စုံကျယ်ပြန့်စွာနားလည်ပြီးသည့်အချိန်တွင်၊ ဝန်ထမ်းများသည် ရရှိသည့်သတင်းအချက်အလက်များကို အသုံးပြုပြီး အသေးစိတ်ပစ္စည်းစာရင်းတွင် ဖေါ်ပြထားသည့် ဆောက်လုပ်ရေးပစ္စည်းများအတွက် (MEB) အနည်းဆုံး အသုံးစရိတ် ခြင်းတောင်း ကို ဖန်တီးရေးဆွဲနိုင်သည်။ အဆိုပါ(MEB) အနည်းဆုံး အသုံးစရိတ် ခြင်းတောင်းတွင် အကျိုးခံစားခွင့်ရှိသူများ မှ ဝယ်ယူရမည့်ပစ္စည်းများ စာရင်းအပြည့်အစုံကို ဖေါ်ပြမည်ဖြစ်ပြီး၊ ပစ္စည်းတခုခြင်းစီ၏ ဈေးနှုံးလည်း ပါဝင်မည်ဖြစ်သည်။ (MEB) အနည်းဆုံး အသုံးစရိတ် ခြင်းတောင်း၏ စုစုပေါင်း ငွေပမာဏ ကို စမှတ်အဖြစ်အသုံးပြုပြီး၊ ဝန်ထမ်းများသည် အကျိုးခံစားခွင့်ရှိသူ မိသားစုများမှ ၎င်းတို့ကိုယ်တိုင် ထည့်ဝင်မည့် တန်ဖိုးကို ထည့်သွင်းစဉ်းစား၍ လွှဲပေးရမည့် ငွေတန်ဖိုး ကို ဆုံးဖြတ်နိုင်မည်ဖြစ်သည်။ (MEB) အနည်းဆုံး အသုံးစရိတ် ခြင်းတောင်းနှင့် လွှဲပေးငွေ တန်ဖိုးသည် တူညီနေရန် မလိုအပ်ရာ၊ ကွာခြားမှုအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာသုံးသပ်မှု တခုကို ပြုလုပ်သင့်ပြီး (MEB) အနည်းဆုံး အသုံးစရိတ် ခြင်းတောင်းမှ စုစုပေါင်း ငွေသားလွှဲပြောင်းပေးအပ်မှုသည် မည်မျှလွှမ်းခြုံရန်ရည်ရွယ်သည်ကို ဆုံးဖြတ်နိုင်ရန်ဖြစ်သည်။ ကဏ္ဍအလိုက်တိကျသော (MEB) အနည်းဆုံး အသုံးစရိတ် ခြင်းတောင်းများ နှင့် လွှဲပြောင်းငွေတန်ဖိုးများကို ဆုံးဖြတ်ရာတွင် လိုအပ်သည့် လမ်းညွှန်ချက်များကို - ငွေသား နှင့် သင်ယူလေ့လာခြင်း မိတ်ဖက်ပြုခြင်း ဝက်ဘ်ဆိုက်ဒ် - (link)- ကို ဝင်ရောက်လေ့လာပါ။

## အလုပ်တာဝန် - ငွေသားလွှဲပြောင်းခြင်းဆိုင်ရာ စီမံအုပ်ချုပ်မှု လမ်းကြောင်း ကို သဘောတူညီမှုယူခြင်း (လူမှုအသိုင်းအဝိုင်း သို့မဟုတ် အိမ်ထောင်စုတစ်ခုချင်းစီအတွက်)

ဆက်စပ်နောက်ခံအကြောင်းအရာ ခွဲခြမ်းစိတ်ဖြာလေ့လာသုံးသပ်မှု မှ ထုတ်ယူရရှိသောသုံးသပ်ချက်များ အရ (ငွေသား ဖြင့်ဆောင်ရွက်၍ရနိုင်ဖွယ်ဖြစ်ခြင်း၊ ဈေးကွက်/စွန့်စားရမှု အကဲဖြတ်ခြင်းများ၊ အခြား...)၊ လူမှုအသိုင်းအဝိုင်းကော်မတီ နှင့် သီးသန့်မိသားစု တို့နှင့် ရည်ရွယ်ပစ်မှတ်ထားသောဒေသတွင် ငွေသားလွှဲပြောင်းပေးမှုကို မည်သို့ စီမံအုပ်ချုပ်မည်ဆိုသည်ကို သဘောတူညီမှုရယူရသည်။ ဝန်ထမ်းများသည် လူမှုအသိုင်းအဝိုင်းနှင့် အစည်းအဝေးတခုကို စည်းရုံးကျင်းပ၍ ဆွေးနွေးမှုကို ဦးဆောင်ပံ့ပိုးကာ အတွေ့အကြုံရှိသည့် လူမှုအသိုင်းအဝိုင်းခေါင်းဆောင်များကို ဖိတ်ကြား၍ ၎င်းတို့၏ ဆောက်လုပ်ရေးလုပ်ငန်း ငွေသား အကူအညီကို မည်သို့ စီမံခန့်ခွဲသည် နှင့် ၎င်းတို့ လေ့လာသင်ယူခဲ့ရသည်များကို ရှင်းလင်းတင်ပြရန် နှင့် မေးခွန်းများကို ဖြေကြားပေးရန်ဖြစ်သည်။

<u>လမ်းကြောင်း ၁ နှင့် ၂ -</u> လူမှုအသိုင်းအဝိုင်း လမ်းကြောင်း နှင့် ၂ မျိုးစပ် လမ်းကြောင်း- လူမှုအသိုင်းအဝိုင်း သို့မဟုတ် သီးခြား အိမ်ထောင်စု သို့ ဘဏ္ဍာရေး အထောက်အပံ့ ၂ မျိုးလုံးသည် ဖြစ်နိုင်သည်။ လူမှုအသိုင်းအဝိုင်းနှင့် အားသာချက်များ နှင့် အားနည်းချက်များကို ဆွေးနွေးပြီး ၎င်းတို့အနေဖြင့် စုပေါင်း၍ သို့မဟုတ် သီးခြားတဦးချင်း လုပ်ဆောင်လိုသည်ကို ဆွေးနွေးရန်ဖြစ်သည်။ ကျိုးကြောင်းဆီလျော်သော ဆုံးဖြတ်ချက် ချမှတ်နိုင်ရန် လူမှုအသိုင်းအဝိုင်းသို့ အကူအညီပေးပါ- ဥပမာ- လူမှုအသိုင်းအဝိုင်းခေါင်းဆောင်များသာမက လူမှုအသိုင်းအဝိုင်း၏ အိမ်ထောင်စုအားလုံး (အမျိုးသားများနှင့် အမျိုးသမီးများ) ကို ဤကိစ္စဆုံးဖြတ်နိုင်ရန်အတွက် တိုင်ပင ်ဆွေးနွေးသင့်သည်။ သီးခြားမိသားစုမှ အိမ်/ ရေ၊ မိလ္လာနှင့် သန့်ရှင်းရေးကုန်ကျစရိတ်အတွက် ငွေကြေးထည့်ဝင်မည်ဟူ၍ ဆုံးဖြတ်ရသည့် နောက်ခံဆက်စပ်အကြောင်းအရာတွင်၊ ငွေကြေးမတတ်နိုင်သော အားနည်းပြီး ထိရှလွယ်သည့်မိသားစုကို အုပ်စုမှ မည်ကဲ့သို့ ဝိုင်းဝန်းကူညီထောက်ပံ့ကြမည်ဆိုသည်ကို ဆွေးနွေးပြီး သဘောတူညီမှု ရယူရန်ဖြစ်သည်။ ( ရွှေ့ပြေးစီမံကိန်းမှ နမူနာကို အောက်တွင်ကြည့်ပါ)။

လမ်းကြောင်း ၃ - သီးခြားအိမ်ထောင်စု လမ်းကြောင်း - သီးခြားမိသားစုနှင့် ငွေသား လွှဲပြောင်းရာတွင် ဖြစ်နိုင်ခြေရှိသော ရွေးချယ်စရာများကို ဆွေးနွေးပါ - ဥပမာ- ဘဏ်မှငွေလွှဲခြင်း၊ ဝေ့မန်းနီး၊ ငွေသားကတ်ဒ်ပြား၊ K-pay သို့မဟုတ် ဟွန်ဒီဖြင့်ငွေလွှဲခြင်း...အခြား။ ဝန်ဆောင်မှုလုပ်ငန်းပံ့ပိုးပေးသူများ အကဲဖြတ်ခြင်းကို ပြုလုပ်ပြီး ဆုံးဖြတ်ချက်ကိုချမှတ်ရန်။

(BOX တွင် ဖြည့်ရန်) ရွှေ့ပြေးစီမံကိန်း၏ လူမှုအသိုင်းအဝိုင်းသည် နေအိမ်နှင့် အိမ်သာ ဒီဇိုင်း အလုပ်ရုံဆွေးနွေးပွဲတခုကို ကျင်းပခဲ့ပြီး သဘောတူညီခဲ့ကြသည်မှာ ၎င်းတို့သည် မီးဖိုခန်းကို အိမ်မကြီး၏ အစိတ်အပိုင်းတခုအဖြစ် မလိုချင်ကြကြောင်းဖြစ်သည်။ ဤသည်မှာ "ကျေးရွာသားအိမ်" အတွက် သင့်တော်မှုရှိမည်မဟုတ်ကြောင်း၊ ထုံးစံအားဖြင့် မီးဖိုခန်းသည် အိမ်မှသီးခြားတည်ရှိခြင်းမှာ ကျန်းမာရေးနှင့် မီးဘေးအန္တရာယ် အကြောင်း များကြောင့်ဖြစ်သည်။ လူမှုအသိုင်းအဝိုင်းမှ သဘောတူညီခဲ့ကြသည်မှာ

မီးဖိုခန်းများကို အိမ်၏အနောက်ဖက်တွင် တည်ဆောက်ရန် ဖြစ်ပြီး လူမှုအသိုင်းအဝိုင်းမှ ၎င်းတို့ ကိုယ်ပိုင်ငွေကြေးဖြင့် ထည့်ဝင်တည်ဆောက်မည်ဖြစ်ရာ ဆောက်လုပ်ရေးလုပ်ငန်းတခုလုံး၏ အလုံးစုံ ကျန်ကျစရိတ်ကို မတိုးမြင့်ရန် ဖြစ်သည်။ အချို့သောမိသားစုများသည် မီးဖိုခန်းဆောက်လုပ်ရေးပစ္စည်းများအတွက် ထပ်ဆောင်းပေးချေရန် အပိုငွေ မရှိကြချေ။ လူမှုအသိုင်းအဝိုင်းမှ သဘောတူညီခဲ့ကြသည်မှာ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူမှုမှ ဈေးနှုန်းလျော့ပေးသဖြင့် အပိုထွက်လာသောစုဆောင်းငွေများကို အသုံးပြုပြီး အိမ်ထောင်စုအားလုံးအတွက် သီးသန့်မီးဖိုခန်းတလုံးစီကို အိမ်များ၏ အနောက်ဖက်တွင် တည်ဆောက်ပေးရန်ဖြစ်သည်။

## အလုပ်တာဝန် - ဘဏ္ဍာရေး ဝန်ဆောင်မှုပေးသူများ အပေါ် အကဲဖြတ်ခြင်း

အစီအစဉ်ဝန်ထမ်း၏အကူအညီဖြင့် ဝယ်ယူထောက်ပံ့ရေးဝန်ထမ်းမှဦးဆောင်ကာ၊ (FSP) ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်း ဝန်ဆောင်မှုပေးသူများ စာရင်းဇယားဆွဲခြင်းလေ့ကျင့်ခန်းကို ပြုလုပ်ပြီး ရည်ရွယ်ပစ်မှတ်ထားသည့်ဒေသတွင်ရှိ အကောင်းဆုံး အသင့်တော်ဆုံး ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်း ကို အသုံးပြု၍ ငွေသားပေးပို့ခြင်းကို ဆုံးဖြတ်နိုင်ရန်ဖြစ်သည်။ ဤစာရင်းဇယားပြုစုခြင်းလေ့ကျင့်ခန်းကို ပြုလုပ်ခြင်းဖြင့် ဝန်ထမ်းများနှင့် လူမှုအသိုင်းအဝိုင်းသည် အကျိုးခံစားခွင့်ရှိသောသူများ၏ ဦးစားပေးနှစ်သက်မှု/ အကျွမ်းတဝင်ရှိမှု များတို့ကို ဆွေးနွေးမှုတွင် ပေါင်းစပ်ကာ ရရှိသောအသိအမြင်များအားဖြင့် မည်သည့် (FSP) ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်း ဝန်ဆောင်မှုပေးသူကို အသုံးပြုမည်ဆိုသည်ကို ဆုံးဖြတ်နိုင်မည်ဖြစ်သည်။ (FSP) ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်း ဝန်ဆောင်မှုပေးသူများ စာရင်းဇယားပြုစုခြင်း ပုံစံကွက် ကို ဤ link တွင် တွေ့ရှိနိုင်ပြီး ဒေသတွင်းရှိ (FSP) ဘဏ္ဍာရေး ဝန်ဆောင်မှု လုပ်ငန်း ဝန်ဆောင်မှုပေးသူများကို အကဲဖြတ်ခြင်းလုပ်ငန်းစဉ်၏ ပထမဆုံးသော ခြေလှမ်းဖြစ်သည်။ ဒေတာအချက်အလက်များကို စုဆောင်းပြီးစီးပြီး နှင့် (FSP) ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်း ဝန်ဆောင်မှုပေးသူကို ရွေးချယ်ပြီး သကာလ၊ KMSS ကရုဏာ လူမှု စည်းလုံးညီညွတ်ရေး အသင်း၏ ဝယ်ယူထောက်ပံ့ရေး လုပ်ငန်းစဉ်အဆင့်များကို လိုက်နာပြီး သင့်တော်သည့် အဆင့်အလိုက် အဆိုပါ(FSP) ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်း ဝန်ဆောင်မှုပေးသူနှင့် ချိတ်ဆက်ဆောင်ရွက်ရန်ဖြစ်သည်။ အခြားဆက်စပ် ပုံစံကွက်များကို - http://rcmcash.org/toolkit/

လူမှုအသိုင်းအဝိုင်း ဘဏ္ဍာရေးအထောက်အပံ့ ဗဟိုမှ ဆောင်ရွက်သူက လူမှုအသိုင်းအဝိုင်း ကော်မတီ ၂ လတကြိမ် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက် မှတ်စုများ ကို စုဆောင်းမှတ်တမ်းတင်ရန်။

## အလုပ်တာဝန် - ငွေသားလွှဲပြောင်းပေးခြင်းဆိုင်ရာ အသေးစိတ် အချက်များအပေါ်သဘောတူညီမှု ရယူခြင်း (လွှဲပြောင်းမည့်အကြိမ်အရေအတွက် ကြိမ်နှုန်း၊ စုစုပေါင်းငွေကြေး၊ တည်ဆောက်ရေးအစီအစဉ် နှင့် ပြီးစီးမှု စောင့်ကြည့်လေ့လာခြင်း)

ငွေသား အရစ်ကျပေးချေခြင်း/ခွဲခြမ်းထားသော ဘဏ္ဍာအစိတ်အပိုင်းအလိုက် အရွယ်အစား (ရာခိုင်နှုန်းအချိုး) နှင့် ဆောက်လုပ်ရေးလုပ်ငန်း တိုးတက်မှု မှတ်တိုင်များ အလိုက် နောက်တကြိမ် ငွေသားအရစ်ပေးချေခြင်းကို ဆွေးနွေးခြင်း နှင့် သဘောတူညီမှုအတွက် ဦးဆောင်ပံ့ပိုးခြင်း ပြုလုပ်သည်။ ဤကိစ္စကို KMSS ကရုဏာ လူမှုစည်းလုံးညီညွတ်ရေး အသင်း၏ ဘဏ္ဍာရေးဆိုင်ရာ စံနှုန်းများ နှင့် စနစ် တို့နှင့် လူမှုအသိုင်းအဝိုင်း ၏ ဦးစားပေးနှစ်သက်မှုရွေးချယ်နိုင်ဖွယ်ရာများအလိုက် မှတ်တမ်းတင်သည်။ ဤနေရာ၌ အရေးကြီးသည်မှာ အင်ဂျင်နီယာ နှင့် ဘဏ္ဍာရေး ဝန်ထမ်း တို့သည် ဤဆွေးနွေးမှုများ နှင့် သဘောတူညီမှုတို့တွင် ပါဝင်ရန်ဖြစ်ပြီး ငွေအစိတ်အပိုင်းများအလိုက် ပေးချေမှုများသည် ဆောက်လုပ်ရေး အစီအစဉ်နှင့် ဆောက်လုပ်ရေးလုပ်ငန်းကို စောင့်ကြည့်ကြီးကြပ်မည့် အဓိက နေ့ရက်များနှင့် ချိန်ညှိရန် လိုအပ်၍ဖြစ်သည်။ (FSP) ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်း ဝန်ဆောင်မှုပေးသူသည်လည်း၊ ငွေလွှဲပြောင်းမှု အချိန်ဇယားကို သိနားလည်ထားရန်လိုအပ်ပြီး၊ လွှဲပြောင်းငွေ အရွယ်အစား ပမာဏ နှင့် တန်ဖိုးတို့အပေါ်မူတည်၍ ခွဲဝေထုတ်ပေးရန်အတွက် ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းတွင် လုံလောက်သော ငွေသားနှင့် အထောက်အကူပြုမည့်လူအရေအတွက် ကိုသေချာစွာ စီစဉ်နိုင်ရန်ဖြစ်သည်။

ထုံးစံအားဖြင့် အိမ်ယာဆောက်လုပ်ရေး လုပ်ငန်းတွင် အဓိကအချက် ၃ ချက်မှ ၄ ချက် အထိ ရှိသည်။

-မရှိမဖြစ်လိုအပ်ချက် - လုပ်ငန်းခွင် ပြင်ဆင်ခြင်း၊

- ပထမ အဆင့် ဖေါင်ဒေးရှင်း အုတ်မြစ် နှင့် (သစ်သား) အဓိက အဆောက်အအုံ၊

- ဒုတိယ အဆင့် - နံရံများ၊ ပြတင်းပေါက်များ၊ တံခါးများ နှင့် ကြမ်းခင်း

- တတိယ အဆင့် - အမိုး တပ်ဆင်ခြင်း

- စတုတ္ထ အဆင့် - အတွင်းပိုင်း တပ်ဆင်ခြင်းများ

ရေ့ပြေးစီမံကိန်းမှ လေ့လာမှတ်သားခဲ့ရသည်များမှ မီးမောင်းထိုးပြသသည်မှာ ကျေးလက်ဒေသများသို့ ငွေလွှဲပြောင်းပေးချေရာတွင် ချိန်ညှိခြင်း အရေးကြီးသည်မှာ ငွေသားအပိုင်းလိုက် လွှဲပြောင်းပေးချေပမာဏ နှင့် ပစ္စည်းများ ရရှိနိုင်မှု၊ ပစ္စည်းဈေးနှုန်း နှင့် သယ်ယူပို့ဆောင်ရေးစရိတ်တိုးမြင့်လာခြင်း၊ ဥပမာ သစ်သားဈေးမြင့်တက်ခြင်း တို့အလိုက် ချိန်ညှိရန်လိုအပ်သည်။

## အလုပ်တာဝန် - စာရင်းကိုင် သင်တန်းပြုလုပ်ပေးခြင်း

ဘဏ္ဍာရေးဌာန ဝန်ထမ်း နှင့် အင်ဂျင်နီယာ သည် လူမှုအသိုင်းအဝိုင်း ကော်မတီ၊ လူမှုအသိုင်းအဝိုင်း အဖွဲ့ဝင်များ နှင့် သီးခြားအိမ်ထောင်စုများ အတွက် စာရင်းကိုင် သင်တန်း ပို့ချပေးရန်ဖြစ်သည်။ ဤသင်တန်းသည် လူမှုအသိုင်းအဝိုင်း ကော်မတီအတွက် ပွင့်လင်းမြင်သာမှုရှိသော ငွေသားအရစ်ကျ ပေးချေခြင်း၊ ပါဝင်အခန်းကဏ္ဍ နှင့် တာဝန်ဝတ္တရားများ နှင့် သဘောတူညီထားသည့် စာရင်းကိုင် လုပ်ငန်းစဉ်အဆင့်ဆင့်ဖြစ်သော စာရင်းကိုက်ညှိခြင်း/ စာရင်း ရှင်းလင်းခြင်း တို့အတွက် ရည်ရွယ်သည်။ ပထမအရစ် ငွေပေးချေမှုကို လူမှုအသိုင်းအဝိုင်းမှ လုပ်ငန်းခွင်ကို ရှင်းလင်းရေး ပြုလုပ်ပြီးစီးသည့်အချိန် နှင့် စာရင်းကိုင်လုပ်ငန်း အဆင့်ဆင့် နှင့် ဆောက်လုပ်ရေးလုပ်ငန်း စောင့်ကြည့်ကြီးကြပ်မှုအစီအစဉ်များ ပြုလုပ်ထူထောင်ပြီးစီးသည့် အချိန်တွင်ပြုလုပ်သည်။

## အလုပ်တာဝန် - ရည်ရွယ်ပစ်မှတ်ထားသည့် ပူးပေါင်းပါဝင်သူများစာရင်း၊ အကျိုးခံစားခွင့်ရှိသူများ၏ သဘောတူညီချက်များအား အတည်ပြုခြင်း

သီးခြား အိမ်ထောင်စုတခုစီသည် အကျိုးခံစားခွင့်ရှိသူများ သဘောတူညီချက် ကို KMSS ကရုဏာ လူမှု စည်းလုံးညီညွတ်ရေး အသင်းနှင့် လက်မှတ်ရေးထိုးပြီး၊ အဆိုပါသဘောတူညီချက်တွင် စီမံကိန်းတွင်ပူးပေါင်းသူများ၏ ပါဝင် အခန်း ကဏ္ဍများ နှင့် တာဝန်များ၊ အခွင့်အရေးများ နှင့် ဝတ္တရားများ နှင့်၊ ငွေသား အထောက်အပံ့ စသည်တို့ပါဝင်သည်။ အကယ်၍ လူမှုအသိုင်းအဝိုင်း ဝိုင်းဝန်းကူညီထောက်ပံ့မှုလမ်းကြောင်းကို ရွေးချယ်ပါက လူမှုအသိုင်းအဝိုင်း သဘောတူညီချက်တခုကို သဘောတူညီပြီး လက်မှတ်ရေးထိုးရသည်။

## အလုပ်တာဝန် - ဘဏ္ဍာရေး ပြဿနာဖြေရှင်းရေး ပုံမှန်အစည်းအဝေးများ ကျင်းပခြင်း

လူမှုအသိုင်းအဝိုင်းကော်မတီ၏ ဘဏ္ဍာရေး/ဆောက်လုပ်ရေး စောင့်ကြည့်ကြီးကြပ်ရေး လုပ်ငန်းစဉ် ပုံမှန်အစည်းအဝေးများ (ဥပမာ- ၂ လ တကြိမ်) ကို စီစဉ်ကျင်းပပြီး ဖြစ်နိုင်ပါက လုပ်ငန်းခွင်တွင် ပြုလုပ်ရန်ဖြစ်သည်။ ဤအစည်းအဝေးများသို့ ဘဏ္ဍာရေးဝန်ထမ်း နှင့် အင်ဂျင်နီယာတို့မှ တက်ရောက်သင့်ပြီး လူမှုအသိုင်းအဝိုင်း/သီးခြားအိမ်ထောင်စုများ ဆောက်လုပ်ရေးလုပ်ငန်းစဉ်တလျှောက်တွေ့ကြုံရသည့် အခက်အခဲ ပြဿနာများ၊ ဥပမာ- ပစ္စည်းပေးပို့ရာတွင်နောက်ကျခြင်း၊ ပစ္စည်းများ၏ စံသတ်မှတ်အရည်အသွေး၊ အစရှိသည် တို့ကို လိုအပ်သလို တွဲဖက်ကိုင်တွယ် ဖြေရှင်းနိုင်ရန်ဖြစ်သည်။ အဆိုပါအစည်းအဝေးကို လူမှုအသိုင်းအဝိုင်း၏အုပ်ချုပ်မှုခေါင်းဆောင်အဖွဲ့မှ ဦးဆောင်ပြုလုပ်ခြင်းဖြစ်သည်။ ဆောက်လုပ်ရေး စောင့်ကြည့်ကြီးကြပ်စစ်ဆေးခြင်း အဆင့် ၈ သို့ ထပ်မံလိုအပ်သော အသေးစိတ်အချက်အလက်များအတွက် ရည်ညွှန်းသည်။

မှတ်ချက်။ တွဲဖက်ပေးထားခြင်းသည် စီမံကိန်းဝန်ထမ်းအတွက် ကန်ထရိုက်နှင့် အလုပ်လုပ်ခြင်းထက် အချိန်ပိုမိုကုန်ပြီး၊ ကန်ထရိုက်သည် အိမ်ယာများဆောက်လုပ်ခြင်းအတွက်သာ အဓိက တာဝန်ရှိပြီး လူမှုအသိုင်းအဝိုင်းအတွက် မိသားစုအိမ်တခု ထူထောင်ပေးရန် စိတ်ဝင်စားမှုမရှိပေ။ သို့သော်လည်း၊ ယာယီခိုလှုံရာနေရာများတည်ဆောက်ပေးခြင်းသည် စီမံကိန်း၏ ရည်မှန်းချက် မဟုတ်ပေ။ ဤစီမံကိန်းသည်

လူမှုအသိုင်းအဝိုင်းဦးဆောင်သော လုပ်ငန်းစဉ် နှင့် လူမှုအသိုင်းအဝိုင်း နှင့် အိမ်ထောင်စုများ ၏ အခြေချနေထိုင်ရန် ကြိုးပမ်းအားထုတ်မှုများကို ဝိုင်းဝန်းပါဝင် ကူညီထောက်ပံ့ရန်အတွက် ဦးဆောင်ပံ့ပိုးပေးခြင်းဖြစ်သည်။

## အဆင့် ၈ - အိမ်နှင့် အခြေခံအဆောက်အအုံ (ရေ၊ မိလ္လာ နှင့် သန့်ရှင်းရေး) ဆောက်လုပ်ခြင်း နှင့် စောင့်ကြည့်ကြီးကြပ်ခြင်း

ဆောက်လုပ်ရေး၊ တိုးတက်မှုကို စောင့်ကြည့်ကြီးကြပ်ခြင်း နှင့် အရည်အသွေးထိန်းချုပ်ခြင်း တို့သည် ယခင် အဆင့် ၆ နှင့် နီးကပ်စွာ ဆက်စပ်လျက်ရှိပြီး၊ ဘဏ္ဍာငွေဖြည့်တင်းခြင်း၊ ငွေသား ခွဲဝေခြင်းနှင့်အတူ အဓိက ဆောက်လုပ်ရေးလုပ်ငန်း အရည်အသွေးထိန်းချုပ်ခြင်း လုပ်မည့် နေ့ရက်များ ကို သတ်မှတ်ပြီးဖြစ်သည်။ ဆောက်လုပ်ရေး ပစ္စည်းများ နှင့် လက်မှုလုပ်သားများကိုလည်း မှာယူ/ခေါ်ယူထားပြီးဖြစ်သည်။ ဆောက်လုပ်ရေးလုပ်ငန်းစတင်သည်နှင့် လူမှုအသိုင်းအဝိုင်း/သီးခြားအိမ်ထောင်စုများသည် ပထမအရစ် ငွေသားခွဲဝေပေးခြင်းကိုလက်ခံရန်၊ မြေကွက်များကို ပြင်ဆင်ထားပြီးဖြစ်ကာ၊ ပစ္စည်းများ မှာယူခြင်း၊ အရည်အသွေးရှိသော ဆောက်လုပ်ရေး၊ ဆောက်လုပ်ရေး စောင့်ကြည့်ကြီးကြပ်ခြင်း နှင့် ဆောက်လုပ်ရေး လုပ်ငန်းကာလအတွင်း ကျန်းမာရေး နှင့် ဘေးအန္တရာယ်ကင်းရှင်းရေး တို့အတွက် သင်ကြားလေ့ကျင့်ပေးပြီးဖြစ်သည်။

### အလုပ်တာဝန် - အရည်အသွေးပြည့်မှီစွာ ဆောက်လုပ်ခြင်း နှင့် ဆောက်လုပ်ရေး စောင့်ကြည့်ကြီးကြပ်ရေးသင်တန်း ပို့ချခြင်း

အရည်အသွေးပြည့်မှီသော ဆောက်လုပ်ရေးကို ဆက်စပ်နောက်ခံအကြောင်းအရာများအပေါ်မူတည်၍ နည်းလမ်းအများအပြားဖြင့် သရုပ်ပြနိုင်သည်။ လူမှုအသိုင်းအဝိုင်းသည် ဆောက်လုပ်ပြီးစီးပြီးဖြစ်သည့် အိမ်၊ အိမ်သာ၊ ရေချိုးရန်နေရာ/ရေပန်း ဆောက်လုပ်ရေးလုပ်ငန်းခွင် သို့မဟုတ် ဆောက်လုပ်ဆဲ လုပ်ငန်းခွင်သို့ အင်ဂျင်နီယာနှင့်အတူ သွားရောက်လေ့လာပြီး အရည်အသွေး နှင့် ဘေးအန္တရာယ်ကင်းသော ဆောက်လုပ်ရေးအကြောင်းကို သိနားလည်လာနိုင်သည်။

အခြားနည်းလမ်းအားဖြင့်၊ နည်းပညာအထောက်အကူပြုလက်စွဲစာအုပ်အတိုင်း နမူနာ ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် လိုက်နာလုပ်ဆောင်ခြင်းဖြစ်သည်။ ဤသည်မှာ မည်ကဲ့သို့ ဆောက်လုပ်ရသည် နှင့် အရည်အသွေးထိန်းချုပ်ရေးကို သဘောတူထားသည့် အဓိကအဆင့်များတွင် ရှင်းလင်းစွာ နှင့် ရိုးရှင်းလွယ်ကူစွာဖြင့် သရုပ်ပြကားချပ်များဖြင့် ပြသထားခြင်းဖြစ်သည်။ အဆိုပါလက်စွဲစာအုပ်သည် ဒေသသုံးဘာသာစကားဖြင့် ဖြစ်ရန်လိုအပ်သည်ဖြစ်ပြီး ရွှေ့ပြောင်းဆောက်လုပ်ရေးစီမံကိန်းမှ ဓါတ်ပုံများ၊ မှတ်စာများ၊ ဆွဲသားထားသည့်ပုံကြမ်းများ၊ သရုပ်ပြကားချပ်များ နှင့် ပုံစံကားချပ်များ ပါဝင်သည်။ ဤတွင် အဓိက စောင့်ကြည့်ကြီးကြပ်ရမည့် အဆင့်များကို မီးမောင်းထိုးပြထားရာ (ဥပမာ- အုတ်မြစ်မှ သစ်သားတိုင်အထိ

အဆက်များ) နှင့် ဂရုပြုရမည့် အဓိကအသေးစိတ် ခြင်း(ဥပမာ-ပစ္စည်းများကိုဆက်သည့်နေရာများ တွင် အသေအချာဆက်ထားခြင်း) တို့ပါဝင်သည်။

အလုပ်တာဝန် - လုပ်ငန်းတိုးတက်မှု နှင့် အရည်အသွေး စောင့်ကြည့်ကြီးကြပ်ခြင်းတို့ကို လုပ်ဆောင်ခြင်း

KMSS ကရုဏာ လူမှု စည်းလုံးညီညွတ်ရေး အသင်း၏ အင်ဂျင်နီယာ (များ) သည် လုပ်ငန်းခွင် ကြီးကြပ်ရေးမှူးများ နှင့် လူမှုအသိုင်းအဝိုင်း ကော်မတီ/သီးခြားအိမ်ထောင်စုများ နှင့်အတူ လုပ်ငန်းခွင်သို့ သဘောတူသတ်မှတ်ထားသည့် အချိန်ဇယားအတိုင်း သွားရောက်ပြီး ဆောက်လုပ်ရေးအရည်အသွေး နှင့် တိုးတက်မှုကို အင်ဂျင်နီယာ၏ အရည်အသွေး အကြံပြုမှတ်ချက်များ အရ နောက်တကြိမ် တစိတ်အပိုင်းငွေသားပေးချေမှု ကို ချပေးသည်။ KMSS ကရုဏာ လူမှု စည်းလုံးညီညွတ်ရေး အသင်း၏ ဘဏ္ဍာရေးဝန်ထမ်း မှ စစ်ဆေးခြင်းနှင့် ထိန်းညှိခြင်း အစီရင်ခံစာကို ရေးသားထုတ်ပြန်ပြီး လူမှုအသိုင်းအဝိုင်း ကော်မတီနှင့် နှစ်လတကြိမ်ကျင်းပသည့် ညှိနှိုင်းအစည်းအဝေးများတွင် ဆွေးနွေးကြသည်။ လုပ်ငန်းခွင် စောင့်ကြည့်ရေးတွင် အသုံးဝင်သည် မိုဘိုင်းလ် ဒေတာ စုဆောင်းရေး ကိရိယာ (လက်ဆွဲ အချက်အလက်စုဆောင်းရေး ကိရိယာ) များမှာ - KoBo or Commcare https://www.dimagi.com/commcare/. တို့ဖြစ်သည်။

ဆောက်လုပ်ရေးလုပ်ငန်းများ ပြီးစီးရန် တဖြည်းဖြည်း နီးကပ်လာချိန်တွင် သက်သာသွားသည့် ငွေကျေးများကို ခန့်မှန်းတွက်ချက်နိုင်ပြီး လူမှုအသိုင်းအဝိုင်း/သီးခြားအိမ်ထောင်စုများ သည် ၎င်းအပိုထွက်လာသည့်ငွေကြေးများကို မည်သို့အသုံးပြုမည်ဆိုသည့် အစီအစဉ်ကို ရေးဆွဲရန်လိုအပ်ပြီး၊ ဥပမာ အနာဂတ် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများအတွက် ကနဦးအရင်းအနှီး၊ စသည်တို့ဖြစ်သည်။ နောက်ဆက်တွဲ ၁၀ အရည်အသွေး စောင့်ကြည့်ကြီးကြပ်ရေး စစ်ဆေးရန်အချက်အလက်များစာရင်းသို့ ညွှန်းဆိုသည်။

## အဆင့် ၉ - ရပ်ပိုင်းဆိုင်ရာ ဝန်ဆောင်မှု အခြေခံအဆောက်အအုံ/ကွန်ယက်များနှင့် ချိတ်ဆက်ခြင်း

အိမ်များကို လျှပ်စစ်မီး၊ ရေ၊ မိလ္လာ နှင့် အစိုင်အခဲစွန့်ပစ်အမှိုက် စီမံအုပ်ချုပ်မှု အခြေခံအဆောက်အအုံများ သို့ ချိတ်ဆက်ခြင်း၊ နှင့်အတူ ဖြစ်နိုင်ပါက Wifi ဝိုင်ဖိုင် (ရှိပါက) သည် လုံခြုံရေး၊ သီးသန့်အနေ့င်အယှက်ကင်းဝေးစွာ နေထိုင်နိုင်ရေး၊ နှင့် ကျန်းမာစွာနေထိုင်နိုင်သော ပတ်ဝန်းကျင် နှင့် အသက်မွေးဝမ်းကြောင်း လုပ်ငန်းများအတွက် မုချလိုအပ်သည်။ ဤသည်တို့သည် အထူးသဖြင့် မြို့ပြ ဆက်စပ်နောက်ခံအခြေအနေ နှင့် ပြဌာန်းဥပဒေအရ လိုအပ်ချက်ကြောင့်လည်း အရေးကြီးသည်။

အဓိကစဉ်းစားရမည်များမှာ ဆက်ကြောင်းများချိတ်ဆက်တည်ထောင်ရန် ငွေကြေးတတ်နိုင်မှု နှင့် ချိတ်ဆက်ရန်လက်လှမ်းမှီ နိုင်ခြင်း နှင့်အတူ အသုံးပြုရာတွင်ကုန်ကျစရိတ်၊ ဥပမာ- လျှပ်စစ်၊ မိလ္လာရေဆိုးစုတ်ထုတ်ခြင်း၊ ရေဘိုးပြေစာ၊ အခြား...တို့ဖြစ်သည်။ အိမ်သုံးဝန်ဆောင်မှုများ သို့

ချိတ်ဆက်သွယ်တန်းခြင်းများ သည် ဌာနဆိုင်ရာ ဗြူရိုကရေစီ လုပ်ငန်းစဉ်များကြောင့် အချိန်ကြာမြင့်နိုင်ပြီး အိမ်နီးခြင်း အိမ်ထောင်စုများအတွက်လည်း တူညီသော စိန်ခေါ်မှု ဖြစ်နေနိုင်ကာ၊ အိမ်နီးချင်းအိမ်ထောင်စုများ/ကျေးရွာ လူထု နှင့်အတူတွဲ၍ ကိုင်တွယ်ဖြေရှင်းနိုင်မည့် အခွင့်အလမ်းလည်း ဖြစ်လာနိုင်သည်။ အခြားနည်းလမ်းအားဖြင့် စွမ်းအင် မဟာဗျူဟာများကို စူးစမ်းရှာဖွေကာ ကျေးရွာစီမံကိန်းတခုအဖြစ် ပြန်လည်ပြည့်မြဲစွမ်းအင် ထုတ်လုပ်ခြင်း နှင့် ဖြန့်ဖြူးပေးဝေခြင်း တို့အတွက်ကိုလည်း ကမကထပြုဆောင်ရွက်နိုင်သည်။ QSAND သဘာဝဘေးအန္တရာယ်အလွန် နောက်ဆက်တွဲ ရေရှည်တည်တံ့နိုင်စွမ်း တိုင်းတာခြင်း QSAND SET 04 - အခြေခံအဆောက်အအုံ- နှင့် QSAND ENE 01- စွမ်းအင်- အထွေထွေ လမ်းညွှန်ချက် သို့ရည်ညွှန်းသည်။

## အလုပ်တာဝန် - အိမ်သုံးဝန်ဆောင်မှုများ အတွက် ဘတ်ဂျက် အစီအစဉ် ရေးဆွဲခြင်း

<u>လမ်းကြောင်း ၁ နှင့် ၂- လူမှုအသိုင်းအဝိုင်း လမ်းကြောင်း နှင့် ၂ မျိုးစပ် လမ်းကြောင်း-</u> သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုပ်ငန်းခွင် နှင့် ဆက်စပ်နောက်ခံအကြောင်းအရာများ အကဲဖြတ်ခြင်းများမှ ရရှိသည့် အသိပညာ ပေါ်အခြေ ပြုပြီး - အဆင့် ၄ - အကယ်၍ အိမ်သုံး ဝန်ဆောင်မှုများသို့ ဆက်သွယ်ခြင်း သည် ဖြစ်နိုင်ခြေရှိခြင်း နှင့် အမှန်တကယ် လက်တွေ့ရယူနိုင်ခြင်း နှင့် ငွေကြေးအရ တတ်နိုင်ပါက- (ဥပမာ- တပ်ဆင်ခြင်း၊ လည်ပတ်ခြင်း နှင့် ပြုပြင် ထိန်းသိမ်းစရိတ်များ) လူမှုအသိုင်းအဝိုင်း ကော်မတီမှ သဘောတူရမည်။ လူမှုအသိုင်းအဝိုင်းကို အားပေးရန်မှာ အများသုံး ဝန်ဆောင်မှုများအတွက် ကုန်ကျစရိတ်ကို မည်ကဲ့သို့ ကျခံမည်နည်း နှင့် မည်သူက တာဝန်ယူ/ အခရာ ဆက်သွယ်ရန် ဆုံမှတ်အဖြစ် လုပ်ဆောင်ကြမည်ကို သဘောတူညီကြရန်ဖြစ်သည်။ ဤသည်တွင် ပါဝင်သည်မှာ အများသုံးလျှပ်စစ်မီး၊ ရေစက်များအတွက် လျှပ်စစ်ဓါတ်အား၊ မီးစက်များအတွက် စက်သုံးဆီ၊ မိလ္လာ ရေဆိုး စုတ်ထုတ်ခြင်း… စသည်တို့ဖြစ်သည်။

<u>လမ်းကြောင်း ၃</u>- သီးခြားအိမ်ထောင်စု - သီးခြားအိမ်ထောင်စု သို့ အကူအညီပေးရန် (လူမှုအသိုင်းအဝိုင်း၏ ရွေ့လျားဆက်သွယ်ရေးဆုံမှတ် မှတဆင့်) အိမ်သုံးဝန်ဆောင်မှု ချိတ်ဆက်ရေးများ ပြုလုပ်ရန် နှင့် အိမ်ထောင်စု၏ ဝန်ဆောင်မှုများ အသုံးစရိတ် အစီအစဉ်ကို ရေးဆွဲရန်အတွက် ကူညီရန်ဖြစ်သည်။

## အလုပ်တာဝန် - ရပ်ဝန်းထုပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံ ကွန်ယက်များနှင့် ချိတ်ဆက်ခြင်း

ကျေးရွာ/အိမ်နီးချင်း များနှင့် ညှိနှိုင်းဆွေးနွေးပြီး အိမ်သုံးဝန်ဆောင်မှုများ ချိတ်ဆက်ခြင်းကို အကယ်၍ ဖြစ်နိုင်ခြေရှိလျှင် နှင့် ငွေကြေးအရတတ်နိုင်လျှင် လိုအပ်သော စာရွက်စာတမ်းများ ရရှိနိုင်စေရန် လူမှုအသိုင်းအဝိုင်း ကော်မတီသို့ အထောက်အကူပြုရန်ဖြစ်သည်။ အကယ်၍ လျှပ်စစ်မီး ဓါတ်အားလိုင်းသို့ ချိတ်ဆက်ရန် မဖြစ်နိုင်ပါက၊ လူမှုအသိုင်းအဝိုင်း ကော်မတီ နှင့် အိမ်နီးချင်းများကို အထူးပြု လူမှုအသိုင်းအဝိုင်းအခြေပြု အဖွဲ့အစည်းများ/အစိုးရမဟုတ်သော အဖွဲ့အစည်းများ/သို့မဟုတ် အစိုးရပိုင်းဆိုင်ရာ အထောက်အပံ့များ သို့ ကူညီချိတ်ဆက်ပေးပြီး အခြားနည်းလမ်းတလမ်းဖြင့် အဖြေရှာရန်ဖြစ်သည်။ ယခင် စီမံကိန်းများတွင်၊ အိမ်ထောင်စု

များသည်၊ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများ ဝယ်ယူတပ်ဆင်ပြီး ၎င်းတို့ အိမ်ထောင်စု လျှပ်စစ်မီး လိုအပ်ချက်များကို ဖြည့်တင်းကြသည်။

### အလုပ်တာဝန် - လူမှုအသိုင်းအဝိုင်း အခြေပြု စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲခြင်း

လူမှုအသိုင်းအဝိုင်းအခြေပြု သဘာဝအရင်းအမြစ်များ စီမံအုပ်ချုပ်မှု (CBNRM)၏ အစိတ်အပိုင်းတခုအဖြစ် လူမှုအသိုင်းအဝိုင်းအခြေပြု စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲခြင်း စိတ်ကူးအကြံဥာဏ်များ နှင့် နမူနာပုံစံများကို လူမှုအသိုင်းအဝိုင်း သို့ မိတ်ဆက်ပေးရန်ဖြစ်သည်။ အထိန်းအကွပ်မဲ့ စွန့်ပစ်ပစ္စည်း စုပုံထားမှုကြောင့် ကျန်းမာရေးထိခိုက်နိုင်မှုအကြောင်း သတင်းအချက်အလက်မျှဝေခြင်းနှင့် အသိအမြင်မြှင့်တင်ပေးခြင်းတို့ပြုလုပ်ပါ။ ဆောက်လုပ်ရေးလုပ်ငန်းဘေးထွက်စွန့်ပစ်အမှိုက်များ နှင့် အိမ်ထောင်စုနှင့် အသက်မွေးဝမ်းကြောင်းအလုပ်များမှ အစိုင်အခဲစွန့်ပစ်အမှိုက်များကို လူမှုအသိုင်းအဝိုင်းမှ အရေးထားစီမံလုပ်ဆောင်ခြင်းအစီအစဉ်ကို လူမှု အသိုင်း အဝိုင်း၏ ညွှန်ကြားချက်များ၏အစိတ်အပိုင်း အဖြစ် ဦးဆောင်ရေးသားထုတ်ပြန်ပါ။ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှု နှင့် အိမ်နီးချင်း အကြား အငြင်းပွားမှု ဖြစ်ပေါ်လာနိုင်ခြင်းကို လျော့ချရန်-

QSAND သဘာဝဘေးအန္တရာယ်အလွန် နောက်ဆက်တွဲ ရေရှည်တည်တံ့နိုင်စွမ်း တိုင်းတာခြင်း အဆင့် ၁၂ - QSAND- MW05 စွန့်ပစ်အမှိုက်များ စီမံခန့်ခွဲမှု နှင့် လူမှုအသိုင်းအဝိုင်း လက်စွဲစာအုပ် - အစိုင်အခဲစွန့်ပစ်အမှိုက် စီမံခန့်ခွဲမှု သို့ရည်ညွှန်းသည်။

## အဆင့် ၁၀ - လူမှုရေး ဝန်ဆောင်မှုစနစ်များ/အထောက်အပံ့များ ရရှိ အသုံးပြုနိုင်စေခြင်း

လူမှုရေးဝန်ဆောင်မှုများ ရရှိ အသုံးပြုနိုင်စေခြင်းသည် ရွှေ့ပြောင်းစီမံကိန်း၏ ပြည်တွင်းနေရပ်စွန့်ခွာပြည်သူများအတွက် အခြေခံလိုအပ်ချက်ဖြစ်ပြီး ပေါင်းစည်းခြင်းနှင့် ရည်ရှည်တည်တံ့သော အခြေချနေထိုင်နိုင်ခြင်းအတွက် ဖြေရှင်းနိုင်ခြင်းမရှိလျှင် အိမ်နီးချင်း/ကျေးရွာလူမှုအသိုင်းအဝိုင်း နှင့် အဆင့်အတန်းညီတူ အသက်မွေးဝမ်းကြောင်းမှုအခွင့်အလမ်းများ၊ ပညာရေး၊ ကျန်းမာရေး နှင့် ဥပဒေ/အုပ်ချုပ်ရေးဆိုင်ရာ၏ဝန်ဆောင်မှုများ ကို လက်လှမ်းမှီ ရရှိနိုင်ရန်အတွက် မဖြစ်နိုင်ဟုဆိုထားသည်။ အမှန်တကယ်အားဖြင့် ခလေးသူငယ်များ၏ ကျောင်းပညာရေး နှင့် ဤအတွက် မျှော်လင့်ချက်များသည် ရွှေ့ပြောင်းစီမံကိန်း၏ ပြည်တွင်းနေရပ်စွန့်ခွာ လူမှုအသိုင်းအဝိုင်းအတွက် အရေးအကြီးဆုံးကဏ္ဍအဖြစ်၊ အသက်မွေးဝမ်းကြောင်းအခွင့်အလမ်းများနှင့် တန်းတူ အရေးကြီးသည်ဟု အတိအကျ ထုတ်ဖေါ်ပြောဆိုခဲ့ကြသည်။ အဆိုပါအုပ်စု၏ အခြေချနေထိုင်ရန် နေရာကို ရွေးချယ်ရာတွင် ပညာရေး-ကျောင်းများ နှင့် မြို့ပေါ်ရှိ အလယ်တန်းပညာသင်ကျောင်း နှင့် နီးကပ်၍ အလှမ်းမှီနိုင်ခြင်းအပေါ်တွင်မူတည်သည့်နည်းတူ မြို့ပေါ်တွင် စိုက်ပျိုးရေး နှင့် သက်ဆိုင်သော

အသက်မွေးဝမ်းကြောင်း အလုပ်အကိုင် အခွင့်အလမ်း နှင့်အခြား (ဥပမာ-ဆောက်လုပ်ရေးလုပ်ငန်း) တို့သည်လည်း ဆုံးဖြတ်ချက်ချရာတွင် ပါဝင်ထည့်သွင်းစဉ်းစားသည်များဖြစ်သည်။

### အလုပ်တာဝန်- ဝန်ဆောင်မှုပေးသူများ နှင့် ရရှိနိုင်သော အကူအညီ အထောက်အပံ့များ ၏ သတင်းအချက်အလက်များကို မျှဝေခြင်း

လူမှုအသိုင်းအဝိုင်းအဖွဲ့၏ လူမှုဆက်ဆံရေး ဆုံမှတ် မှ ပြည်တွင်းနေရပ်စွန့်ခွာပြည်သူများအတွက် အစိုးရ၊ လူသားချင်းစာနာထောက်ထားမှု နှင့် ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ- UNHCR ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး, WFP ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်, KMSS return package KMSS ကရုဏာ လူမှု စည်းလုံးညီညွတ်ရေး အသင်း၏ နေရပ်ပြန်များအတွက် အစီအစဉ်) တို့မှ ဝန်ဆောင်မှုပေးသူများ၊ အရည်အချင်းပြည့်မီရန် သတ်မှတ်မှုနှင့်စံနှုန်းများ နှင့် ရရှိနိုင်သော အကူအညီအထောက်အပံ့အစီအစဉ်များ၏ သတင်းအချက်အလက်များကို မျှဝေပေးရန်ဖြစ်သည်။ ဤသတင်းအချက်များကို လူမှုရေး/ယဉ်ကျေးမှု ဝန်ဆောင်မှုများ စာရင်းဇယားပြုစုခြင်း အဆင့် ၄ တွင် ပြုစုနိုင်သည်။

### အလုပ်တာဝန် - လူမှုရေးဝန်ဆောင်မှုပေးသူများနှင့် အကူအညီအထောက်အပံ့များသို့ မိတ်ဆက်ထောက်ခံပေးသည့် လမ်းကြောင်းများကို တည်ထောင်ခြင်း/ပိုမိုအားကောင်းအောင်ပြုလုပ်ခြင်း

<u>လမ်းကြောင်း ၁ နှင့် ၂ - လူမှုအသိုင်းအဝိုင်းလမ်းကြောင်း နှင့် ၂ မျိုးစပ်လမ်းကြောင်း-</u> လူမှုအသိုင်းအဝိုင်းကော်မတီ နှင့် လူမှုဆက်ဆံရေးဆုံမှတ် မှပြုလုပ်သော လူမှုရေး/ယဉ်ကျေးမှုလုပ်ငန်းများ စာရင်းဇယားဆွဲခြင်း (3 Ws) အားဖြင့် ဝန်ဆောင်မှုပေးသူများ နှင့် မိတ်ဆက်ထောက်ခံပေးသည့်လမ်းကြောင်းများ ထူထောင်ရန်ဖြစ်သည်။ လူမှုအသိုင်းအဝိုင်း၏ ဆက်ဆံရေးဆုံမှတ် မှ လူမှုအသိုင်းအဝိုင်းကော်မတီ နှင့် အိမ်ထောင်စုများအတွက် ဆက်စပ်သက်ဆိုင်သည့် စာရွက်စာတမ်းများစုဆောင်းပေးခြင်း၊ တွေ့ဆုံဆွေးနွေးနိုင်ရန်စီစဉ်ပေးခြင်း နှင့် နောက်ဆက်တွဲစုံစမ်းမှုများတွင် အကူအညီပေးရန်ဖြစ်သည်။

